# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ဒုတိယဝါဆိုလဆန်း (၉) ရက်၊ ဗုဒ္ဓဟူးနေ့ ၊ (26-7-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၈၈၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စုဒ္ဒသမအစည်းအဝေး ဒုတိယနေ့ကျင်းပ

စာမျက်နှာ - ၁၇

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ် H.E. Mr. Vyacheslav Lebedev ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ် **H.E. Mr. Vyacheslav Lebedev** ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးဆိုင်ရာတိုးတက်ကောင်းမွန်မှုအခြေအနေများ၊ ဥပဒေရေးရာကိစ္စရပ်များနှင့်တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ် H.E. Mr. Vyacheslav Lebedev ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ ရုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။**




ရတနာပုံ
၂၀၂၃ ခုနှစ် ဇူလိုင် ၂၆ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အခြေခံပညာရည်မြှင့်တင်ပေး

နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် လူသားအရင်းအမြစ်သည် အဓိကဖြစ်သည်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍကို တိုးတက်အောင် မြှင့်တင်ကြရမည်ဖြစ်သကဲ့သို့ ပညာတတ်များဖြင့်သာ နိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံပညာရည်မြင့်မားရေးသည် အဓိကအရေးကြီးသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြောင်းလဲလာသည့်ခေတ်အခြေအနေအရ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်များကြောင့် ကျောင်းနေအရွယ်ကလေးတိုင်း KG+9 ပြီးသည်ထိ ပညာသင်ကြားနိုင်ရန် ပညာရေးကဏ္ဍကို မြှင့်တင်ပေးလျက်ရှိသည်။ ပညာသင်ယူရမည့်အရွယ်အားလုံး ပညာသင်ယူခွင့်ရရှိစေရေးနှင့် အခြေခံပညာအလယ်တန်းအဆင့် KG+9 ထိ မသင်မနေရ ပညာရေးစနစ်သည် နိုင်ငံတော်အစိုးရ၏ ပညာရေးရည်မှန်းချက်ဖြစ်သည်။ အနည်းဆုံး KG+9 အဆင့်ပြီးမြောက်မှသာ အခြေခံရသွားမည်ဖြစ်ပြီး အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းများကို ဆက်လက်တက်ရောက်နိုင်မည်ဖြစ်သည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသား၊ ကျောင်းသူများကို သင်ရိုးညွှန်းတမ်းစာအုပ်များ အခမဲ့ထုတ်ပေးပြီး ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များကို အခမဲ့ပေးအပ်ခဲ့သည်။ ထို့ပြင် သင်ထောက်ကူပစ္စည်းများကိုလည်း ပံ့ပိုးပေးလျက်ရှိသည်။ နိုင်ငံတော်မှ ပညာရည်မြင့်မားရေးအတွက် အားပေးဆောင်ရွက်နေခြင်းမှာ တစ်ဦးတစ်ယောက်ချင်းစီတိုင်းကို ကိုယ့်အားကိုယ်ကိုး၍ မိမိအစွမ်းအစဖြင့် ဘဝတစ်လျှောက်လုံးရပ်တည်နိုင်ရေးအတွက်ပင်ဖြစ်သည်။

ယနေ့ ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်များအနေဖြင့် မိမိတို့၏ပညာကိုအခြေခံ၍ ဆင်ခြင်တုံတရား အမှား၊ အမှန်ခွဲခြားနိုင်စွမ်းရှိသည့် ဉာဏ်ပညာပြည့်ဝနေရန် လိုအပ်လှပေသည်။ လက်ရှိကာလတွင် လူငယ်မောင်မယ်တို့အတွက် အကြီးမားဆုံးအန္တရာယ်မှာ လွဲမှားသောအတွေးအမြင်များ သွတ်သွင်းခံရခြင်းဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများသည် နိုင်ငံတော်အတွက် အားထားရမည့်တက်လူများဖြစ်သည်။ စာသင်ကျောင်းများသည် ကျောင်းသား၊ ကျောင်းသူများ၏ ဘဝခရီးလမ်းတိုးတက်ဖြောင့်တန်းရေးအတွက် သွန်သင်ဆုံးမနည်းလမ်းပြရာ နေရာကောင်းဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် 'ယနေ့လူငယ်၊ နောင်ဝယ်လူကြီး'ဆိုသည့်စကားအတိုင်း နိုင်ငံ့တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြမည့်သူများဖြစ်ရာ ပညာထူးချွန်သော လူတော်လူကောင်းများဖြစ်လာစေရေး၊ ဘက်စုံထူးချွန်သူများဖြစ်လာစေရေး၊ အစဉ်ကြိုးပမ်းသွားကြရမည်ဖြစ်သည်။ အဆင့်အတန်းမြင့်မားသည့် ပညာရပ်များကို ကြိုးစားသင်ယူပြီး မိမိအကျိုး၊ မိသားစုအကျိုး၊ နိုင်ငံတော်အကျိုး သယ်ပိုးနိုင်သည့် ထူးချွန်ထက်မြက်သော လူငယ်များဖြစ်လာကြစေရန် အခြေခံပညာရေးကို ကြိုးစားသင်ယူကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သောကြောင့် ကျောင်းသား၊ ကျောင်းသူတိုင်း ပညာပြည့်ဝကာ နိုင်ငံတော်ကအားထားရသည့် သားကောင်း၊ သမီးကောင်းရတနာများဖြစ်လာစေရန် အခြေခံပညာရေးကို မြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# MNA လေကြောင်းလိုင်းဖြင့် မန္တလေးမှ မြစ်ကြီးနား၊ တာချီလိတ်နှင့် အခြားမြို့များသို့ လိုက်ပါစီးနင်းသူ တစ်ရက်လျှင် ဦးရေ ၃၀၀ ကျော်ရှိ



**မန္တလေး ဇူလိုင် ၂၅**

မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ဖြင့် မန္တလေးမြို့မှ မြစ်ကြီးနား၊ တာချီလိတ်နှင့် အခြားမြို့များသို့ ဇူလိုင်လ တတိယပတ်မှစ၍ လိုက်ပါစီးနင်းသူ တစ်ရက်လျှင် ဦးရေ ၃၀၀ ကျော်ရှိလာကြောင်း မြန်မာအမျိုးသားလေကြောင်းလိုင်း(မန္တလေး) မန်နေဂျာ ဦးအောင်မင်းဆွေက ပြောပြ၍ သိရသည်။

MNA လေကြောင်းလိုင်းအနေဖြင့် မန္တလေးမြို့မှ ဗန်းမော်၊ မြစ်ကြီးနား၊ တာချီလိတ်၊ ကျိုင်းတုံ၊ ကလေး စသည့်မြို့များသို့ ခရီးသည် တင်ဆောင်ပြေးဆွဲရာတွင် ဇူလိုင်လ တတိယပတ်မှစ၍ ခရီးသည်လိုက်ပါစီးနင်းမှု ပြန်များလာကြောင်း သိရသည်။

"MNA လေကြောင်းလိုင်းအနေနဲ့ မန္တလေးမြို့ကနေ အခြားမြို့ကြီးတွေကို ပျံသန်းပြေးဆွဲတဲ့အခါ အရင်က ခရီးသည်လိုက်ပါစီးနင်းမှုက တော်တော်လေးနည်းတယ်။ အခု မန္တလေးကနေ အခြားမြို့တွေကို အလုပ်ကိစ္စတွေအပြင် အလည်အပတ်သွားဖို့ MNA လေကြောင်းလိုင်းနဲ့ လိုက်ပါစီးနင်းတဲ့ခရီးသည်ဦးရေက ပြန်များလာပါတယ်"ဟု ဦးအောင်မင်းဆွေက ပြောပြသည်။

MNA လေကြောင်းလိုင်းဖြင့် မန္တလေးမြို့မှ ဗန်းမော်၊ မြစ်ကြီးနား၊ တာချီလိတ်၊ ကျိုင်းတုံ၊ ကလေး စသည့်မြို့များသို့ လိုက်ပါစီးနင်းသည့်ခရီးသည်ဦးရေမှာ ဇူလိုင်လ ဒုတိယပတ်က တစ်ရက်လျှင် ဦးရေ ၂၀၀ ကျော်သာ ရှိခဲ့သော်လည်း ဇူလိုင်လ တတိယပတ်မှစ၍ MNA လေကြောင်းလိုင်းဖြင့် လိုက်ပါစီးနင်းသည့် ခရီးသည်ဦးရေမှာ တစ်ရက်လျှင် ဦးရေ ၃၀၀ ကျော်ရှိလာကြောင်း သိရသည်။

မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တာချီလိတ်၊ ကျိုင်းတုံ၊ ကလေး၊ နေပြည်တော်၊ ရန်ကုန်၊ မြစ်ကြီးနား၊ ပူတာအို စသည့်မြို့များသို့ လူဦးရေ ၁၆၄ ဦးဆံ့ Boeing-737 လေယာဉ်အမျိုးအစား လေးစင်း၊ လူဦးရေ ၁၀၀ ဆံ့ Embraer လေယာဉ်အမျိုးအစား နှစ်စင်း၊ လူဦးရေ ၇၀ ဆံ့ ATR လေယာဉ်အမျိုးအစား ကိုးစင်းဖြင့် ခရီးစဉ်များကို ဖြန့်ကြက်ပြေးဆွဲပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# လာမည့်သရက်ရာသီတွင် တရုတ်နိုင်ငံသို့ သရက်သီးတင်ပို့လိုသူများ GACC လက်မှတ် လျှောက်ထားနိုင်

**မန္တလေး ဇူလိုင် ၂၅**

လာမည့် သရက်ရာသီတွင် တရုတ်နိုင်ငံသို့ သရက်သီးတင်ပို့လိုသူများအနေဖြင့် GACC (General Administration of Customs China) လက်မှတ် လျှောက်ထားနိုင်ကြောင်း မြန်မာသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး) အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြ၍ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း သရက်ခြံပိုင်ရှင်များ၊ တင်ပို့ရောင်းချသူများ၊ သရက်စိုက်ပျိုးသူများအနေဖြင့် တရုတ်နိုင်ငံသို့ သရက်သီးတင်ပို့မည်ဆိုပါက GACC လက်မှတ်ပါမှသာ တင်ပို့ရောင်းချခွင့်ပြုမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သရက်သီးတင်ပို့မည့်သူများအနေဖြင့် GACC လက်မှတ်ရရှိရန် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနသို့ ဇူလိုင် ၂၆ ရက် နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်ကြောင်း၊ လျှောက်ထားရာတွင် တင်ပို့သူအမည်၊ ခြံအမည်၊ ခြံလိပ်စာ၊ စိုက်ဧက၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ Email၊ Gmail စသည်တို့ကို ဖြည့်သွင်းလျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

"တရုတ်နိုင်ငံကို နောက်နှစ်တွေမှာ သရက်သီးတင်ပို့တော့မယ်ဆိုရင် GACC လက်မှတ် လျှောက်ထားရမှာပါ။ ဇူလိုင် ၂၆ ရက် နောက်ဆုံးထားလျှောက်ရမှာပါ။ ဒါတွေလုပ်ပြီးမှ တရုတ်နိုင်ငံကို တင်ပို့လို့ရမှာပါ။ သရက်သီးတင်ပို့မဲ့သူတွေအနေနဲ့ GACC လက်မှတ်ရမှသာ တရုတ်နိုင်ငံက အသိအမှတ်ပြုမှာပါ။ ဒီလျှောက်လွှာကို တစ်ယောက်ချင်းလဲ လျှောက်လို့ရတယ်။ အစုအဖွဲ့ပြုလုပ်ပြီးတော့လဲ လျှောက်လို့ရတယ်။ အသင်းနဲ့လဲချိတ်ဆက်လျှောက်လို့ရတယ်။ Website အနေနဲ့ WWW.GOA.GOV.MM/GOA ကနေ လျှောက်လို့လဲရတယ်။ စာရွက်တွေကို ppt.goa.gov.mm မှာ Download ယူလို့ရပါတယ်။ Gmail အနေနဲ့ gacc contact-person @ gmail. com ကလဲ ဖြည့်စွက်လျှောက်ထားလို့ရပါတယ်"ဟု ဦးကျော်စိုးနိုင်က ပြောပြသည်။

အဆိုပါ GACC လက်မှတ်ရရှိစေရန် သီးနှံရှစ်မျိုးကို လျှောက်ထားရမည်ဖြစ်ကြောင်း၊ အဆိုပါ သီးနှံရှစ်မျိုးမှာ သရက်သီး၊ လျှောက်သီး၊ မင်းကွတ်သီး၊ လိုက်ချီးသီး၊ ကုလားဆီးသီး၊ သခွားမွှေးသီး၊ ကြက်မောက်သီး၊ ဖရဲသီးတို့ဖြစ်ကြောင်း သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်တွင် ပဲယဉ်း(နီ) အရောင်းအဝယ်ကောင်းပြီး သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၀ ပေါက်ဈေးရှိလာ

**မန္တလေး ဇူလိုင် ၂၅**

မန္တလေးဈေးကွက်တွင် ပဲယဉ်း(နီ) အရောင်းအဝယ်ကောင်းပြီး သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ ပဲယဉ်း(နီ)ကို မန္တလေးဈေးကွက်အတွင်း ဝယ်ယူမှုများပြားလာကြောင်း၊ လတ်တလောတွင် ပဲယဉ်း(နီ) အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ဈေးကောင်းရရှိလာကြောင်း သိရသည်။

"အခုလက်ရှိ ပဲယဉ်း(နီ)တွေ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာပါတယ်။ ပြည်ပနိုင်ငံဘက်ကို ပဲယဉ်း(နီ)တင်ပို့မှုတွေလဲ အနည်းငယ်ရှိပါတယ်။ လတ်တလော ပြည်တွင်းမှာ ဝယ်ယူမှုများတာကြောင့် ဈေးကောင်းပြန်ပြီးရလာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ဇူလိုင်လ ပထမပတ်အတွင်းက ပဲယဉ်း(နီ) ဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၆၀၀၀ သာ ရှိခဲ့သော်လည်း ယနေ့တွင် ပဲယဉ်း(နီ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"မန္တလေးကုန်စည်ဒိုင်အတွင်းမှာ ပဲယဉ်း(နီ)အရောင်းအဝယ်လုပ်တဲ့ကုန်သည်တွေ လတ်တလော ပြန်ပြီးများလာတယ်။ ပဲယဉ်းအပြင် အချို့ကုန်စည်တွေကိုလဲ ဝယ်ယူတာတွေရှိတယ်။ အခုကတော့ ပဲယဉ်း(နီ)က အဝယ်လိုက်နေတာကြောင့် ဈေးကောင်းပြန်ရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အမရပူရမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**အမရပူရ ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်မည့် ဒေါင်းရွှေကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ရန်ပုံငွေကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက အမှာစကား ပြောကြားသည်။

ထို့နောက် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းခြင်း၊ ကော်မတီဖွဲ့စည်းခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများက ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါဒေါင်းရွှေကျေးရွာတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာ၏ ပကတိလိုအပ်ချက်များကိုဖော်ထုတ်ပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်ခင်စန်းဦးထံမှ သိရသည်။ **သုသု**

# ကော့ကရိတ်မြို့နယ်၌ ကုန်ထုတ်လမ်းဖောက်နေမှု စစ်ဆေး

**ကော့ကရိတ် ဇူလိုင် ၂၅**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ်၌ ကော့ကသောင်-ချောင်းဖျား ကျေးရွာ ကုန်ထုတ်လမ်း၊ တံတားဖောက်လုပ်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဆားဒေါက်ဖော့နှင့် ဝန်ထမ်းများက ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ကော့ကသောင်-ချောင်းဖျားကျေးရွာ၌ ကုန်ထုတ်လမ်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြားခဲ့သည်။

ကော့ကသောင်-ချောင်းဖျား ကျေးရွာ ကုန်ထုတ်လမ်း အရှည်ပေ ၅၂၈၀၊ အကျယ် ၁၂ ပေ၊ မြေသားအမြင့် တစ်ပေ၊ ဂဝံအမြင့်ကိုးလက်မ ခင်းခြင်း၊ အလျားပေ ၂၀၊ အနံ ၁၄ ပေ၊ အမြင့် ၁၀ ပေရှိ ကွန်ကရစ်တံတားတည်ဆောက်ခြင်း၊ အလျား ၂၄ ပေ၊ အနံ ၄ပေ၊ အမြင့်၄ပေရှိ RC Box Culvert သုံးစင်းတည်ဆောက်ခြင်းနှင့် Pipe Cul-vert ခြောက်စင်းတည်ဆောက်ခြင်းလုပ်ငန်းတို့ကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၁၈၃ ဒသမ ၁ သန်းဖြင့် တင်ဒါအောင်မြင်သော ကုမ္ပဏီများက တာဝန်ယူ၍ ဇွန်လ ပထမပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအချိန်တွင် ၆၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သုတ**

# ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၇၇၃၄ ကေစိုက်ပျိုးပြီးစီး



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ကသာ ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၇၃၆၀၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၇၃၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်အလိုက် မိုးစပါးစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် ၆၀၅၃ ဧကနှင့် ထီးချိုင့်မြို့နယ်တွင် ၁၆၈၁ ဧကတို့ဖြစ်ကြောင်း၊ မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ဧက ၃၈၅၀၀၊ အင်းတော်မြို့နယ်တွင် ဧက ၅၅၉၈၀၊ ထီးချိုင့်မြို့နယ်တွင် ၄၀၂၇၁ ဧကနှင့်ဗန်းမောက်မြို့နယ်တွင် ၃၈၈၅၇ ဧကတို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကသာခရိုင်မှာ မိုးစပါးဧက ၁၇၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားတယ်။ လက်ရှိအချိန်ထိ ဧက ၇၀၀၀ ကျော်စိုက်ပျိုးပြီးနေပြီ။ မိုးစပါးသီးနှံဧက လျာထားချက်ပြည့်မီအောင်တော့ စိုက်ပျိုးသွားမှာပါ။ မိုးစပါးစိုက်ပျိုးမှုကတော့ ပုံမှန်ပါပဲ။ အထွက်ကောင်းမွန်ပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ကသာခရိုင်တွင် ယခင်နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ မိုးစပါး ၁၇၃၆၁၅ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

မိုးစပါးသီးနှံ စိုက်ပျိုးရာတွင် ဆင်းကေရီ-၃၊ မှော်ဘီ၊ ရောမင်း၊ ကောက်ညှင်း၊ ရွှေဘို-၁၊ ပုလဲသွယ်၊ ဗီယက်နမ်မျိုးစပါးများကို စိုက်ပျိုးကြပြီး ဆင်းကေရီ-၃ ကို အဓိကထားစိုက်ပျိုးကာ မှော်ဘီ-၂ မျိုးစပါးကို ဒုတိယအများဆုံး စိုက်ပျိုးကြကြောင်း သိရသည်။

ယခုနှစ် ကသာခရိုင်တွင် မိုးစပါးစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မိုးစပါးအထွက်နှုန်းတိုးတက်ရေးအတွက် နည်းပညာများပေးခြင်း၊ မြေဩဇာကျွေးနည်းစနစ်၊ သဘာဝမြေဩဇာ အသုံးပြုနည်း၊ ပေါင်းရှင်းနည်း၊ ပိုးသတ်ဆေးသုံးနည်း စသည့်အသိပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# ညောင်ဦးမြို့နယ် ရှာသစ်တောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှာသစ်တောင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဆဋ္ဌမအကြိမ်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကြောင်းအရာများ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းဝိသေသများ၊ အတိုးနှုန်းများနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၅၂၀ ကို ရှာသစ်တောင်ကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ရှာသစ်တောင်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်က တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ၊ စီမံကိန်းအသင်းသား၊ အသင်းသူ စုစုပေါင်း ၁၇၁ ဦးအား ရန်ပုံငွေကျပ်သိန်း ၅၂၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အေးသူ**

# ရေနံချောင်းမြို့နယ် အေးရွာကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ စစ်ဆေး

**ရေနံချောင်း ဇူလိုင် ၂၅**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သုံးဆယ့်ခြောက်ကျေးရွာအုပ်စု အေးရွာကျေးရွာ၌ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၂၄ ရက် မွန်းလွဲပိုင်းကတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက အေးရွာကျေးရွာ၌ လေးလက်မ GI ပိုက် အနက်ပေ ၆၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်း၊ (7.7 KW)ဆိုလာစနစ်ဖြင့် ရေမြှုပ်ပန့်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာရေရရှိရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ လုပ်ငန်းများအချိန်မီပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ရေနံချောင်းမြို့နယ် အေးရွာကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၄ ဒသမ ၅၇ သန်းဖြင့် လေးလက်မ GI ပိုက် အနက်ပေ ၆၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ဆိုလာစနစ်ဖြင့်ရေမြှုပ်ပန့်တပ်ဆင်ခြင်းလုပ်ငန်း၊ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တင်ဒါအောင်မြင်သည့် ရွှေပန်းအောင်ကုမ္ပဏီတို့က တာဝန်ယူ၍ ဇွန်လ စတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက သုံးဆယ့်ခြောက်ကျေးရွာအုပ်စု အေးရွာကျေးရွာရှိ အိမ်ခြေ ၁၅၀၊ လူဦးရေ ၇၅၀နှင့် ကျွဲနွားတိရစ္ဆာန်များ သောက်သုံးရေဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းထံမှ သိရသည်။ **နှံ့ယဉ်**



# အဖျောက် ပိဋကတ်ကျောက်စာတိုက်များ

မောင်သာ(ရှေးဟောင်းသုတေသန)

ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးနောက်ပိုင်းတွင် သာသနာတော် အဓွန့်ရှည်သန့်ရှင်းတည်တံ့စေရန် သင်္ဂါယနာတင်ပွဲများကို ခြောက်ကြိမ်ပြုလုပ်ခဲ့သည်။ ဗုဒ္ဓဘုရားရှင်၏ တရားတော်များ ပျောက်ပျက်မသွားစေရန် ရှေးအခါက သံဃာတော်များသည် ပိဋကသုံးပုံကို အာဂုံဆောင်ခဲ့ကြပြီး တတိယသင်္ဂါယနာတင်ပြီးနောက်တွင် ပေရွက်များပေါ်၌ မှတ်တမ်းတင်ခဲ့သည်။

သာသနာတော်နှစ် ၂၄၀၀ ကျော်လွန်ချိန်တွင် မန္တလေးမြို့၌ ပဉ္စမသင်္ဂါယနာတင်ပွဲမတင်မီ ကုန်းဘောင်မင်းဆက် ဒသမမြောက်ဘုရင် မင်းတုန်းမင်းသည် ၁၈၇၁ ခုနှစ်တွင် ပိဋကသုံးပုံနှင့် နေတ္တိ၊ မိလိန္ဒပဉှာနှင့် ပေဋကောပဒေသ သုတ်သုံးကျမ်းတို့ကို ကျောက်စာ ၇၂၉ ချပ်တွင်ရေးထိုး၍ မန္တလေးတောင်ခြေရှိ မဟာလောကမာရဇိန်စေတီ(ကုသိုလ်တော်ဘုရား) ဝင်းအတွင်း၌စိုက်ထူခဲ့ရာ ကမ္ဘာပေါ်တွင် အကြီးဆုံးစာအုပ်ဟု ထင်ရှားခဲ့ရုံသာမက UNESCO အဖွဲ့က ၂၀၁၃ ခုနှစ် ဇွန်လတွင် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် (Memory of the World)အဖြစ် အသိအမှတ်ပြုခဲ့သည်။

**မြန်ပြည်တစ်လွှား ပိဋကတ်ကျောက်စာများ**

ကုသိုလ်တော်ဘုရားဝင်းအတွင်း၌ ပိဋကတ်ကျောက်စာများကို စိုက်ထူပြီးနောက်ပိုင်းတွင် မြန်မာနိုင်ငံ နေရာဒေသအသီးသီးတွင် ပိဋကတ်ကျောက်စာများကို ရေးထိုးစိုက်ထူခဲ့ကြသည်။ ထို့ကြောင့် ထင်ရှားသော ပိဋကသုံးပုံကျောက်စာတိုက် ၁၄ တိုက်၊ ပိဋကတ်တော် အဋ္ဌကထာကျောက်စာတိုက် နှစ်တိုက်နှင့် ဋီကာကျော်ကျောက်စာတိုက်တစ်တိုက် ထွက်ပေါ်ခဲ့သည်။

ပိဋကသုံးပုံကျောက်စာတော်များအနက် သက္ကရာဇ် ၁၂၂၂ ခုနှစ်တွင် ရေးထိုးသည့် ကျောက်စာ ၇၂၉ ချပ်ကို မန္တလေးမြို့ ကုသိုလ်တော်ဘုရားဝင်း၌လည်းကောင်း၊ ၁၂၆၉ ခုနှစ်တွင်ရေးထိုးသည့် ကျောက်စာ ၅၅ ချပ်ကို သယ်န်းကျွန်းမြို့နယ် ကျိုက္ကဆံစေတီဝင်း၌လည်းကောင်း၊ သက္ကရာဇ် ၁၂၇၄ ခုနှစ်တွင် ရေးထိုးသည့် ကျောက်စာအချပ် ၄၅၀ ကို ရေနံချောင်းမြို့ ကျောက်စာရုံ၌လည်းကောင်း၊ သက္ကရာဇ် ၁၂၇၉ ခုနှစ်တွင်ရေးထိုးသည့် ကျောက်စာ ၃၉၉ ချပ်ကို ဓနုဖြူမြို့ ပြည်လုံးချမ်းသာဘုရားကြီးဝင်း၌လည်းကောင်း၊ သက္ကရာဇ် ၁၂၈၃ ခုနှစ်တွင်ရေးထိုးသည့် ကျောက်စာ ၅၈၅ ချပ်ကို သထုံမြို့ ရွှေစာရံဘုရားဝင်းအတွင်း၌လည်းကောင်း၊ သက္ကရာဇ် ၁၂၈၆ ခုနှစ်တွင်ရေးထိုးသည့် ကျောက်စာအချပ် ၇၂၀ ကို တိုက်ကြီးမြို့နယ် အဖျောက်မြို့ လောကမာရ်အောင် ဘုရားဝင်းအတွင်း၌လည်းကောင်း စိုက်ထူခဲ့သည်။

ထို့အတူ ၁၂၈၇ ခုနှစ်တွင်ရေးထိုးသည့် ကျောက်စာ ၁၇၁ ချပ်ကို မင်းကင်းမြို့ ကျောက်စာဘုရားဝင်း၌လည်းကောင်း၊ ၁၂၈၇ ခုနှစ်၌ ရေးထိုးသည့် ကျောက်စာ ၁၅၄ ချပ်ကို သုံးခွမြို့နယ် မင်းရွာ ကံကြီးကုန်းကျောင်းတိုက်၌လည်းကောင်း၊ ၁၂၈၉ ခုနှစ်တွင် ရေးထိုးသည့် ကျောက်စာ ၅၁၆ ချပ်ကို သာစည်မြို့နယ် ညောင်ရမ်းကျေးရွာ ရွှေမုဋ္ဌောဘုရားဝင်း၌လည်းကောင်း၊ ၁၂၉၅ ခုနှစ်တွင်ရေးထိုးသည့် ကျောက်စာအချပ် ၅၁၀ ကို ဝမ်းတွင်းမြို့နယ် သဲတောမြို့ ကိုးတောင်ပြည့်ဘုရား၌လည်းကောင်း၊ ၁၃၀၁ ခုနှစ်တွင် ရေးထိုးသည့် ကျောက်စာအချပ် ၁၀၀ ကို ဝမ်းတွင်းမြို့နယ် ဘုရားစုကျေးရွာ ရွာဦးကျောင်း၌လည်းကောင်း၊ ၁၃၃၉ ခုနှစ်တွင်ရေးထိုးသည့် ကျောက်စာ ၁၀၀၅ ချပ်ကို ရန်ကင်းမြို့နယ် ပဥ္စနိကာယကျောင်းတိုက်၌လည်းကောင်း၊ ၁၃၄၂ ခုနှစ်တွင်ရေးထိုးသည့် ကျောက်စာအချပ် ၁၀၈၀ ကို မင်းကွန်းတောင်ရိုးမိုးမိတ်ကုန်းမြေတွင်လည်းကောင်းစိုက်ထူခဲ့သည်။ ပဲခူးရွှေသာလျောင်းဘုရားတွင် စိုက်ထူခဲ့သည့် ပိဋကတ်ကျောက်စာ ၅၈ ချပ်ကိုမူ ရေးထိုးသည့်ခုနှစ်မသိရှိခဲ့ပါ။

ပိဋကတ်ကျောက်စာများကို ဗုဒ္ဓဘုရားရှင်၏ ပိဋကသုံးပုံဖြစ်သည့် သုတ်၊ ဝိနည်း၊ အဘိဓမ္မာကျမ်းများကို ရေးထိုးကြသော်လည်း သယ်န်းကျွန်း၊ မင်းကင်း၊ သုံးခွမြို့နယ် မင်းရွာနှင့် ဝမ်းတွင်းမြို့နယ် ဘုရားစုကျေးရွာရှိ ကျောက်စာများတွင် ဝိနည်းကျမ်းတစ်ခုတည်းကိုသာ ရေးထိုးထားပြီး ပဲခူးရွှေသာလျောင်းဘုရားမှ ကျောက်စာများတွင် အဘိဓမ္မာကျမ်းကိုသာ ထွင်းထုထားသည်။

ပိဋကတ်တော်ကိုဖွင့်ဆိုသည့် အဋ္ဌကထာကျမ်းများအနက် ၁၂၇၅ ခုနှစ်တွင် ထွင်းထုခဲ့သည့် ကျောက်စာ ၁၅၀၉ ချပ်ကို မန္တလေးမြို့ စန္ဒာမုနိဘုရားဝင်းနှင့် ၁၂၇၇ ခုနှစ်တွင် ရေးထိုးခဲ့သည့် ကျောက်စာ ၅၉၇ ချပ်ကို မိတ္ထီလာမြို့ ရွှေမြင်မိစေတီဝင်းအတွင်း၌ စိုက်ထူခဲ့သည်။ အဋ္ဌကထာကျမ်းများကို ဖွင့်ဆိုသည့် ဋီကာကျမ်းကျောက်စာ ၂၆၃ ချပ်ကို မန္တလေးမြို့ စန္ဒာမုနိဘုရားဝင်း၌ စိုက်ထူခဲ့သည်။

**တိုက်ကြီးနှင့် အဖျောက်**

တိုက်ကြီးမြို့သည် မြန်မာ့သမိုင်းတွင် ထင်ရှားသည့် အင်း၀-ဟံသာဝတီ နှစ် ၄၀ ကြာ စစ်ပွဲအတွင်းက



အဖျောက်မြို့ကျောက်စာတိုက်မှ ပိဋကသုံးပုံကျောက်စာများကို တွေ့ရစဉ်။

မွန်ခံတပ်မြို့တစ်မြို့ဖြစ်ခဲ့ပြီး ဗြိတိသျှတို့ မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးချိန်တွင် အုပ်ချုပ်ရေးရုံးစိုက်သည့် စီရင်စုတစ်ခုအဖြစ် တည်ရှိခဲ့သည်။ ရန်ကုန်-ပြည် မီးရထားလမ်းကို ၁၈၇၆ ခုနှစ်တွင် ဖောက်လုပ်ခဲ့စဉ် တိုက်ကြီးကုန်းရွာ၌ မီးရထားဘူတာ ဖွင့်လှစ်ခဲ့ကာ နောက်ပိုင်းတွင် မီးရထားဘူတာရုံကို တိုက်ကြီးကုန်းမှ မြောက်ဘက်နှစ်မိုင်အကွာရှိ ရှမ်းစုရွာသို့ပြောင်းရွှေ့ခဲ့၍ တိုက်ကြီးဘူတာဟု အမည်ပေးခဲ့သည်။ ၁၈၉၆ ခုနှစ်တွင် တိုက်ကြီးဘူတာရှိသည့် ရှမ်းစုသို့ မြို့ပိုင်ရုံးကို ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ရာမှ တိုက်ကြီးမြို့အဖြစ်သို့ ပြောင်းလဲခဲ့သည်။ အဖျောက်သည် ယခင်က ဇလွန်မြို့နယ်တွင်ပါဝင်ခဲ့သော်လည်း ၁၉၉၉ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် တိုက်ကြီးမြို့နယ်လက်အောက်မှ မြို့တစ်မြို့ဖြစ်လာခဲ့သည်။

တိုက်ကြီးမြို့နယ်ကို မြို့သုံးခု (တိုက်ကြီး၊ ဥက္ကံ၊ အဖျောက်၊ ရပ်ကွက် ၂၀ နှင့် ကျေးရွာအုပ်စု ၇၄ အုပ်စု၊ ကျေးရွာ ၄၆၂ ရွာ)ဖြင့် ဖွဲ့စည်းထားကာ တိုက်ကြီးမြို့နှင့် ဥက္ကံမြို့တို့သည် ရန်ကုန်-ပြည် မော်တော်ကားလမ်းမပေါ်တွင်တည်ရှိပြီး အဖျောက်မြို့သည် တိုက်ကြီးမြို့မှ အနောက်မြောက်ဘက် ၂၄ မိုင်အကွာတွင် တည်ရှိသည်။

တစ်ချိန်က မွန် ၃၂ မြို့ဒေသအတွင်းပါဝင်ခဲ့သည့် အဖျောက်မြို့သည် ရေလမ်းအတိုင်း ဓနုဖြူမြို့မှ အထက်သို့ ၁၄ မိုင်နှင့် ဇလွန်မြို့မှ အောက်သို့ ၁၄ မိုင်အကွာ ဧရာဝတီမြစ်ကမ်းပေါ်တွင် တည်ရှိသည်။ ဧရာဝတီမြစ်သည် အဖျောက်မြို့နှင့် ရေပေါ်သောင်ကျေးရွာအနီးမှဖြတ်သန်းကာ မြောက်မှ တောင်သို့ စီးဆင်းနေသည်။ ဧရာဝတီမြစ်ရေကြီးချိန်တွင် အဖျောက်သည် ရေလွှမ်းမိုးသည့်အန္တရာယ်များနှင့် ကြုံတွေ့ရသဖြင့် မြို့ကို မြေသားတမံဖြင့် ကာရံထားသည်။

အဖျောက်၏ မူလအမည်သည် ငါးပိဆိပ်ဟု အဓိပ္ပာယ်ရသည့် မွန်ဘာသာစကား အော့ဖရော့ဖြစ်ကာ အဖလောက်ဟုခေါ်တွင်ခဲ့ရာမှ ကာလရွေ့လျောလာချိန်တွင် အဖျောက်ဟု ပြောင်းလဲခဲ့သည်။

အဖျောက်မြို့ကို ရပ်ကွက်လေးခုဖြင့် ဖွဲ့စည်းထားပြီး အမှတ်(၄)ရပ်ကွက်ရှိ ပန်းတုံးပိတ်ကျောင်း၊ သိမ်ကျောင်းမှတ်တမ်းအရ ကိုလိုနီခေတ်တွင် တိုက်သူကြီး ဦးလူမောင်က အဖျောက်၊ ရင်ဖ၊ အထွဋ်နှင့် ပိုင်ကျုံ တိုက်နယ်လေးခုကို အုပ်ချုပ်ခဲ့သည်။ အဖျောက်သူကြီး ဦးကျော်လှိုင်လက်ထက်တွင် အဖျောက်ကို မြို့ကွက်ရိုက်ခဲ့ကာ တော်လှန်ရေးကောင်စီခေတ်တွင် အဖျောက်သည် လက်ထောက်မြို့ပိုင်အုပ်ချုပ်သည့် အဆင့်ဖြစ်လာခဲ့သည်။

**လောကမာရ်အောင် သံတန်ဆောင်း**

အဖျောက်မြို့၏ ထင်ရှားသောဘာသာရေးဆိုင်ရာ အဆောက်အအုံတစ်ခုဖြစ်သည့် လောကမာရ်အောင်ဘုရားကြီးနှင့် သံတန်ဆောင်းကြီးတို့သည် အမှတ်(၃) ရပ်ကွက်တွင် တည်ရှိကာ သက်တမ်းနှစ် ၁၀၀ ကျော်ခဲ့ပြီဖြစ်သည်။

ဝေနေယျသုခလောကမာရ်အောင် ပြည်လုံးကျက်သရေဟု ဘွဲ့အမည်တွင်သည့် ဉာဏ်တော် ကိုးတောင်မြင့်သော ဗုဒ္ဓဆင်းတုရုပ်ပွားတော် သီတင်းသုံးလျက်ရှိသည့် တန်ဆောင်းတော်ကြီး၏ အကျယ်အဝန်းသည် အလျားပေ ၁၅၀ နှင့် အနံ ၉၅ ပေ ဖြစ်သည်။ ၎င်းကျောင်းတော်ကို မြန်မာမူလက်ရာ စုလစ်မွမ်းချွန်များဖြင့် မြန်မာသက္ကရာဇ် ၁၂၇၈ ခုနှစ် တော်သလင်းလပြည့်ကျော် ၃ ရက်တွင် စတင်တည်ထားခဲ့ပြီး သက္ကရာဇ် ၁၃၇၈ ခုနှစ် (ခရစ်နှစ်၂၀၁၆ ခုနှစ်)တွင် နှစ် ၁၀၀ ပြည့်အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

စံကျောင်းအတွင်း၌ သီတင်းသုံးနေသည့် ထိုင်တော်မူ စကျင်ကျောက်ဗုဒ္ဓရုပ်ပွားတော်ကို မြန်မာသက္ကရာဇ် ၁၂၇၈ ခုနှစ် တန်ခူးလပြည့်ကျော် ၃ ရက် (ခရစ်နှစ် ၁၉၁၆ ခုနှစ် ဇန်နဝါရီ ၂၀ ရက်)တွင် စတင်ထုလုပ်ခဲ့သည်။ ရုပ်ပွားတော်ကြီးကို အလှူရှင် ဦးပွကြီး၏ မတည်ငွေကျပ် ၁၀၀၀ အပါအဝင် ကျန်အလှူရှင် ဦးရေ ၁၃၀ တို့၏ စုပေါင်းအလှူတော် ၄၅၅၄ ကျပ်ဖြင့် ထုလုပ်ပူဇော်ခဲ့သည်။

အလှူရှင် ဦးပွကြီးနှင့် ဒေါ်မမတို့သည် ဗုဒ္ဓရုပ်ပွားတော်သီတင်းသုံးရန် သံများကို အသုံးပြုထားသည့် ဂန္ဓကုဋိတိုက်ကို တည်ဆောက်လှူဒါန်းခဲ့ရာ မဟာသံတန်ဆောင်းဟု ထင်ရှားခဲ့သည်။ တန်ဆောင်းကြီးကို သံများဖြင့်သာတည်ဆောက်ရန် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ ကိုးထပ်ကြီးဘုရားတန်ဆောင်းကို လေ့လာခဲ့ပြီး ၁၉၁၆ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သည်။

သံတန်ဆောင်းအတွင်း ရုပ်ပွားတော်မြတ်ကိန်းဝပ်စံပယ်လျက်ရှိသည့် ဂန္ဓကုဋိတိုက်သည် အလျား ၇၈ ပေ၊ အနံပေ ၃၀ ရှိသည်။ အတွင်းဂန္ဓကုဋိတိုက်အမိုး၏ အလယ်တွင် စေတီတော်တစ်ဆူကို တည်ထားခဲ့ရာ လောကမာရ်အောင်စေတီတော်ဟု ထင်ရှားခဲ့သည်။

ဦးပွကြီးသည် သံတန်ဆောင်းတော်ကြီး တည်ဆောက်ရာတွင် သံထည်ပစ္စည်းများ တပ်ဆင်တည်ဆောက်ခြင်းလုပ်ငန်းကို တရုတ်လူမျိုး ဦးအရှုံကိုလည်းကောင်း၊ ပန်းရန်ပိုင်းဆိုင်ရာလုပ်ငန်းများကို အိန္ဒိယလူမျိုး အဒူလာမစ် ခေါ် ဦးမဲဇလီကိုလည်းကောင်း အပ်နှံခဲ့သည်။ တန်ဆောင်း နတ်လမ်းစောင်းတန်းသည် ၁၂ ဒသမ ၅ ပေကျယ်သည့် ခန်းပွင့် ၃၄ ခုပါရှိကာ ၄၂၅ ပေ ရှည်လျားသည်။ ကြမ်းခင်းကို အင်္ဂတေလောင်း၍ သစ်သားမပါဘဲ သံတိုင်၊ သံထောက်၊ သံတန်းများဖြင့်သာတည်ဆောက်ခဲ့သည့် စောင်းတန်းသည် ကြမ်းခင်းများကို ပြန်လည်ပြုပြင်၍ ကြွေပြားများခင်းထားခြင်းနှင့် အမိုးများလဲထားခြင်းမှလွဲ၍ မူလလက်ရာအတိုင်း တည်ရှိနေပေသည်။ စောင်းတန်းမုခ်ဦးအဝင်အမိုးပေါ်တွင် ပြာသာဒ်သုံးဆင့်ခံလျက် စေတီငယ်တစ်ဆူကိုလည်း တည်ထားခဲ့သည်။

**ပိဋကသုံးပုံ ကျောက်စာတော်များ**

မြန်ပြည်တစ်လွှား ပိဋကတ်ကျောက်စာများအနက် အဖျောက်မြို့ ပိဋကသုံးပုံကျောက်စာတိုက်များကို မြန်မာသက္ကရာဇ် ၁၂၈၆ ခုနှစ်တွင် စတင်တည်ဆောက်ကာ ကျောက်စာချပ်များစိုက်ထူခဲ့သည်။

အဖျောက်ပိဋကတ်ကျောက်စာများနှင့်ကျောက်စာတိုက်များ၏ အလှူရှင်သည် အဖျောက်မြို့ လောကမာရ်အောင်ဘုရားကြီးနှင့် သံတန်ဆောင်းကြီးဒါယကာ ဦးပွကြီးနှင့် ဇနီးဒေါ်မမတို့ဖြစ်သည်။ မင်းတုန်းမင်းကြီး၏ အလှူတော် ပိဋကတ်ကျောက်စာများကဲ့သို့ပင် အောက်မြန်မာနိုင်ငံတွင်လည်း ပိဋကတ်ကျောက်စာများရှိသင့်သည်ဟုယူဆခဲ့သည့် ဦးပွကြီးနှင့် ဇနီးသည် အဖျောက်ကျောက်စာတိုက်တွင်ထားရှိရန် ပိဋကတ်ကျောက်စာများကို မြန်မာသက္ကရာဇ် ၁၂၈၃ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၄ ရက်(ခရစ်နှစ် ၁၉၂၁ ခုနှစ်၊ စက်တင်ဘာ ၁ ရက်)တွင် မန္တလေးမြို့ ကျောက်ဆစ်တန်းမှ နိဗ္ဗာန်ကုန်သည် ဦးအောင်ဘနှင့် သားမောင်ကျော်စိန်တို့ထံ လုပ်ငန်းအပ်နှံခဲ့သည်။

အဖျောက်ကျောက်စာရုံများတွင်ထားရှိရန် ထွင်းထုခဲ့သည့် ပိဋကတ်တော်များသည် သုတ္တန်ပိဋကတ်တော် ၄၀၃ ချပ်၊ ဝိနည်းပိဋကတ်တော် ၁၁၂ ချပ်၊ အဘိဓမ္မာပိဋကတ်တော် ၂၀၅ ချပ် စုစုပေါင်းအချပ်ရေ ၇၂၀ ဖြစ်သည်။ နိကာယ်ငါးရပ်ဖြင့် ရေတွက်ပါက ဒီဃနိကာယ ၄၅ ချပ်၊ မဇ္ဈိမနိကာယ ၆၉ ချပ်၊ သံယုတ္တနိကာယ ၅၅ ချပ်၊ အင်္ဂုတ္တရနိကာယ ၆၅ ချပ်နှင့် ခုဒ္ဒကနိကာယ ၄၈၆ ချပ်ဖြစ်သည်။

ပိဋကတ်ကျောက်စာတော်များကို ကျောက်စာတိုက်ငါးခုတွင် စိုက်ထူထားရာ ဝိနည်းပိဋကတ်တော်များထားရှိသည့် အဆောင်အမှတ်(၁)သည် အလျား ၆၅ ပေ၊ အနံ ၃၄ ပေရှိသည့် အုတ်အဆောက်အအုံဖြစ်သည်။ ၎င်းကျောက်စာတိုက်အတွင်း ဝိနည်းတော်ကျောက်စာချပ် ၅၃ ချပ် စိုက်ထူထားပြီး ကျောက်စာချပ်များသည် အမြင့် ငါးပေနှစ်လက်မနှင့် အောက်ပိုင်း ဖြက် သုံးပေလေးလက်မ၊ အပေါ်ဖြက် သုံးပေ ၁၀ လက်မနှင့် အထူ ငါးလက်မဖြစ်ကာ မြေဝင် တစ်ပေရှစ်လက်မဖြစ်သည်။

အဆောင်အမှတ်(၂)သည် အလျား ၉၇ ပေ၊ အနံ ၄၇ ပေရှိသည့် အုတ်အဆောက်အအုံဖြစ်သည်။ ၎င်းကျောက်စာတိုက်တွင် ဝိနည်းတော်ကျောက်စာချပ် ၅၄ ချပ်စိုက်ထူထားသည်။ ကျောက်စာချပ်များ၏ အရွယ်သည် အမှတ်(၁)ကျောက်စာတိုက်တွင် စိုက်ထားသည့် ကျောက်စာချပ်များနှင့် အတူတူဖြစ်သည်။

အဆောင်အမှတ်(၃)သည် အလျား ၇၈ ပေ၊ အနံ

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့ လုပ်ငန်းလည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# မိုးကောင်းမြို့နယ် ညောင်ကုန်းကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မိုးကောင်း ဇူလိုင် ၂၅**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက ညောင်ကုန်းကျေးရွာခန်းမဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးကျော်သူဝင်းက VDP စီမံကိန်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ အကျုံးဝင်သော လုပ်ငန်းခွဲများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေတွင်ပါရှိသော ကျေးရွာသူ၊ ကျေးရွာသားများ လိုက်နာရမည့် တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ VDP စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းလက်စွဲစာစောင်ပါ ကျေးရွာကော်မတီဝင်ရွေးချယ်မှု သတ်မှတ်ချက်များ၊ စီမံကိန်းကော်မတီဝင်များ၏ တာဝန်ဝတ္တရားများအကြောင်းကို ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသည့် ကျေးရွာသူ၊ ကျေးရွာသားများက ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ညောင်ကုန်းကျေးရွာတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေ ကျပ်သိန်း ၁၅၀၊ ကျေးရွာလူထုထည့်ဝင်ငွေများကို အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူဝင်းထံမှ သိရသည်။

**သက်မာ**



➤ စာမျက်နှာ ၄ မှအဆက်

၇၈ ပေရှိသည့် အုတ်အဆောက်အအုံဖြစ်ပြီး ကျောက်စာတိုက်အတွင်း၌ အဘိဓမ္မာကျောက်စာ အချပ် ၂၁၀ စိုက်ထူထားသည်။ ကျောက်စာချပ်များသည် အမြင့် ငါးပေ၊ အောက်ပိုင်းဖြက် သုံးပေလေးလက်မ၊ အပေါ်ဖြက် သုံးပေ ၁၀ လက်မနှင့် အထူ ငါးလက်မခွဲဖြစ်ကာ မြေဝင် တစ်ပေရှစ်လက်မဖြစ်သည်။

အဆောင်အမှတ်(၄)သည် အလျားအနံ ၆၃ ပေပတ်လည်ရှိသည့် အုတ်အဆောက်အအုံဖြစ်သည်။ ၎င်းကျောက်စာတိုက်အတွင်း သုတ္တန်ပိဋကတ်ကျောက်စာ အချပ် ၁၄၀ စိုက်ထူထားသည်။

အဆောင်အမှတ်(၅)သည် ပေ ၈၀ ပတ်လည် အုတ်အဆောက်အအုံဖြစ်ပြီး ၎င်းကျောက်စာတိုက်အတွင်း သုတ္တန်ပိဋကတ်ကျောက်စာချပ် ၂၆၃ ချပ် စိုက်ထူထားသည်။ အဆောင်အမှတ်(၄)နှင့် (၅)တွင် စိုက်ထူထားသည့် သုတ္တန်ပိဋကတ်ကျောက်စာများသည် အမြင့် ငါးပေငါးလက်မနှင့် အောက်ပိုင်းဖြက် သုံးပေသုံးလက်မ၊ အပေါ်ဖြက် သုံးပေရှစ်လက်မနှင့် အထူငါးလက်မဖြစ်ကာ မြေဝင် တစ်ပေရှစ်လက်မဖြစ်သည်။ အဆောင်အမှတ်(၄)နှင့် အဆောင်အမှတ်(၅) အဆောက်အအုံနှစ်ခု၏ အမိုးထောင့်စွန်းများတွင် စေတီငယ်လေးဆူစီတည်ထားပြီး အဆောက်အအုံအပေါ်ပိုင်း နံရံလေးဖက်အလယ်တွင် ကဒေါင်းများဖြင့် အလှဆင်ထားသည်။

**ပိဋကတ်တော်များ ထွင်းထုခြင်း**

အဖျောက်မြို့တွင်ထားရှိပူဇော်မည့် ပိဋကတ်ကျောက်စာအချပ် ၇၂၀ ကို မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် စကျင်ရွာတွင် ဦးအောင်ဘနှင့်သား မောင်ကျော်စိန်တို့က ဦးစီးထုလုပ်ခဲ့သည်။ ကျောက်စာပါ ပိဋကတ်တော်များသည် ကုသိုယ်တော်ဘုရားကျောက်စာများကို ပုံနှိပ်ထားသည့် ဟံသာဝတီတိုက်ထုတ် စာအုပ်ပါမူအတိုင်းဖြစ်သည်။

ကျောက်ထက်အက္ခရာမတင်မီ ကျောက်ပြားများကို ချောမွေ့စေရန် ရွှေပေါ်ဖြင့်ထိုးပြီး ကျောက်သားပေါ်တွင် မင်ဖြင့်စာသားများကို ရေးသားသည်။ ရေးသားထားသည့်စာသားများ အမှားအယွင်းလုံးဝမပါရှိစေရန် စာပြင်ဆရာများက စာအုပ်ဖြင့် တိုက်ဆိုင်စစ်ဆေးကြပြီးမှ အမှားအယွင်းကင်းစင်သောစာသားများကို ရေးထားသည့်စာလုံးများအတိုင်း ကျောက်သားပေါ်တွင် ထွင်းထုကြပြီး စာလုံးအရာများအတိုင်း မင်သွင်းကြရသည်။

ဝိနည်းပိဋကတ်ကျောက်စာချပ်များကို စကျင်ရွာတွင် ရေးထွင်းပြီးမှ အဖျောက်သို့ယူဆောင်လာခဲ့သော်လည်း သုတ္တန်နှင့် အဘိဓမ္မာကျောက်စာများကိုမူ အဖျောက်မြို့သို့ ကျောက်ပြားများ ယူဆောင်လာပြီးမှ ရေးထွင်းခဲ့ကြသည်။

ကျောက်စာများတွင် စာသားများရေးသားစဉ်က တစ်ကြိမ်၊ မင်သွင်းပြီးချိန်တွင် တစ်ကြိမ်၊ အဖျောက်မြို့ တောရကျောင်းတိုက်ဆရာတော် ဦးမေဓာဝီရနှင့် မတ္တရာမြို့နယ် စကျင်ရွာဇာတိ လူပြန်တော်ပညာရှိ ဆရာကြီး ဦးပိုးတို့က မူရင်းကျမ်းစာအုပ်နှင့်တိုက်ဆိုင်စစ်ဆေးခဲ့သဖြင့် သန့်စင်သော ပိဋကတ်တော်ကျောက်စာများကို ရရှိခဲ့သည်။

အဖျောက်မြို့မှ သူဌေးဦးပွကြီးနှင့် ဇနီးဒေါ်မမတို့၏ ကုသိုလ်တော် စာရင်းကျောက်စာ မော်ကွန်းသံပိုင်းလွှာကို မဟာသံတန်ဆောင်းကြီးအတွင်း၊ စက်တော်ရာပါဒစေတီတော်တည်ရှိသည့်အဆောင်တွင် စိုက်ထူထားရာ ၎င်းကျောက်စာကို ဆရာကြီး ဒဂုန်ဦးထွန်းမြင့်က ရေးသားစီကုံးခဲ့သည်။

ပဋ္ဌမသင်္ဂါယနာတင်မူ ပိဋကတ်တော်များကို ကျောက်စာဖြင့် ထွင်းထုမှတ်တမ်းတင်ခဲ့သည့် သူဌေးဦးပွကြီး၏ အလှူတော်သည် နှစ်ကာလရှည်ကြာလာချိန်တွင် အဖျောက်မြို့၏ဂုဏ်ဆောင် မှတ်တိုင်တစ်ခုဖြစ်လာခဲ့ကာ ၎င်းကျောက်စာများနှင့် သံတန်ဆောင်းတော်ကြီးကို အလှူရှင်များ၏အမွေခံများက ၁၉၈၁ ခုနှစ် မေ ၂ ရက်တွင် အဖျောက်မြို့ သုဓမ္မာဂိုဏ်းလုံးဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့သို့ လွှဲပြောင်းဆက်ကပ်ခဲ့သည်။

ယခုအခါတွင် အဖျောက်မြို့ရှိ လောကမာရ်အောင်ဘုရား သံတန်ဆောင်းကြီးနှင့် ပိဋကတ်ကျောက်စာများသည် သံယိကပိုင် ရှေးဟောင်းအဆောက်အအုံများအဖြစ် ထင်ရှားလျက်ရှိပေသည်။

**ကိုးကား**

- **တိုက်ကြီးမြို့နယ် ဒေသဆိုင်ရာအချက်အလက်များ (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)**
- **လောကမာန်အောင်မြတ်ဘုရားကြီး (မောင်အေးကျော်၊ အဖျောက်)**
- **အဖျောက်မြို့ နိကာယ်ငါးရပ်နှင့် ပိဋကသုံးပုံကျောက်စာများ (ရွှေမြင့်ရိုး)**

## မာရဝိဇယ
## အေးမြစေကြောင်းနိမိတ်ကောင်း

- ကျောက်ဆစ်ကျောက်သား ထုဆစ်ထားသည့်
  ရုပ်ပွားတော်မြတ် တည်အပ်ရှိရာ
  ပြည်မြန်မာသည် စဉ်ထာဝရ
  ငြိမ်းချမ်းကြစေ မေတ္တာဝေ၍
  ကမ္ဘာမြေပေါ် တိုင်းပြည်တော်များ
  တည်ထားထုဆစ် ကျောက်ဆစ်ပုံဖော်
  ထိုင်တော်မူတွင် ဉာဏ်တော်အမြင့်ဆုံး
  တင့်ဘုန်းကျက်သရေ ရှိလှပေစွ
  မာရဝိဇယခေါ် မြတ်ပုံတော်။

- ရတနာသုံးပါး ကိုးကွယ်ထား၍
  စိတ်ထားမြင့်မြတ် ရှိအပ်သူတော်စင်
  များဖျင်ဗိုလ်လူ အူအူကြွက်ညံ
  လက်မှာညောင်ရေ ပန်းနှင့်ဝေသည့်
  မြန်ပြည်တစ်ဝန်း ငြိမ်းချမ်းပန်းတို့
  ပွင့်လန်းဝေဆာ ရှိပါစေကြောင်း
  ကျွန်ဆုတောင်းသည် ဂုဏ်ပေါင်းတင့်လှ
  မြတ် မာရဝိဇယ။

- ဗုဒ္ဓတန်ခိုး မေတ္တာမိုးသာ
  ဖြိုင်ဖြိုင်ရွာသို့ အေးပါစေသား
  ကရုဏာထား၍ လူသားအပေါင်း
  မေတ္တာပေါင်းဆုံ ဂုဏ်ပကာသန
  မရှိစွရှင့် မာနချိုးနှိမ်
  ဦးခိုက်ချိန်မို့ ငါတို့သီလ
  စောင့်ကြငါးဖြာ ကိုးသီလာထိ
  ပျက်ကာမယွင်း စောင့်ထိန်းခြင်းဖြင့်
  လက်ငင်းပေါ်လာ မေတ္တာတန်ခိုး
  ဆထက်တိုးလျက် ပျက်ယွင်းစေမှု
  မပြုသူများ ငြိမ်းစေသားဟု
  ပွားများမေတ္တာ ဆုတောင်းပါသည်
  တည်ကာဗုဒ္ဓ သြော်. . . မြတ်မာရဝိဇယ။ ။

(ကမ္ဘာ့ဉာဏ်တော်အမြင့်ဆုံး ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော် မာရဝိဇယမြတ်စွာဘုရားအား ကြည်ညိုဦးခိုက်လျက်)

**ဘိုမျိုး(ရွှေဘို)**

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



## နိုင်ငံတကာ သတင်းများ

# ရုရှားကောက်ပဲသီးနှံနှင့် ဓာတ်မြေသြဇာပို့ကုန်များကိစ္စ ရုရှား-အာဖရိက ထိပ်သီးညီလာခံ၌ ဆွေးနွေးမည်



**မော်စကို ဇူလိုင် ၂၅**

ယခု ရက်သတ္တပတ်အတွင်း ကျင်းပမည့် ရုရှား-အာဖရိက ထိပ်သီးညီလာခံတွင် ရုရှား၏ ကောက်ပဲသီးနှံနှင့် ဓာတ်မြေသြဇာ ပို့ကုန်များကိစ္စကို အဓိကထား ဆွေးနွေးမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါဒုတိယမြောက် ရုရှား-အာဖရိက ထိပ်သီးဆွေးနွေးပွဲကို ဇူလိုင် ၂၇ ရက်မှ ၂၉ ရက်ထိ မော်စကိုမြို့၌ ကျင်းပမည်ဖြစ်သည်။

ယင်းထိပ်သီးညီလာခံတွင် ရုရှားနှင့်တက်ရောက်လာမည့် အာဖရိကနိုင်ငံများသည် ရုရှားစားနပ်ရိက္ခာနှင့်ဓာတ်မြေသြဇာပို့ကုန်များအပြင် အခြား ရုရှားပို့ကုန်များအတွက် ထောက်ပံ့စက်ကွင်းလမ်းများ ဖန်တီးရေးကို ဆွေးနွေးမည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် ပင်လယ်နက်ဆိပ်ကမ်းများမှတစ်ဆင့် ယူကရိန်းကောက်ပဲသီးနှံများ ကမ္ဘာ့ဈေးကွက်တင်ပို့ရေး သဘောတူညီချက်သက်တမ်း ကုန်ဆုံးခဲ့ပြီးနောက် ဒုတိယမြောက် ရုရှား-အာဖရိက ထိပ်သီးညီလာခံကို ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။

ရုရှားအစိုးရအနေဖြင့် ရုရှားကောက်ပဲသီးနှံပို့ကုန်များကို စီးပွားရေးအရရော၊အခမဲ့ကူညီဖြည့်ဆည်းပေးရေးအတွက်ပါ ယူကရိန်းကောက်ပဲသီးနှံ ပို့ကုန်များနေရာ၌ အစားထိုးပေးနိုင်ကြောင်း ရုရှားသမ္မတပူတင်က ယခုရက်သတ္တပတ်အတွင်း ပြောကြားထားသည်။

အနောက်အုပ်စု နိုင်ငံများနှင့် အပြိုင် အာဖရိကတိုက်၌ ဩဇာတည်ဆောက်ရေးအတွက် ကြိုးစားနေသည့် ရုရှားနိုင်ငံသည် ရုရှား-အာဖရိက ထိပ်သီးညီလာခံကို ၂၀၁၉ ခုနှစ်အောက်တိုဘာလတွင် ပထမဆုံးအကြိမ် ကျင်းပခဲ့ကြောင်း သိရသည်။

KKO

# ဝမ်ယီကို နိုင်ငံခြားရေးဝန်ကြီးအဖြစ် တရုတ်နိုင်ငံပြန်လည်ခန့်အပ်

**ပေကျင်း ဇူလိုင် ၂၅**

တရုတ်နိုင်ငံက နိုင်ငံတော်ကောင်စီဝင် ထိပ်တန်းသံတမန် ဝမ်ယီကို ယနေ့တွင် နိုင်ငံခြားရေးဝန်ကြီးသစ်အဖြစ် ခန့်အပ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးသစ်ဝမ်ယိသည် တစ်နှစ်ကျော်ကြာ အများမြင်ကွင်းမှ ပျောက်ကွယ်ခဲ့ပြီးနောက် နိုင်ငံခြားရေးဝန်ကြီးရာထူးမှ နုတ်ထွက်ခဲ့သော ချင်ကန်း၏နေရာတွင် အစားထိုးဝင်ရောက်မည်ဖြစ်သည်။

အသက် ၅၇ နှစ်ရှိ ချင်ကန်းသည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလက နိုင်ငံခြားရေးဝန်ကြီးရာထူး ရယူခဲ့ပြီးနောက် သမိုင်းတစ်လျှောက် တရုတ်နိုင်ငံ၏ အသက်အငယ်ဆုံး နိုင်ငံခြားရေးဝန်ကြီးဖြစ်လာခဲ့သည်။

သို့သော် တရုတ်နိုင်ငံခြားရေးဝန်ကြီး ချင်ကန်းသည် ယခုနှစ် ဇွန် ၂၅ရက်မှစ၍ အများမြင်ကွင်းမှ ပျောက်ကွယ်နေခဲ့ရာ နိုင်ငံတကာက အထူးစိတ်ဝင်စားသည့် ကိစ္စတစ်ရပ်ဖြစ်ခဲ့ရသည်။

နောက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီး ချင်ကန်းသည် ကျန်းမာရေးပြဿနာများကြောင့် လုပ်ငန်းတာဝန်ပြင်ပ ရောက်နေကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာထားပြီး အသေးစိတ်သတင်းအချက်အလက်များထုတ်ပြန်ခဲ့ခြင်းမရှိကြောင်း သိရသည်။

ချင်ကန်း၏နေရာ၌ အစားထိုးဝင်ရောက်သည့် နိုင်ငံခြားရေးဝန်ကြီးသစ် ဝမ်ယိသည် တရုတ်နိုင်ငံခြားရေးဝန်ကြီး ရာထူးကို ၂၀၁၃ ခုနှစ်နှင့် ၂၀၂၂ခုနှစ်ကြား ကာလများအတွင်း ရယူခဲ့သူဖြစ်ကြောင်း သိရသည်။ KKO



# အာဖရိက ရွှေ့ပြောင်းဝင်ရောက်သူ ၈၄ ဦး လိုက်ပါလာသည့် ရေယာဉ်တစ်စီးကို စပိန်ရေကြောင်းလုံခြုံရေးအေဂျင်စီ ကယ်တင်

**မက်ဒရစ် ဇူလိုင် ၂၅**

ဆပ်ဆာဟာရ အာဖရိကနိုင်ငံများမှ ရွှေ့ပြောင်းဝင်ရောက်သူ ၈၄ ဦးလိုက်ပါလာသည့် ရေယာဉ်တစ်စီးကို စပိန်ရေကြောင်းလုံခြုံရေးအေဂျင်စီက ယနေ့တွင် ဂရန်းကနေရီးယားကျွန်းအနီး ကယ်တင်ခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါရေယာဉ်ဖြင့် လိုက်ပါလာသူများအနက် တစ်ဦးသေဆုံးနေပြီဖြစ်ကြောင်း စပိန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဂရန်းကနေရီးယားကျွန်းတည်ရှိရာ ကနေရီကျွန်းစုဒေသသည် မြောက်အာဖရိက ကမ်းလွန်၌ တည်ရှိသည့် စပိန်ကျွန်းစုဖြစ်သည်။

အဆိုပါကျွန်းစုသည်စပိန်နိုင်ငံသို့ လာရောက်လိုသော အာဖရိကနွယ်ဖွား ရွှေ့ပြောင်းဝင်ရောက်သူများ၏ အဓိကခရီးပန်းတိုင်ဖြစ်သည်။

စပိန်ရေကြောင်း လုံခြုံရေးအေဂျင်စီသည် ဆပ်ဆာဟာရ အာဖရိကရွှေ့ပြောင်းဝင်ရောက်သူ ၈၄ ဦးလိုက်ပါလာသည့်ရေယာဉ်ကို ဂရန်းကနေရီးယားကျွန်းနှင့် ရေမိုင် ၈ ဒသမ ၅မိုင်အကွာ ရေပြင်အတွင်း ကယ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

အနောက်အာဖရိကမှ ကနေရီကျွန်းစုသို့လာရောက်ရာ အတ္တလန္တိတ်ရေလမ်းကြောင်းသည် ကမ္ဘာပေါ်၌ အသက်အန္တရာယ်အများဆုံး ရေလမ်းကြောင်းတစ်ခုဖြစ်သော်လည်း ဆပ်ဆာဟာရ အာဖရိကဒေသမှ ရွှေ့ပြောင်း ဝင်ရောက်သူများက ယင်းရေလမ်းကြောင်းကို ပုံမှန်အသုံးပြုတတ်ကြသည်။

ယခုနှစ် ဇန်နဝါရီလနှင့်ဇူလိုင်လလယ်ကြားကာလအတွင်းကနေရီကျွန်းစုသို့ ဆိုက်ရောက်လာသော ရွှေ့ပြောင်းဝင်ရောက်သူ အရေအတွက်မှာ ၅၉၁၄ ဦးထိရှိကြောင်း စပိန်အစိုးရ၏အဆိုအရ သိရသည်။

KKO

# ဆေးဖားရေနံတင်သင်္ဘောပေါ်ရှိ ရေနံစိမ်းများ ရွှေ့ပြောင်းမှုလုပ်ငန်း ကုလသမဂ္ဂစတင်

**နယူးယောက် ဇူလိုင် ၂၅**

ယီမင်နိုင်ငံ ပင်လယ်နီကမ်းရိုးတန်းကမ်းလွန် ရေပြင်အတွင်း တည်ရှိနေပြီး ဟောင်းနွမ်းဆွေးမြည့်လာပြီဖြစ်သည့် ရေနံတင်သင်္ဘောတစ်စီးပေါ်မှ ရေနံစိမ်းစည်ပေါင်းတစ်သန်းကျော်ကို ဥရောပသမဂ္ဂက ယနေ့တွင် စတင်ဖယ်ရှားနေပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အက်ဖ်အက်စ်အိုဆေးဖားအမည်ရှိ အဆိုပါရေနံတင်သင်္ဘောမှ ရေနံစိမ်းများယိုစိမ့်ခဲ့ပါက ပင်လယ်နီနှင့် ယီမင်နိုင်ငံကမ်းရိုးတန်းတစ်လျှောက်၌ ပတ်ဝန်းကျင်ညစ်ညမ်းမှုကပ်ဘေးပေါ်ထွက်လာနိုင်ကြောင်း ကုလသမဂ္ဂက သတိပေးထားသည်။

သို့သော် ဆေးဖားရေနံတင်သင်္ဘောပေါ်မှ ရေနံစိမ်းများကို အခြားသင်္ဘောများသို့ ပြောင်းရွှေ့တင်ဆောင်မှုကို ယနေ့တွင် စတင်နေပြီဖြစ်ကြောင်း ကုလသမဂ္ဂမှ တာဝန်ရှိသူများက ယနေ့တွင် ပြောကြားခဲ့သည်။

ဆေးဖား ရေနံတင်သင်္ဘောမှ ရေနံစိမ်းများကို ဖယ်ရှားရေးသည် သဘာဝပတ်ဝန်းကျင်ကပ်ဘေးကြီးတစ်ခုကို ရှောင်ရှားရေးအတွက် အရေးအကြီးဆုံး အဆင့်ဖြစ်ပြီး လုပ်ငန်းစဉ်အပြီးသတ်ရန် ၁၉ ရက်ထိ အချိန်ယူရမည်ဖြစ်သည်။

ယီမင်နိုင်ငံသည် ဆေးဖားရေနံတင်သင်္ဘောကို ကမ်းလွန်ရေပြင်အတွင်းထားရှိ၍ ရေနံသိုလှောင်ရေးစခန်းတစ်ခုအဖြစ် နှစ် ၃၀ ကျော်အသုံးပြုခဲ့သော်လည်း ၂၀၁၅ ခုနှစ်တွင် စတင်ဖြစ်ပွားခဲ့သည့် ယီမင်ပြည်တွင်းစစ်ကြောင့် ဆေးဖားရေနံတင်သင်္ဘောပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများရပ်ဆိုင်းခဲ့ရသည်။

အကယ်၍ ဆေးဖားရေနံတင်သင်္ဘောမှ ရေနံစိမ်းများယိုစိမ့်ခဲ့ပါက ရှင်းလင်းရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ဘီလီယံ၂၀ ထိ ကုန်ကျနိုင်သည်ဟု ကုလသမဂ္ဂကပြောကြားထားကြောင်း သိရသည်။ KKO

# ဘီလာရုစ်အစိုးရ အရေးပေါ်အခြေအနေများဝန်ကြီးဌာနက ဝန်ထမ်းများကို လက်နက်တပ်ဆင်၍ စစ်သင်တန်းများပေးထား

**မင့်စ် ဇူလိုင် ၂၅**

လက်နက်ကိုင် ပဋိပက္ခတစ်ရပ်ပေါ်ပေါက်လာပါက ကာကွယ်ရေးဝန်ကြီးဌာနကို ကူညီရေးအတွက် ဘီလာရုစ်အစိုးရ အရေးပေါ်အခြေအနေများဝန်ကြီးဌာနသည် လက်အောက်ခံ ဝန်ထမ်းများကို လက်နက်တပ်ဆင်၍ စစ်သင်တန်းများပေးထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စစ်ရေးပဋိပက္ခတစ်ရပ်သို့မဟုတ် အင်အားအလုံးအရင်း သုံးရန်လိုသည့် ပြဿနာတစ်ရပ်ပေါ်ပေါက်ခဲ့မည်ဆိုလျှင် မိမိ၏ဝန်ကြီးဌာနဝန်ထမ်းများအနေဖြင့် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့ကိုကူညီရန် အသင့်ရှိနေရလိမ့်မည်ဖြစ်ကြောင်း အရေးပေါ်အခြေအနေများဆိုင်ရာဝန်ကြီးဌာနဝန်ကြီး ဗာဒင်စင်ယက်စကီက ဘီလာရုစ်ပြည်တွင်းမီဒီယာများကို ထုတ်ဖော်ပြောကြားခဲ့သည်။

ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံကို စစ်ရေးအရ တိုက်ခိုက်ရာတွင် ဘီလာရုစ်နိုင်ငံသည်၎င်း၏တပ်များ ထည့်သွင်းမှုမရှိခဲ့သော်လည်း ရုရှားတပ်များအတွက် စစ်မျက်နှာတစ်ခုဖြစ်နိုင်ရန် ဘီလာရုစ်နယ်မြေများကို အသုံးပြုခွင့်ပေးခဲ့သည်။

ဘီလာရုစ်နိုင်ငံသည် ရုရှားနိုင်ငံ၏ အဓိကမဟာမိတ်နိုင်ငံဖြစ်ပြီး ရုရှားဖက်ဒရေးရှင်းနှင့် ပြည်ထောင်စုနိုင်ငံအဖြစ် ရပ်တည်ပေးမှုဖြင့် မဟာမိတ်ဖွဲ့စည်းထားသောနိုင်ငံဖြစ်သည်။




ထို့ပြင် ဘီလာရုစ်နိုင်ငံသည် ရုရှားနိုင်ငံ၏ နည်းဗျူဟာမြောက် နျူကလီးယား လက်နက်များကို ဘီလာရုစ်နိုင်ငံတွင်း၌ ဖြန့်ကြက်ခွင့်ပေးထားကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ဂါနီမီဒီဂြိုဟ်ရံလပေါ်၌ ဟိုက်ဒရိုဂျင်ပါရောဆိုက် ဓာတုဒြပ်ပေါင်းများ၏ သဲလွန်စကို နိုင်ငံတကာသိပ္ပံပညာရှင်များ တွေ့ရှိထား



**ဝါရှင်တန် ဇူလိုင် ၂၅**

ကြာသပတေးဂြိုဟ်၏ အကြီးဆုံးဂြိုဟ်ရံလဖြစ်သော ဂါနီမီဒီဂြိုဟ်ရံလပေါ်၌ ဟိုက်ဒရိုဂျင်ပါရောဆိုက် (Hydrogen Peroxide) ဓာတုဒြပ်ပေါင်းများ၏ သဲလွန်စကို နိုင်ငံတကာ သိပ္ပံပညာရှင်များက တွေ့ရှိထားကြောင်း Phys.org သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၂၄ ရက်တွင် ရေးသားတင်ပြထားသည်။

သို့ရာတွင် အဆိုပါ ဟိုက်ဒရိုဂျင်ပါရောဆိုက် ဓာတုဒြပ်ပေါင်းများသည်ဂါနီမီဒီဂြိုဟ်ရံလ၏ လတ္တီတွဒ်အမြင့်ပိုင်းတွင်သာ တည်ရှိနေကြောင်း အမေရိကန် သိပ္ပံပညာရှင်များဦးဆောင်သည့် နိုင်ငံတကာ သိပ္ပံပညာရှင်များက ပြောကြားသည်။

နိုင်ငံတကာသိပ္ပံပညာရှင်များသည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်ကို အသုံးပြု၍ ဂါနီမီဒီဂြိုဟ်ရံလပေါ်ရှိ ဟိုက်ဒရိုဂျင်ပါရောဆိုက်များကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂါနီမီဒီဂြိုဟ်ရံလပေါ် ဟိုက်ဒရိုဂျင်ပါရောဆိုက်များ ရှိနေနိုင်သည်ဟု သိပ္ပံပညာရှင်များက ရှေးယခင် နှစ်ပေါင်းများစွာကပင် သီအိုရီသဘောအရ ခန့်မှန်းခဲ့ကြကြောင်း သိရသည်။

ဂါနီမီဒီဂြိုဟ်ရံလသည် ကြာသပတေးဂြိုဟ်၏ အကြီးဆုံးဂြိုဟ်ရံလဖြစ်သကဲ့သို့ နေအဖွဲ့အစည်း၏ အကြီးဆုံးဂြိုဟ်ရံလလည်းဖြစ်သည်။

ကြာသပတေးဂြိုဟ်၏ အခြားဂြိုဟ်ရံလတစ်စင်းဖြစ်သော ယူရိုပါဂြိုဟ်ရံလပေါ်တွင်လည်း ဟိုက်ဒရိုဂျင်ပါရောဆိုက်များသည် အီကွေတာရပ်ဝန်းအနီး စုစည်းတည်ရှိနေတတ်ကြောင်း သိရသည်။ KKO

## ဖယ်လ်ကွန်ဟဲဗီးဒုံးပျံကို ဇူလိုင် ၂၆ ရက်တွင် လွှတ်တင်ရန် Space-X အာကာသနည်းပညာကုမ္ပဏီ စီစဉ်ထား

**ဝါရှင်တန် ဇူလိုင် ၂၅**

အမေရိကန်နိုင်ငံအခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် ဖယ်လ်ကွန်ဟဲဗီးဒုံးပျံကို ဇူလိုင် ၂၆ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ရေးသားတင်ပြထားသည်။

အဆိုပါဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ရန် Space-X ကုမ္ပဏီက စီစဉ်ထားသည်။

လက်ရှိအချိန်တွင် မလွှတ်တင်မီ ကြိုတင်ပြင်ဆင်မှုများ အပြီးသတ်ခဲ့ပြီဖြစ်ရာ ဖယ်လ်ကွန်ဟဲဗီးဒုံးပျံကို ဇူလိုင် ၂၆ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားသည်ဟု Space-X ကုမ္ပဏီက ကြေညာချက်ထုတ်ပြန်ထားကြောင်း သိရသည်။



Space-X ကုမ္ပဏီသည် လက်ရှိအချိန်ထိ ဖယ်လ်ကွန်ဟဲဗီးဒုံးပျံကို ခြောက်ကြိမ်ထိ လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ခုနစ်ကြိမ်မြောက်မစ်ရှင်ဖြစ်သည့် ဇူလိုင် ၂၆ ရက် မစ်ရှင်တွင် ဖယ်လ်ကွန်ဟဲဗီးဒုံးပျံသည် အက်ခိုးစတား-၂၄ အမည်ရှိ ဂြိုဟ်တုတစ်စင်းကို ကမ္ဘာပတ်လမ်းပေါ်သို့ ပို့ပေးမည်ဖြစ်သည်။

Space-X ကုမ္ပဏီသည် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလက ဖယ်လ်ကွန်ဟဲဗီးဒုံးပျံကို ပထမဆုံးအကြိမ် လွှတ်တင်ခဲ့ကြောင်း သိရသည်။

KKO

## တီယန်ကောင်းအာကာသစခန်းသို့ Zebrafish ရေချိုငါးတစ်မျိုး ပို့ဆောင်ရန် တရုတ်နိုင်ငံက စီစဉ်ထား

**ပေကျင်း ဇူလိုင် ၂၅**

Zebrafish ခေါ် ရေချိုငါးတစ်မျိုးကို တီယန်ကောင်းအာကာသစခန်းသို့ ပို့ဆောင်ရန် တရုတ်နိုင်ငံက စီစဉ်ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၂၄ ရက်တွင် ရေးသားတင်ပြထားသည်။

ဒြပ်ဆွဲအား သုညအဆင့်တွင် အလုံပိတ် ဂေဟစနစ်တစ်ခုအတွင်း ငါးနှင့်အဏုဇီဝသက်ရှိများ အပြန်အလှန် တုံ့ပြန်ပုံကို လေ့လာရေးအတွက် တီယန်ကောင်း အာကာသစခန်းပေါ်သို့ Zebrafish ငါးများ ပို့ဆောင်ရန် တရုတ်နိုင်ငံက စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အထက်ပါစမ်းသပ်မှုပြုလုပ်မည့်အချိန်နှင့် ကြာမြင့်မည့်ကာလတို့ကို တရုတ်အာကာသအေဂျင်စီမှ တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် ၂၀၁၂ ခုနှစ်အတွင်းက မီဒါကာခေါ် ဂျပန်ရေချိုငါးငယ်များကို နိုင်ငံတကာ အာကာသစခန်းသို့ ပို့ဆောင်၍ စမ်းသပ်မှုများပြုလုပ်ခဲ့ဖူးသည်။

အလားတူ ဆိုဗီယက်ပြည်ထောင်စုကလည်း ၁၉၇၆ ခုနှစ်က ဆိုယုဇ်-၂၀ မစ်ရှင်ဖြင့် ဆယ်လ်ယက်-၅ အာကာသစခန်းပေါ်သို့ Zebrafish ငါးများ ပို့လွှတ်ခဲ့ဖူးကြောင်း သိရသည်။

ဆိုဗီယက်အာကာသယာဉ်မှူးများ၏ စမ်းသပ်မှုအရ ဒြပ်ဆွဲအား သုညအဆင့်တွင် Zebrafish ငါးများသည် ၎င်းတို့၏အပြုအမူတချို့ကို အပြောင်းအလဲလုပ်ခဲ့ကြကြောင်း သိရသည်။

KKO

# HEALTH

## အမေရိကန် ကိုယ်ဝန်ဆောင်မိခင်လောင်းများကြား အသည်းရောင်ရောဂါ-စီ ဖြစ်ပွားမှုနှုန်းမြင့်တက်လာ

**နယူးယောက် ဇူလိုင် ၂၅**

အမေရိကန် ကိုယ်ဝန်ဆောင်မိခင်လောင်းများကြားတွင် အသည်းရောင် ရောဂါ-စီ (Hepatitis-C) ဖြစ်ပွားမှုနှုန်းမြင့်တက်လာကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၂၄ ရက်တွင် ရေးသားတင်ပြထားသည်။

ထို့ပြင် အမေရိကန် ကိုယ်ဝန်ဆောင် အမျိုးသမီးများကြား အသည်းရောင်ရောဂါ-စီ ဖြစ်ပွားနှုန်း မြင့်တက်လာမှုသည် မူးယစ်ဆေးဝါးထိုးသွင်းမှုနှင့် ဆက်စပ်နေကြောင်း အမေရိကန်နိုင်ငံ ဂျွန်ဟော့ကင်းတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ၁၉၉၈ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်ကြားကာလအတွင်း အမေရိကန် ကိုယ်ဝန်ဆောင် မိခင်လောင်းများကြား အသည်းရောင်ရောဂါ-စီဖြစ်ပွားမှုမှာ ၁၆ ဆ မြင့်တက်လာကြောင်း သိရသည်။

အသည်းရောင်ရောဂါ-စီကြောင့် သန္ဓေသားဖွံ့ဖြိုးမှုပြဿနာများနှင့် နေ့မစေ့ လမစေ့ မီးဖွားခြင်းကဲ့သို့ ပြဿနာများလည်းမြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက သတိပေးထားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်များအရ အသက် ၂၀ နှစ်နှင့် အသက် ၃၀ ကြား အမေရိကန် ကိုယ်ဝန်ဆောင်မိခင်လောင်းများ၌ အသည်းရောင်ရောဂါ-စီ ဖြစ်ပွားနှုန်းမှာ ရာခိုင်နှုန်း ၃၀၀၀ထိမြင့်မားနေကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အသည်းရောင်ရောဂါ-စီ သည် အမေရိကန်နိုင်ငံ၌ အဖြစ်အများဆုံး ရောဂါတစ်မျိုးဖြစ်ကြောင်း သိရသည်။ KKO

## ရောဂါရှာဖွေဖော်ထုတ်မှုအမှားများကြောင့် အမေရိကန်နိုင်ငံသား ဦးရေ ၃၇၁၀၀၀ သေဆုံးနေရ

**နယူးယောက် ဇူလိုင် ၂၅**

ရောဂါရှာဖွေဖော်ထုတ်မှု အမှားများကြောင့် အမေရိကန်နိုင်ငံ၌ နှစ်စဉ် လူဦးရေ ၃၇၁၀၀၀ မှာ သေဆုံးနေရပြီး လူဦးရေ ၄၂၄၀၀၀ မှာ တစ်ဘဝလုံး မသန်စွမ်းဖြစ်ရခြင်းပြဿနာများဖြင့် ရင်ဆိုင်နေရကြောင်း Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၂၄ ရက်တွင် ရေးသားတင်ပြထားသည်။


အမေရိကန်နိုင်ငံ ဂျွန်ဟော့ကင်းတက္ကသိုလ်မှ သုတေသနပညာရှင်များသည် ရောဂါစစ်ဆေးဖော်ထုတ်မှုအမှားများနှင့် ထိုအမှားများ၏ အကျိုးသက်ရောက်မှုများကို လေ့လာခဲ့ကြသည်။

လေ့လာမှုမှပေါ်ထွက်လာသည့် ရလဒ်များအရ အမေရိကန်နိုင်ငံသား ဦးရေ ၇၉၅၀၀၀ မှာ ရောဂါရှာဖွေဖော်ထုတ်မှု အမှားများ၏ အကျိုးသက်ရောက်မှုများကို နှစ်စဉ်ရင်ဆိုင်နေရသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ရောဂါပေါင်း ၁၅ မျိုး ဖော်ထုတ်မှု အမှားအယွင်းများ၏ အကျိုးသက်ရောက်မှုကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

မိမိတို့၏ တွေ့ရှိချက်အရ အထက်ပါရောဂါ ၁၅ မျိုးနှင့်ပတ်သက်သည့် ရောဂါဖော်ထုတ်မှုအမှားများကြောင့် အမေရိကန်နိုင်ငံသားဦးရေ ၃၇၁၀၀၀ မှာ နှစ်စဉ်သေဆုံးနေရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အလားတူ အမေရိကန်နိုင်ငံသားဦးရေ ၄၂၄၀၀၀ မှာလည်း အထက်ပါရောဂါဖော်ထုတ်မှုအမှားများကြောင့် တစ်ဘဝတာလုံး မသန်စွမ်းဖြစ်ရမှုဖြင့် နှစ်စဉ်ရင်ဆိုင်နေရကြောင်း သိရသည်။ KKO



# နိုင်ငံတကာ အားကစားသတင်းများ

## ဘာစီလိုနာအသင်းနှင့်ခြေစမ်းပွဲစဉ်တွင် ဘာလိုဂန်နှင့် ဇီချန်ကိုတို့ ပါဝင်နိုင်မည်မဟုတ်ကြောင်း အာတီတာ ပြောကြား




**လန်ဒန် ဇူလိုင် ၂၅**

ရာသီကြိုခြေစမ်းခရီးစဉ်အဖြစ် အမေရိကန်သို့ ရောက်ရှိနေသည့် အာဆင်နယ်အသင်းသည် ဇူလိုင် ၂၇ ရက်တွင် ဘာစီလိုနာအသင်းနှင့် ခြေစမ်းပွဲကစားရမည်ဖြစ်ပြီး အဆိုပါပွဲစဉ်တွင် တိုက်စစ်မှူး ဘာလိုဂန်နှင့် ခံစစ်ကစားသမား ဇီချန်ကိုတို့ ဒဏ်ရာပြဿနာကြောင့် ပါဝင်နိုင်မည်မဟုတ်ဟု နည်းပြ အာတီတာက ပြောကြားခဲ့ကြောင်း Footballlondon.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဘာလိုဂန်သည် ယခုအပြောင်းအရွှေ့ကာလတွင် အာဆင်နယ်အသင်းမှထွက်ခွာရန် စီစဉ်နေသောကြောင့် အာဆင်နယ်အသင်းက ၎င်းကိုရောင်းချရန် ပြောင်းရွှေ့ကြေး စတာလင်ပေါင်သန်း ၅၀ သတ်မှတ်ခဲ့ပြီး ပြီးခဲ့သည့် မန်ယူအသင်းနှင့် ခြေစမ်းပွဲစဉ်တွင်လည်း အသင်းလူစာရင်း၌ ချန်လှပ်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဘာလိုဂန်သည် ကြံ့ခိုင်မှုမပြည့်ဝသေးသည့်အတွက် တစ်ဦးချင်းလေ့ကျင့်ခန်းသာ ပြုလုပ်နေရပြီး အသင်းနှင့်အတူ ပူးပေါင်း ပါဝင်နိုင်ခြင်းမရှိသေးသကဲ့သို့ခံစစ်ကစားသမား ဇီချန်ကိုသည်လည်း ပြီးခဲ့သည့်ဘောလုံးရာသီကုန်ဆုံးချိန်တွင်ရရှိခဲ့သည့် ကြွက်သားဒဏ်ရာကြောင့် အသင်းလေ့ကျင့်ခန်းအစီအစဉ်တွင် ပါဝင်နိုင်ခြင်းမရှိသေးကြောင်း နည်းပြအာတီတာက ပြောကြားခဲ့သည်။

အာဆင်နယ်အသင်းသည် ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် ဇူလိုင် ၁၃ ရက် ဂျာမနီတွင် ကစားခဲ့သည့် နူရင်ဘတ်အသင်းနှင့် ပွဲစဉ်တွင် တစ်ဂိုးစီသရေရလဒ်၊ ဇူလိုင် ၂၀ ရက်က ကစားခဲ့သည့် အမေရိကန် အောစတားအသင်းနှင့် ပွဲစဉ်တွင် ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သော်လည်း မန်ယူအသင်းနှင့် ပွဲစဉ်တွင် နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ကာ ဇူလိုင် ၂၇ ရက်တွင် ဘာစီလိုနာအသင်း၊ ဩဂုတ် ၂ ရက်တွင် မိုနာကိုအသင်းတို့နှင့်ခြေစမ်းပွဲများ ဆက်လက်ကစားမည်ဖြစ်ကြောင်း သိရသည်။

ML

## မန်ယူအသင်းက ဟိုက်လန်းအတွက် ပြောင်းရွှေ့ကြေး သန်း ၆၀ ထက်ပိုပေးမည်မဟုတ်

**မန်ချက်စတာ ဇူလိုင် ၂၅**

မန်ယူအသင်းက ယခုအပြောင်းအရွှေ့ကာလတွင် တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် အတ္တလန်တာအသင်း တိုက်စစ်မှူး ဟိုက်လန်းကို ခေါ်ယူရန် ဦးစားပေးပစ်မှတ်ထားနေသော်လည်း ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၆၀ ထက် ပိုပေးနိုင်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်ဟု ဒေးလီးမေးလ် သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဟိုက်လန်းသည် မန်ယူအသင်းက ခေါ်ယူရန် ဦးစားပေးပစ်မှတ်ဖြစ်ခဲ့သဖြင့် အသင်းတာဝန်ရှိသူများက အတ္တလန်တာအသင်းနှင့် ဆွေးနွေးမှုပြုလုပ်ခဲ့ရာ အတ္တလန်တာအသင်းက ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် ၈၆ သန်းထိအလိုရှိနေသောကြောင့် မန်ယူအသင်းက ဟိုက်လန်းအတွက် စတာလင်ပေါင် သန်း ၆၀ ထက် ပိုမိုသုံးစွဲမည်မဟုတ်ဟု တရားဝင်ပြောကြားခဲ့သည်။

အသက် ၂၀ ရှိ ဟိုက်လန်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက စတန်းဂရေ့စ်အသင်းမှ အတ္တလန်တာအသင်းသို့ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၁ သန်းဖြင့် ပြောင်းရွှေ့ရောက်ရှိခဲ့ပြီး အသင်းနှင့်အတူ စီးရီးအေပြိုင်ပွဲတွင် ကိုးဂိုးထိသွင်းယူကာ ခြေစွမ်းပြသနိုင်ခဲ့သဖြင့် မန်ယူအသင်းက တိုက်စစ်ပိုင်းအတွက် ဟိုက်လန်းကို ဦးစားပေးပစ်မှတ်ထား၍ စပါးအသင်း တိုက်စစ်မှူး ဟယ်ရီကိန်းကို ဒုတိယ ဦးစားပေးခေါ်ယူရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် မန်ယူအသင်းသည် ချဲလ်ဆီးအသင်းမှ ကွင်းလယ်ကစားသမား မေဆင်မောင့်နှင့် အင်တာမီလန်အသင်းမှ ဂိုးသမား အိုနာနာတို့ကိုခေါ်ယူခဲ့ရာတွင် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၁၀၀ ခန့်သုံးစွဲခဲ့ရသဖြင့် ဟိုက်လန်းကို စတာလင်ပေါင် သန်း ၆၀ ထက် ပိုပေးပါက ဘဏ္ဍာရေးစည်းမျဉ်းနှင့် ကိုက်ညီမည် မဟုတ်သောကြောင့် သန်း ၆၀ ထက်ပိုမပေးရန် အသင်းတာဝန်ရှိသူများက ဆုံးဖြတ်ခဲ့သည်ဟု သတင်းထွက်ပေါ်လျက်ရှိကြောင်း သိရသည်။

ML



## ဝက်ဖို့ဒ်ကစားသမား အစ်စမာလီယာဆားကို မာဆေးအသင်း ယူရို ၁၃ သန်းဖြင့် ခေါ်ယူ

**ပဲရစ် ဇူလိုင် ၂၅**

မာဆေးအသင်းက အင်္ဂလန်ချန်ပီယံရှစ်ကလပ် ဝက်ဖို့ဒ်အသင်းနှင့် ခြေစွမ်းပြကစားနေသည့် အစ်စမာလီယာဆားကို ပြောင်းရွှေ့ကြေးယူရို ၁၃ သန်းဖြင့်ခေါ်ယူ၍ သုံးနှစ် စာချုပ်ချုပ်ဆိုခဲ့ကြောင်း Footballtoday.com က ယနေ့တွင် ဖော်ပြခဲ့သည်။

တိုက်စစ်မှူး အစ်စမာလီယာဆားသည် ဝက်ဖို့ဒ်အသင်းနှင့် ၂၀၂၄ ခုနှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး အသင်းအနေဖြင့် အလွတ်ပြောင်းရွှေ့ခွင့်မပြုနိုင်သောကြောင့် မာဆေးအသင်း၏ ကမ်းလှမ်းမှုကိုလက်ခံခဲ့၍ ယူရို ၁၃ သန်းဖြင့် ရောင်းချခဲ့ခြင်းဖြစ်သည်။

အသက် ၂၅နှစ်ရှိ အစ်စမာလီယာဆားသည် ၂၀၁၉ ခုနှစ်က ပြင်သစ်ကလပ် ရင်းနက်အသင်းမှ ဝက်ဖို့ဒ်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး အသင်းတွင် ကစားခဲ့သည့် သုံးနှစ်တာကာလတွင် ပြိုင်ပွဲစုံ ၁၃၁ ပွဲပါဝင်ခဲ့ရာ သွင်းဂိုး ၃၄ ဂိုးနှင့် ဂိုးဖန်တီးမှု ၂၄ ကြိမ်ထိပြုလုပ် ခြေစွမ်းပြသကစားနိုင်သောကြောင့် မာဆေးအသင်းက တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် ပြင်သစ်လိဂ်ပြိုင်ပွဲတွင် အတွေ့အကြုံရှိသည့် အစ်စမာလီယာဆားကို ခေါ်ယူရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

မာဆေးအသင်းသည် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲ ဝင်ခွင့်ရရှိခဲ့သည့်အတွက် နည်းပြမာဆယ်လီနိုကို နည်းပြသစ်ခန့်အပ်ခဲ့ပြီးနောက်ပိုင်း ကစားသမားသစ်ခေါ်ယူမှုများပြုလုပ်ခဲ့ရာ အေဗာတိုအသင်း ခံစစ်ကစားသမား လိုဒီ၊ ချဲလ်ဆီးအသင်းတိုက်စစ်မှူး အူဘာမီယန်းနှင့် ဝက်ဖို့ဒ်အသင်း တိုက်စစ်မှူး အစ်စမာလီယာဆားတို့ကို ခေါ်ယူအားဖြည့်ခဲ့သည့်အပြင် ရှက်ဖီးလ်(U)အသင်း တိုက်စစ်မှူး အန်ဒီရီကိုလည်း ခေါ်ယူနိုင်ရန် သဘောတူညီမှုရယူနိုင်ခဲ့ပြီး ဥရောပပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

ML

## အတ္တလန်တာအိုးပင်းတင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် ကော့ကီနာကစ်က မွန်ဖီးလ်ကို အနိုင်ရရှိပြီး ဒုတိယအဆင့်သို့တက်ရောက်

**ဂျော်ဂျီယာ ဇူလိုင် ၂၅**

အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် အတ္တလန်တာ၌ကျင်းပနေသည့် အတ္တလန်တာအိုးပင်းတင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်အဖြစ် ဩစတြေးလျတင်းနစ်ကစားသမား ကော့ကီနာကစ်နှင့် ပြင်သစ်တင်းနစ်ကစားသမား မွန်ဖီးလ်တို့ ယှဉ်ပြိုင်ကစားသွားခဲ့ရာ ကော့ကီနာကစ်က (၁-၆၊ ၆-၃၊ ၇-၅)ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း The West သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မွန်ဖီးလ်သည် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲနောက်ပိုင်း ပထမဆုံးအကြိမ်ပြန်လည် ဝင်ရောက်ကစားခဲ့ခြင်းဖြစ်ပြီး ကော့ကီနာကစ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပွဲငယ်၌ ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ပြန်လည်ရှုံးနိမ့်ခဲ့ကာ အဆုံးအဖြတ်ပွဲစဉ်တွင် အကြိတ်အနယ်ရှိခဲ့ပြီး ကော့ကီနာကစ်က Tie-break တွင် အနိုင်ရရှိခဲ့ကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မွန်ဖီးလ်သည် ယခုနှစ်တင်းနစ်ရာသီတွင် ရလဒ်များကျဆင်းနေသည့်အခြေအနေမှ ရုန်းထွက်နိုင်ခြင်းမရှိသေးဘဲ အတ္တလန်တာအိုးပင်းတင်းနစ်ပြိုင်ပွဲမှ အစောဆုံးထွက်ခွာခဲ့ရသည့် နာမည်ကြီးကစားသမားဖြစ်ခဲ့သည်။

ဩစတြေးလျတင်းနစ် ကစားသမား ကော့ကီနာကစ်က “ပထမပွဲငယ်မှာပြတ်သားတဲ့ ရလဒ်နဲ့ရှုံးနိမ့်ခဲ့လို့ ဖိအားဝင်ခဲ့ပါတယ်။ ဒါပေမဲ့ ဒုတိယပွဲငယ်မှာတော့ အကောင်းဆုံးပုံစံပြန်ရခဲ့တယ်။ တတိယပွဲငယ်ကတော့ တော်တော်လေးကို ခက်ခဲခဲ့ပါတယ်။ နှစ်ယောက်စလုံးအတွက် အရေးကြီးတဲ့ ပွဲငယ်ဖြစ်တဲ့အတွက် အကောင်းဆုံးကြိုးစားခဲ့ကြတယ်။ Tie-Break မှာ ကျွန်တော် ကံကောင်းခဲ့ပါတယ်။ ဒုတိယပွဲငယ်က ရှုံးပွဲကြောင့် မွန်ဖီးလ်အနေနဲ့ ဖိအားများသွားတာဖြစ်နိုင်ပါတယ်။ ဖိအားဝင်သွားလို့လဲ အမှားတချို့ ကျူးလွန်ခဲ့တာ တွေ့ရပါတယ်”ဟု ပြောကြားခဲ့သည်။

ကော့ကီနာကစ်သည် ဒုတိယအဆင့်တွင် တစ်နိုင်ငံတည်းသား ဒီမီနောနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဒီမီနောသည်ဒုတိယအဆင့်မှစတင်၍ ပါဝင်ယှဉ်ပြိုင်ခွင့်ရထားသူဖြစ်ကြောင်း သိရသည်။

AZL



## အားကစားသတင်း အတိုအထွာများ

- ဟော်ဖန်ဟိမ်းအသင်းက တူရကီကလပ် ဖီနာဘာချီအသင်း ကစားသမား ဆာလိုင်ကို လေးနှစ်သဘောတူစာချုပ်ဖြင့်ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။
- တူရကီကလပ် ဒီမာစပေါ်အသင်းက တိုက်စစ်မှူး နာနီကို တစ်နှစ်သက်တမ်းတိုးစာချုပ် ထပ်မံချုပ်ဆိုနိုင်ခဲ့သည်ဟု ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။
- တိုက်စစ်မှူး ပူလီဆစ်သည် အေစီမီလန်အသင်းအား ဆုဖလားများရရှိအောင် စွမ်းဆောင်ပေးနိုင်မည်ဖြစ်ကြောင်း တောင်ပံကစားသမား လီအိုက ပြောကြားခဲ့သည်။
- လီဗာပူးအသင်းကွင်းလယ်ကစားသမား ဖာဘင်ဟိုသည် အယ်အီတီဟတ်အသင်းသို့ စတာလင်ပေါင် သန်း ၄၀ ဖြင့် ပြောင်းရွှေ့မည့်အစီအစဉ်ပျက်ပြယ်ခဲ့ပြီးနောက် ရာသီကြိုခြေစမ်းပွဲကစားမည့်အသင်းလူစာရင်းတွင် ပြန်လည်ပူးပေါင်းခဲ့ကြောင်း သိရသည်။

ML

# ပါကစ္စတန်ရေတပ်အဆင့်မြှင့်တင်ရာတွင် ကူညီလျက်ရှိသော တရုတ်နိုင်ငံ

ဝင်းစင်(သုတေသန)



လွန်ခဲ့သောဆယ်စုနှစ်တစ်ခုကျော်ကာလအတွင်း အိန္ဒိယသမုဒ္ဒရာဒေသတွင် တရုတ်နိုင်ငံ၏လွှမ်းမိုးမှုသည် နိုင်ငံတကာ သတင်းခေါင်းကြီးပိုင်းများတွင် နေရာယူထားသောကြောင့် ပါကစ္စတန်၏ ပင်လယ်ရေကြောင်းဆိုင်ရာ အဆင့်မြင့်တိုးတက်လာမှုများအပေါ်တွင် အာရုံစူးစိုက်မှုနည်းပါးခဲ့ကြသည်။ ပိုမိုအံ့သြဖွယ်ရာကောင်းသည့်အချက်မှာ အစ္စလာမ်မာဘတ်သည် ဘဏ္ဍာရေးအကျပ်အတည်းနှင့် နိုင်ငံရေးမတည်ငြိမ်မှုများရှိနေသော်လည်း ၎င်း၏ရေတပ်ဆိုင်ရာစစ်ရေယာဉ်စုများကိုမူ ဆက်လက်အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိသောကြောင့် အိန္ဒိယနှင့်အခြားသောအိမ်နီးချင်းနိုင်ငံများကို စိုးရိမ်ပူပန်မှုမြင့်တက်လာစေလျက်ရှိသည်။

တရုတ်နိုင်ငံသည် ပါကစ္စတန်၏ ရေတပ်အဆင့်မြှင့်တင်တည်ဆောက်မှုကို အဓိကကျသော မဟာမိတ်၏စွမ်းဆောင်ရည်များထိ ပိုင်ဆိုင်နိုင်စေရန် တိုးမြှင့်ကူညီလျက်ရှိသည်။ ထိုသို့ ကူညီပေးခြင်းအားဖြင့် အိန္ဒိယသမုဒ္ဒရာဒေသ (IOR)တွင် တရုတ်နိုင်ငံအနေဖြင့် လုံခြုံရေးဆိုင်ရာပြဿနာများ ရင်ဆိုင်ရသည့်အချိန်တွင် ပါကစ္စတန်ထံမှ အကူအညီများရရှိစေရန် ပင်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံသည် IOR တွင် ၎င်း၏ရေတပ်တည်ရှိမှုကို တိုးမြှင့်ခဲ့ပြီး အာဖရိကဦးချိုဒေသဖြစ်သော ဂျီဘူတီတွင် ပထမဆုံးသော ပြည်ပစစ်အခြေစိုက်စခန်းကို တပ်ဖြန့်ချထားနိုင်ခဲ့သည်။ လွန်ခဲ့သောဆယ်စုနှစ် နှစ်ခုကျော်ကာလအတွင်း တရုတ်-ပါကစ္စတန်စစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် ပင်လယ်ရေကြောင်းဆိုင်ရာ တပ်ဖွဲ့များဆီသို့ ဦးတည်ပြောင်းလဲလာခဲ့သည်။

ပါကစ္စတန်သည် တရုတ်နိုင်ငံမှနည်းပညာမြင့်မားသော စစ်ရေယာဉ်များကို ဝယ်ယူလျက်ရှိရာ Yuan အတန်းအစား Type 039/041 ဒီဇယ်သုံးချူကလီးယားရေငုပ်သင်္ဘောများဝယ်ယူရန် ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅ ဘီလီယံတန်ဖိုးရှိသောစာချုပ်တစ်ရပ် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၂၈ ခုနှစ်တွင် ၎င်းရေငုပ်သင်္ဘောများကို လွှဲပြောင်းပေးသွားမည်ဖြစ်သည်။ ပါကစ္စတန်သည် တရုတ်နိုင်ငံထံမှရေငုပ်သင်္ဘော ရှစ်စီးထိဝယ်ယူသွားမည်ဖြစ်ပြီး ၂၀၂၃ ခုနှစ်ကုန်ပိုင်းတွင် လေးစီးလွှဲပြောင်းပေးရန်စီစဉ်ထားရှိသည်။ ပထမဆုံးရေငုပ်သင်္ဘောလေးစီးကို တရုတ်သင်္ဘောတည်ဆောက်ရေးစက်မှုလုပ်ငန်း ကော်ပိုရေးရှင်းက တည်ဆောက်သွားမည်ဖြစ်ပြီး အခြားလေးစီးကို ပါကစ္စတန်နိုင်ငံတွင် ကရာချီသင်္ဘောတည်ဆောက်ရေးနှင့်အင်ဂျင်နီယာလုပ်ငန်းက တည်ဆောက်သွားမည်ဖြစ်သောကြောင့် ပါကစ္စတန်နိုင်ငံ၏ ပြည်တွင်းစက်မှုစွမ်းဆောင်ရည်များ တိုးတက်လာစေသည်။

၎င်းရေငုပ်သင်္ဘောများကို အဆင့်မြင့်အာရုံခံစနစ်များနှင့် ခေတ်မီလက်နက်စနစ်များ တပ်ဆင်သွားမည်ဖြစ်သောကြောင့် ပါကစ္စတန်နိုင်ငံ၏ နည်းဗျူဟာမြောက် စွမ်းဆောင်ရည်ကို တိုးတက်လာစေမည်ဖြစ်သည်။ အဆိုပါရေငုပ်သင်္ဘောများသည် ပါကစ္စတန်ရေတပ်၏ ပင်လယ်ပြင်ထိုးစစ်ဆိုင်ရာ မဟာဗျူဟာနှင့်အညီ တာဝန်ထမ်းဆောင်သွားမည်ဖြစ်သည်။ ၎င်းမဟာဗျူဟာသည် ရေတပ်ဆိုင်ရာစစ်ဆင်ရေးတွင် ရေငုပ်သင်္ဘောများနှင့် ဒုံးကျည်သယ်ယူနိုင်သော ပင်လယ်ရေကြောင်းဆိုင်ရာ ကင်းလှည့်လေယာဉ်များကို အဓိကထား၍ အသုံးပြုသွားမည်ဖြစ်သည်။

ထို့ပြင် ပါကစ္စတန်သည် ၎င်း၏ရေပြင်သွားရေယာဉ်အုပ်ကိုလည်း တိုးချဲ့တည်ဆောက်လျက်ရှိသည်။ တရုတ်နိုင်ငံ၏ Type 053H3 ရေယာဉ်များကို အခြေခံတည်ဆောက်ထားသည့် Zulfiqar အတန်းအစား ဖရီးဂိတ်များကိုလည်း တပ်တော်ဝင်ထားရှိပြီး ၎င်းစစ်ရေယာဉ်များသည် ရေငုပ်သင်္ဘောတိုက်ဖျက်ရေး စစ်ဆင်ရေးအပါအဝင် ဘက်စုံအခန်းကဏ္ဍများတွင် တာဝန်ထမ်းဆောင်သွားမည်ဖြစ်သည်။ ၎င်းဖရီးဂိတ်သည် ရေပြင်စစ်ဆင်ရေးဆင်နွှဲရန် YJ-82 ဒုံးကျည်များနှင့် ကိုယ်ပိုင်ကာကွယ်ရေးအတွက် FM-90N အမျိုးအစား ရေပြင်မှဝေဟင်ပစ်တာတိုပစ်ဒုံးကျည်များ သယ်ဆောင်တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်သည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် ပါကစ္စတန်ရေတပ်သည် ၎င်း၏အဆင့်မြင့်ဆုံးရေယာဉ်ဖြစ်သည့် ပဲ့ထိန်းဒုံးကျည်တင်ဖရီးဂိတ် Tughril ကို တပ်တော်ဝင်ခဲ့သည်။ Tughril သည် ပါကစ္စတန်ရေတပ်အတွက် ရှန်ဟိုင်းတွင် တည်ဆောက်ထားသည့် စွမ်းအားမြင့် Type 054A/P ဖရီးဂိတ် လေးစီးအနက် ပထမဆုံးတစ်စီးပင်ဖြစ်သည်။ ရေပြင်မှဝေဟင်ပစ်ဒုံးကျည်များနှင့် အသံလွန်ရေပြင်ပစ်ဒုံးကျည် (SSMs)များ တပ်ဆင်ထားသော ၎င်းစစ်ရေယာဉ်သည် မစ်ရှင်ပေါင်းစုံထမ်းဆောင်နိုင်သည့် စွယ်စုံသုံးစစ်ရေယာဉ်တစ်စီးပင်ဖြစ်သည်။ အလားတူစစ်ရေယာဉ်ဖြစ်သည့် ဒုတိယမြောက်ဖရီးဂိတ် Taimur ကို ၂၀၂၂ ခုနှစ် ဇွန်လက တပ်တော်ဝင်ခဲ့သည်။

လာမည့်နှစ်များတွင်လည်း ပါကစ္စတန်သည် အလားတူ ဖရီးဂိတ်စစ်ရေယာဉ်နှစ်စီးကို တပ်တော်ဝင်သွားရန်ရှိပြီး ရေတပ်က ၎င်းရေယာဉ်များကို ဘက်စုံသုံးစစ်ရေယာဉ်များအဖြစ် ရှုမြင်ထားရှိသည်။ သို့သော် အဆိုပါဖရီးဂိတ်များသည် ချို့ယွင်းချက်ရှိသော ပုံရိပ်ဖော်ကိရိယာများ၊ ရေဒါပြဿနာများ၊ အင်ဂျင်ချို့ယွင်းမှုများနှင့် အခြားသောနည်းပညာဆိုင်ရာ လိုအပ်ချက်များအပါအဝင် ပြဿနာပေါင်းစုံနှင့်လည်း ရင်ဆိုင်ရလျက်ရှိသည်။

Tughril အတန်းအစား ဖရီးဂိတ်များသည် ပါကစ္စတန်၏ရေယာဉ်စုတွင် စွမ်းဆောင်ရည်များ တိုးတက်လာစေမည်ဖြစ်သော်လည်း ၎င်းတို့အနေဖြင့် အိန္ဒိယရေတပ်၏ စွမ်းဆောင်ရည်များနှင့်အဆင့်မြင့်နည်းပညာများကို ဟန့်တားနိုင်စွမ်းရှိမည်မဟုတ်ချေ။ သို့သော် အိန္ဒိယအနေဖြင့် IOR တွင် အင်အားတည်ဆောက်လာသည့် ပါကစ္စတန်၏အရွေ့ကို စောင့်ကြည့်သွားရန် လိုအပ်သည်။ အဆိုပါအဆင့်မြင့် ဖရီးဂိတ်စစ်ရေယာဉ်များသည် အလွန်ဝေးကွာသော ရေပိုင်နက်များအတွင်း ပါကစ္စတန်ရေတပ်၏ စွမ်းဆောင်ရည်ကို တိုးမြှင့်ပေးနိုင်မည်ဖြစ်သည်။ ပါကစ္စတန်ရေတပ်သည် ယခုနှစ်အတွင်း အရှေ့တရုတ်ပင်လယ်တွင် တရုတ်ရေတပ်နှင့်ပူးတွဲစစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်ခြင်းအားဖြင့် ၎င်း၏စွမ်းဆောင်ရည်ကို ပြသခဲ့ပြီးဖြစ်သည်။

တရုတ်နိုင်ငံအပြင် တူရကီနိုင်ငံအနေဖြင့်လည်း ပါကစ္စတန်၏ရေယာဉ်စုများကို ခေတ်မီအဆင့်မြှင့်တင်တည်ဆောက်ရာတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ ၂၀၁၈ ခုနှစ်တွင် ပါကစ္စတန်နှင့်တူရကီနိုင်ငံတို့သည် Turkish Ada အတန်းအစားသင်္ဘောများ၏ ဒီဇိုင်းပုံစံကိုအခြေခံလျက် Milgem အတန်းအစားဖျက်သင်္ဘောလေးစီး တည်ဆောက်ရန် ကန်ထရိုက်စာချုပ်တစ်ရပ်လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါစာချုပ်အရ တူရကီသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင်ပါကစ္စတန်နိုင်ငံသို့ စစ်ရေယာဉ်လေးစီး လွှဲပြောင်းပေးသွားမည်ဖြစ်သည်။

ပါကစ္စတန်နိုင်ငံ၏ အကြီးစားစစ်ရေယာဉ်များ ဆက်လက်တည်ဆောက်မှုသည် ဒေသတွင်း၌အာဏာဖြန့်ကြက်သွားလိုသော ၎င်း၏ရည်မှန်းချက်ကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ စစ်ရေယာဉ်များ တိုးတက်တည်ဆောက်ခြင်းသည် အိန္ဒိယနိုင်ငံကို စိုးရိမ်ပူပန်နေရုံသက်သက်မဟုတ်ဘဲ လွတ်လပ်သောပင်လယ်ပြင်ထိန်းသိမ်းခြင်းဆိုသည့် ပါကစ္စတန်၏ ပင်လယ်ရေကြောင်းဆိုင်ရာ မဟာဗျူဟာဟန်ချက်ထိန်းညှိသွားရန်ပင်ဖြစ်သည်။

❖ တရုတ်နိုင်ငံသည် ပါကစ္စတန်၏ ရေတပ်အဆင့်မြှင့်တင်တည်ဆောက်မှုကို အဓိကကျသော မဟာမိတ်၏စွမ်းဆောင်ရည်များထိ ပိုင်ဆိုင်နိုင်စေရန် တိုးမြှင့်ကူညီလျက်ရှိသည်။ ထိုသို့ ကူညီပေးခြင်းအားဖြင့် အိန္ဒိယသမုဒ္ဒရာဒေသ (IOR)တွင် တရုတ်နိုင်ငံအနေဖြင့် လုံခြုံရေးဆိုင်ရာပြဿနာများ ရင်ဆိုင်ရသည့်အချိန်တွင် ပါကစ္စတန်ထံမှ အကူအညီများရရှိစေရန်ပင်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံသည် IOR တွင် ၎င်း၏ရေတပ်တည်ရှိမှုကိုတိုးမြှင့်ခဲ့ပြီး အာဖရိကဦးချိုဒေသဖြစ်သော ဂျီဘူတီတွင် ပထမဆုံးသော ပြည်ပစစ်အခြေစိုက်စခန်းကို တပ်ဖြန့်ချထားနိုင်ခဲ့သည်။ ❖

ပါကစ္စတန်နိုင်ငံ၏ ပင်လယ်ရေကြောင်းဆိုင်ရာ မဟာဗျူဟာသည် ငြင်းပယ်ခံထားရသော ပင်လယ်ပြင်သို့ ချဉ်းကပ်ခြင်းမှသည် IOR တွင် စဉ်ဆက်မပြတ်တည်ရှိနိုင်ရေး အလေးထားသည့် မဟာဗျူဟာသို့ ပြောင်းလဲဖော်ဆောင်လာလျက်ရှိသည်။ အာရေးဗီးယားပင်လယ်နှင့် အိန္ဒိယသမုဒ္ဒရာတွင် ပင်လယ်ရေကြောင်း စစ်ဆင်နွှဲရန်အတွက် တရုတ်ရေတပ်၏ လက်နက်ဖြစ်သည့် တရုတ်နိုင်ငံထုတ် J-10 တိုက်လေယာဉ်ကို ပါကစ္စတန်ရေတပ်က အသုံးပြုနိုင်မည်ဖြစ်သည်။ သင်္ဘောဖျက်ဒုံးကျည်များ တင်ဆောင်နိုင်သော စစ်လေယာဉ်သည် ပါကစ္စတန်ရေတပ်ကို အိန္ဒိယသမုဒ္ဒရာတွင် မစ်ရှင်များပိုမိုထမ်းဆောင်စေနိုင်မည်ဖြစ်သည်။

ပါကစ္စတန်ရေတပ်အဆင့်မြှင့်တင်မှုနှင့် ဂွါဒါဆိပ်ကမ်းတိုးတက်တည်ဆောက်မှုတို့သည် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း (BRI)ပင်လယ်ပြင်ရေလမ်းကြောင်းများ ဘေးကင်းလုံခြုံစေရေး တရုတ်-ပါကစ္စတန်ပူးပေါင်းဆောင်ရွက်မှု၏တစ်စိတ်တစ်ဒေသဖြစ်သည့်အပြင် အိန္ဒိယသမုဒ္ဒရာနှင့် အာရေးဗီးယားပင်လယ်တွင် တရုတ်ရေတပ်၏ တည်ရှိမှုကိုအထောက်အကူပြုစေရန်အတွက်လည်းဖြစ်သည်။ ဂွါဒါဆိပ်ကမ်းရှိ ခေတ်မီရေတပ်အခြေစိုက်စခန်းသည် တရုတ်နိုင်ငံကို ပင်လယ်ပြင်လမ်းကြောင်းများအား ကင်းလှည့်စောင့်ကြည့်နိုင်သည့်အပြင် အိန္ဒိယသမုဒ္ဒရာအတွင်း အမေရိကန်က ဆောင်ရွက်နေသော ရေတပ်ကင်းလှည့်မှုများကိုလည်း စောင့်ကြည့်သွားနိုင်မည်ဖြစ်သည်။ အိန္ဒိယသမုဒ္ဒရာသည် အတ္တလန္တိတ်နှင့် ပစိဖိတ်သမုဒ္ဒရာတို့ကြား ရေနံတင်ပို့ရာတွင် မဟာဗျူဟာမြောက် ချိတ်ဆက်မှုအဖြစ် ဆက်လက်တည်ရှိနေသည်။

တောင်တရုတ်ပင်လယ်နှင့် ထိုင်ဝမ်ရေလက်ကြားတွင် အမေရိကန်ရေတပ်၏ လွတ်လပ်စွာရေကြောင်းသွားလာမှုဆိုင်ရာလှုပ်ရှားမှုများသည် တရုတ်နိုင်ငံကို စိတ်အနှောင့်အယှက်ဖြစ်ပေါ်စေလျက်ရှိသည်။ တရုတ်နိုင်ငံအနေဖြင့်လည်း ဂွါဒါဆိပ်ကမ်း၌ ရေတပ်အခြေစိုက်စခန်းတည်ဆောက်ခြင်းအားဖြင့် မဟာဗျူဟာမြောက်ခြေကုပ်ယူကာ အိန္ဒိယသမုဒ္ဒရာတွင် အမေရိကန်ကို ဟန်ချက်ထိန်းညှိနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

လက်ရှိအချိန်တွင် ပါကစ္စတန်သည် ၎င်း၏ပြိုင်ဘက် အိန္ဒိယနိုင်ငံကို ပင်လယ်ရေကြောင်းဆိုင်ရာ စွမ်းအားတွင် အမီလိုက်နိုင်ခြင်းမရှိသော်လည်း တရုတ်၊ တူရကီနိုင်ငံတို့နှင့်ပူးပေါင်းပြီး ခေတ်မီအဆင့်မြှင့်တင်တည်ဆောက်ခြင်းနှင့် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုများ ပြန်လည်ဆန်းသစ်ခြင်းသည် အစ္စလာမ်မာဘတ်ကို ဒေသတွင်းရေတပ်ဆိုင်ရာ အင်အားကြီးနိုင်ငံအဖြစ်သို့ ပြောင်းလဲဖြစ်ပေါ်လာစေနိုင်ပေသည်။ အဆင့်မြင့်ဖရီးဂိတ်များနှင့်အခြားသော လက်နက်များတပ်ဆင်ထားသည့် အင်အားတောင့်တင်းသော ပါကစ္စတန်ရေတပ်ဖြစ်ပေါ်လာရေးသည် ပါရှန်ပင်လယ်မှဖြတ်သန်းလာမည့် တရုတ်ရေနံသင်္ဘောများ လုံခြုံမှုရှိစေရန်နှင့် အိန္ဒိယသမုဒ္ဒရာကိုဖြတ်သန်းသွားလာသော ပင်လယ်ရေလမ်းကြောင်းကို ထိန်းချုပ်သွားရေးဆိုသည့် တရုတ်နိုင်ငံ၏ မဟာဗျူဟာစီမံကိန်း တစ်စိတ်တစ်ဒေသပင်ဖြစ်ပေသည်။

**ကိုးကား**

- **China is Helping Modernize the Pakistan Navy. What Does That Mean for India? By the Diplomat.**

# သူစေညွှန်ရာ ရုပ်သံဇာတ်လမ်းတွဲကို ရန်ကုန်တိုင်းဒေသကြီးတွင် ရိုက်ကူးမည်ဖြစ်



**ရန်ကုန် ဇူလိုင် ၂၅**

Thu Khu Ma Academy Film Production က ရိုက်ကူးထုတ်လုပ်မည့် သူစေညွှန်ရာ ရုပ်သံဇာတ်လမ်းတွဲကို ရန်ကုန်တိုင်းဒေသကြီးတွင် ဇာတ်အိမ်တည်ကာ ရိုက်ကူးမည်ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲ၏ ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာ ကျော်ဖိုဖိုသာက ပြောပြ၍ သိရသည်။

သူစေညွှန်ရာ ရုပ်သံဇာတ်လမ်းတွဲသည် မူးယစ်ဆေးဝါးပညာပေး မိသားစုဒရာမာပုံစံ ဝတ္ထုဇာတ်လမ်းဖြစ်ပြီး သုခုမအကယ်ဒမီသရုပ်ဆောင်သင်တန်းမှ သင်တန်းသား၊ သင်တန်းသူများက ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ကြောင်း၊ ၎င်းဇာတ်လမ်းတွဲကို ဩဂုတ် ၅ ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်အနီးတစ်ဝိုက်တွင် ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

"Thu Khu Ma Academy ရဲ့ စတုတ္ထမြောက် ဇာတ်လမ်းတွဲဖြစ်တဲ့ သူစေညွှန်ရာကို ရိုက်ကူးမှာဖြစ်ပါတယ်။ ဒီဇာတ်လမ်းမှာ ပါဝင်မဲ့သူအားလုံးဟာ ကျွန်တော်တို့ သုခုမအကယ်ဒမီသရုပ်ဆောင်သင်တန်းက သင်တန်းသား၊ သင်တန်းသူတွေ ပါဝင်ကြမှာပါ။ မင်းသားသစ် Tommy Han အပြင် ပါဝင်ကြမဲ့ သူအားလုံးကလဲ သရုပ်ဆောင်အလုပ်ကို တကယ်ဝါသနာပါတဲ့သူတွေပဲဖြစ်ပါတယ်။ အားလုံးကလဲ ကြိုးစားကြတဲ့သူတွေဖြစ်လို့ ဇာတ်လမ်းတွဲလေး ထွက်လာရင်လဲ အားပေးကြပါလို့ ပြောချင်ပါတယ်"ဟု ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာ ကျော်ဖိုဖိုသာက ပြောပြသည်။

သူစေညွှန်ရာ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များဖြစ်သည့် မြတ်မွန်၊ Tommy Han ၊ Nora Moe၊ ခန့်ကျော်၊ သော်တာနွယ်ဝင်၊ ညယွန်းချယ်ရီ၊ ဘုန်းမြတ်သိမ်၊ ဝူးနေခြည်ရွှန်းလက်၊ အိန္ဒြာကျော်မင်း၊ နန်းမေမြတ်နိုး၊ နှင်းအက္ခရာ၊ အိသဥ္ဇာဦး၊ ထက်ထက်၊ ဆုစံနှင်းထက်မြတ်ဝေ၊ သင်းရတနာ၊ ခိုင်သဇင်ကို၊ သက်မှူးနွယ်၊ နန်းပပ စသည့်အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

ASH

# John Wick:Chapter-4 ကို အမည်သစ်ဖြင့် ဂျပန်နိုင်ငံ၌ ရုံတင်မည်

**နယူးယောက် ဇူလိုင် ၂၅**

John Wick: Chapter-4 ဇာတ်ကားကို ဂျပန်နိုင်ငံ၌ ရုံတင်ပြသရာတွင် အမည်သစ်ဖြင့် ရုံတင်မည်ဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၂၄ ရက်တွင် ရေးသားတင်ပြထားသည်။

John Wick: Chapter-4 ကို John Wick: Consequences ဟူသောအမည်ဖြင့် ဂျပန်ရုပ်ရှင်ဈေးကွက်၌ ရုံတင်ပြသရန် Paramount ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ယခုနှစ် စက်တင်ဘာလတွင် ဂျပန်ရုပ်ရှင်ဈေးကွက်၌ စတင်ရုံတင်ပြသမည်ဖြစ်သည်။

John Wick: Chapter-4 ဇာတ်ကားသည် ယခုနှစ်၏ အအောင်မြင်ဆုံးရုပ်ရှင်ဇာတ်ကားဖြစ်သော်လည်း ဂျပန်အပါအဝင် နိုင်ငံတကာအဓိကရုပ်ရှင်ဈေးကွက် အနည်းငယ်တို့၌ ရုံတင်ပြသခြင်း မရှိသေးကြောင်း သိရသည်။

ယခုနှစ် မတ် ၂၄ ရက်တွင် စတင်ရုံတင်ပြသခဲ့သော John Wick:Chapter-4 သည် စုစုပေါင်း ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၄၃၂ ဒသမ ၂ သန်းထိ ရရှိထားသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ချက်စတာဟဲစကီးက ရိုက်ကူးပေးထားပြီး ကမ္ဘာကျော် အက်ရှင်မင်းသား ကီးနူးရိ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

KKO




# သရုပ်ဆောင် ဦးစံမြင့် ပဲခူးမြို့ရှိနေအိမ်တွင် လူကြီးရောဂါဖြင့် ကွယ်လွန်

**ရန်ကုန် ဇူလိုင် ၂၅**

ဗြိတိသျှ ရဲအရာရှိ ဇာတ်ရုပ်ဖြင့် လူသိများသော သရုပ်ဆောင် ဦးစံမြင့်သည် ဇူလိုင် ၂၄ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ ခန့်တွင် လူကြီးရောဂါဖြင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိနေအိမ်တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

သရုပ်ဆောင် ဦးစံမြင့်သည် ကွယ်လွန်ချိန်တွင် အသက် ၉၂ နှစ်ရှိပြီဖြစ်ပြီး ၎င်းသည် ရုပ်ရှင်နှင့် ဗီဒီယိုလောကတွင် ဗြိတိသျှရဲအရာရှိကြီးအဖြစ် ပင်တိုင်သရုပ်ဆောင်ခဲ့သူဖြစ်ကြောင်း၊ မကွယ်လွန်မီ ဇူလိုင် ၁၈ ရက်က မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် ရုပ်ရှင်လောကသားများက လှူဒါန်းသည့် Wheel Chair နှင့် ငွေကျပ် ၁၀၀၀၀၀ တို့ကို လက်ခံခဲ့ကြောင်း သိရသည်။

"သူ့ကျန်းမာရေးက အကောင်းကြီးမဟုတ်ဘူး။ အသက်ကလဲ တော်တော်ရနေပြီလေ။ ပဲခူးက သူ့နေအိမ်မှာပဲ ဆုံးတာပါ"ဟု ဦးအေးကြူလေးက ပြောပြသည်။



သရုပ်ဆောင် ဦးစံမြင့်ကို ၁၉၃၁ ခုနှစ်၌ ပြည်မြို့တွင် မွေးဖွားခဲ့ပြီး ဖခင်ဖြစ်သူသည် ဥရောပစစ်သားတစ်ဦးဖြစ်ကာ မိခင်ဖြစ်သူသည် မြန်မာလူမျိုးတစ်ဦးဖြစ်ကြောင်း သိရသည်။

ဦးစံမြင့်သည် ၁၉၆၂ ခုနှစ်တွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ တိရစ္ဆာန်ဆေးကုသရေးဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး တိရစ္ဆာန်ဥယျာဉ်တွင် တာဝန်ထမ်းဆောင်နေစဉ်အတွင်း ယခင်က ခင်မင်ခဲ့သည့် ရုပ်ရှင်လောကသားများနှင့် ချိတ်ဆက်မိကာ ၎င်းကို ရုပ်ရှင်ဇာတ်ကားများတွင် ပါဝင်ရန် ကမ်းလှမ်းခဲ့ကြကြောင်း၊ ရုပ်ရှင်ဇာတ်ကားများတွင် အင်္ဂလိပ်အရာရှိဇာတ်ကောင်အဖြစ် ပါဝင်ရိုက်ကူးခဲ့ပြီး ပရိသတ်များကြား ထင်ရှားခဲ့ကြောင်း သိရသည်။

သရုပ်ဆောင် ဦးစံမြင့်သည် တိရစ္ဆာန်ဥယျာဉ် ဝန်ထမ်းဘဝနှင့် သရုပ်ဆောင်ဘဝတွင် နှစ်ပေါင်း ၄၀ ကျော်ကြာ ကျင်လည်ခဲ့ကြောင်း သိရသည်။

ASH

# Barbie ဇာတ်ကား ပထမသီတင်းပတ်ကုန် ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၃၇ သန်းရှိလာ

**နယူးယောက် ဇူလိုင် ၂၅**

Barbie ဇာတ်ကား၏ ရုံတင်ပြီး ပထမသီတင်းပတ်ကုန်ဝင်ငွေသည် ဇူလိုင် ၂၃ ရက်တွင် အမေရိကန်ဒေါ်လာ ၃၃၇ သန်းထိရှိလာကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၂၄ ရက်တွင် ရေးသားတင်ပြထားသည်။

အထက်ပါဝင်ငွေပမာဏအရ Barbie ဇာတ်ကားသည် ယခုနှစ်အတွင်း ရုံတင်ခဲ့သမျှ ဟောလိဝုဒ်ဇာတ်ကားများအနက် ရုံတင်ပြီး ပထမသီတင်းပတ်ကုန် ဝင်ငွေ အကောင်းဆုံးဇာတ်ကား ဖြစ်လာခဲ့သည်။

ထို့ပြင် Barbie ဇာတ်ကားသည် အမျိုးသမီး ဒါရိုက်တာများ ရိုက်ကူးခဲ့ဖူးသမျှ ဇာတ်ကားများအနက် ရုံတင်ပြီး ပထမသီတင်းပတ်ကုန်ဝင်ငွေ ဒုတိယအမြင့်ဆုံးဇာတ်ကားဖြစ်သည်။

Barbie ဇာတ်ကားကို အမျိုးသမီး ဒါရိုက်တာ ဂရီတာဂျားဝစ်က တာဝန်ယူရိုက်ကူးပေးထားခြင်းဖြစ်သည်။

မင်းသား ရိုင်ယန်ဂိုးစလင်နှင့် မင်းသမီး မားဂရော့ရော့ဘီတို့ ပါဝင်သရုပ်ဆောင်ထားသည့် Barbie ဇာတ်ကားကို ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီက ဇူလိုင် ၂၀ ရက်တွင် ရုံတင်ပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO



# နန်းထိုက်အောင် ဇာတ်လမ်းကို Sky Net ၊ ကြယ်တံခွန် YouTube Channel နှင့် NHN Application တို့မှ ထုတ်လွှင့်ပြသမည်

**ရန်ကုန် ဇူလိုင် ၂၅**

နန်းထိုက်အောင် ဇာတ်လမ်းကို Sky Net၊ ကြယ်တံခွန် You Tube Channel နှင့် NHN Application တို့မှ ဇူလိုင်လနောက်ဆုံးပတ်အတွင်း ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းကို စီစဉ်ထုတ်လုပ်သူ သရုပ်ဆောင် နေထူးနိုင်က ပြောပြ၍ သိရသည်။

နန်းထိုက်အောင် ဇာတ်လမ်းသည် တစ်ပိုင်းတည်းအပြီး ဇာတ်လမ်းဖြစ်ပြီး ရိုးသားကြိုးစားသည့် တောနယ်မှ လူငယ်တစ်ဦး၏ ဘဝအောင်မြင်မှုဇာတ်လမ်းလည်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းလေးကိုတော့ ကျွန်တော့်ရဲ့ကိုယ်ပိုင် YouTube Channel ဖြစ်တဲ့ ကြယ်တံခွန် You Tube Channel ကနေ ဇူလိုင်လနောက်ဆုံးပတ်မှာ အခမဲ့ ထုတ်လွှင့်သွားမဲ့အပြင် SkyNet ရုပ်သံလိုင်းကလဲ ထုတ်လွှင့်သွားမှာပါ။ ရွာလေးတစ်ရွာက လူအများကို အကူအညီပေးတတ်တဲ့ ရိုးသားကြိုးစားတဲ့ လူငယ်တစ်ယောက်အကြောင်းကို ရိုက်ကူးထားပါတယ်"ဟု သရုပ်ဆောင် နေထူးနိုင်က ပြောပြသည်။

နန်းထိုက်အောင် ဇာတ်လမ်း၏ ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာမှာ ဒါရိုက်တာ ဇော်ထွန်းဖြစ်ပြီး သရုပ်ဆောင် နေထူးနိုင်၊ နေထက်နိုင်၊ ရဲဝိန်၊ မြတ်နိုးစံ၊ မင်းဇော်လေး၊ ရန်လင်းအောင်၊ တင့်နိုင်ဝင်း၊ ထက်နိုင်ဦး၊ အောင်ကျော်မိုး စသည့်အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing receives delegation led by Chief Justice of Supreme Court of Russian Federation H.E. Mr. Vyacheslav Lebedev



Senior General Min Aung Hlaing receives the delegation led by Chief Justice of the Supreme Court of Russian Federation H.E. Mr. Vyacheslav Lebedev.

**Nay Pyi Taw July 25**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing received a delegation led by Chief Justice of the Supreme Court of Russian Federation H.E. Mr. Vyacheslav Lebedev at the Credentials Hall of SAC Chairman's Office here this morning.


At the meeting views on continuous improvement of diplomatic relations between Myanmar and Russia, promotion of cooperation in legal and judicial affairs, programs for Myanmar legal experts to learn law subjects in Russia, promotion of cooperation in legal and judicial sectors, and ongoing multi-sector cooperation between the two countries were cordially exchanged.

After the meeting the Senior General and Russian chief justice exchanged commemorative gifts and posed for documentary photos together with attendees.


Also present at the meeting together with the Senior General were SAC Joint Secretary Lt-Gen Ye Win Oo, Union Chief Justice U Tun Tun Oo, and Union Minister for Legal Affairs Dr Daw Thida Oo.

The Russian chief justice was accompanied by members of the delegation, and officials of Embassy of Russian Federation in Myanmar.

100



Senior General Min Aung Hlaing shakes hands with H.E. Mr. Vyacheslav Lebedev.



Senior General Min Aung Hlaing presents a gift to H.E. Mr. Vyacheslav Lebedev.

# Storms ravage northern Italy as Sicily burns

**Rome July 25**

Extreme weather has been battering Italy from north to south.

Wildfires are raging in Sicily after weeks of record-breaking temperatures, with local media warning that the city of Palermo is "encircled" by fires.

Meanwhile, northern regions are reeling from violent storms and high winds that uprooted trees and lifted roofs off buildings.

In some places, tennis ball-sized hailstones injured people, damaged cars and destroyed crops.

A 16-year-old girl was killed when a tree fell on the tent she was sleeping in at a summer camp near the city of Brescia, while a middle-aged woman died after also being hit by a falling tree in Lissone, north of Milan.

Overnight, the regions of Lombardy and Veneto experienced torrential rainfall and extremely strong winds, which reached 100km/h (62mph) in Milan. On Tuesday, local authorities told residents to stay away from public parks, as there is a high risk that branches might snap off trees.

One of the city's main attractions, the 15th-Century Sforza Castle, was closed to the public on Tuesday "due to damage caused by severe weather".

The mayor of the city, Giuseppe Sala, said: "I have never seen anything like this... We can't deny it any longer - climate change is changing our lives.

"We can't pretend it's not happening and we absolutely can't keep doing nothing," Mr Sala said in a video shared on Facebook.

Meanwhile, Sicily - which has already been brought to its knees by a prolonged heatwave - is battling wildfires that are threatening towns and cities across the island. Temperatures of more than 47.5C (117F) were recorded in Catania on Monday.

BBC



The Sforza Castle in Milan was closed to the public on Tuesday after a severe storm toppled trees and flooded the streets.

# Qin Gang: China removes foreign minister after unexplained absence

**Beijing July 25**

China has removed Qin Gang as foreign minister less than seven months after he was appointed to the post.

Mr Qin had been seen as a close associate of President Xi Jinping. The role will be taken up by Communist Party foreign affairs chief Wang Yi.

Mr Qin's prolonged disappearance from public view - and official silence over it - has fuelled furious speculation.

The 57-year-old's last known public engagements were on 25 June. No reason was given for his removal.

He had been appointed by China's leader to his post last December. His departure ends weeks of confusion, but leaves many questions unanswered.

"China's top legislature voted to appoint Wang Yi as foreign minister," state news agency Xinhua said.

"Qin Gang was removed from the post of foreign minister."

BBC

# MoS&T to cooperate with businesspersons, experts to produce gasifiers


A gas-fired gasifier in operation.

**Nay Pyi Taw July 25**

In order to use systematic paddy husk-fired gasifiers, the Ministry of Science and Technology will join hands with gasifier users and experts, according to the Myanmar Rice Millers Association.

Such kind of paddy husk-fired gasifiers can mitigate impacts of climate change and contribute much to addressing the energy requirement problems. Hence, the Ministry of Science and Technology will cooperate with MSME businesspersons who use gasifiers and experienced experts in building systematic gasifiers for the whole nation.

Currently, rice mills and other industries with lack of chance to consume adequate electricity from the national grid are using paddy husk-fired gasifiers.

"Primarily, rice mills use the gasifiers. It can be operated with the use of paddy husk to run the rice mills and electrify surrounding areas of the mill. Such gasifiers are being used by rice mills in Myanmar for two decades. Rice millers and technicians have high experiences in using the gasifiers," said CEC member U Nyein Chan Aung of Myanmar Rice Millers Association.

These gasifiers are favorites in the regions which miss chance to consume electricity from the national grids. There are 412 registered private industries using gasifiers across the nation, 13 of which are located in Yangon Region, 78 in Sagaing Region, 16 in Bago Region, two in Mandalay Region, and 303 in Mandalay Region.

Of them, a total of 319 gasifiers are being used at rice mills and 21 at other industries. ASH

# Perennial crops research farms to sell rubber budding saplings

**Nay Pyi Taw July 25**

The perennial crops research farm branch of the Agriculture Department stated that it will sell high yield rubber budding saplings at fair prices to local farmers.

These farms will sell BPM24, PB260 and PB235 budding varieties of rubber with high yield of latex to the local rubber growers in 2023 season.

PB260 and PB235 varieties can produce 800 pounds to 1,000 pounds of rubber latex per acre and BPM24 variety, some 1,500 pounds per acre on a daily basis.

Such varieties of budding rubber saplings have high growth rate, good budding rate, weather resilience and other plant problems. The branch will sell K400 per budding sapling to the farmers.

In this regard, buyers need to show endorsement of the region/state Agriculture Department to purchase the saplings. For further information, farmers can contact 067-431203, 067-431332 and 09-5196042 for buying the saplings.

Yangon Region Rubber Research and Technological Development Centre gives services on testing eight categories of qualities with content of timber index, thick and sticky index, colour index, evaporable elements and ashes as well as nitrogen in the rubber latex for farmers. 336


A rubber budding nursery.

# Some 1,900 tons of medicines and medications worth US$34 million imported in June 2023

**Nay Pyi Taw July 25**

The Ministry of Commerce stated that some 1,900 tons of medicines and medical equipment valued at some US$34 million was imported in June of the 2023-24 financial year.

The ministry allows import of medicines and medications not involved on the negative list for convenience of applying for the import licences for medicines and medications.

Import licences are allowed in line with the procedures of the Department of Food and Drug Administration. Hence, some 1,900 tons of medicines and medications worth US$34.741 million was imported through shipping in June of the 2023-24 financial year.

These medicines and medications were imported from Argentine, Belgium, Switzerland, Australia, Bangladesh, Brazil, China, Cyprus, Ecuador, Germany, India, Indonesia, Ireland, Italy, Japan, South Korea, Malaysia, the Netherlands, Pakistan, the Philippines, Singapore, Portugal, Thailand, the US and Vietnam.

The import volume of medicines in June declined by over 1,200 tons compared to that of May. Everybody can browse the website of the Ministry of Commerce commerce.gov.mm on notifications and announcements for import of medicines.

336

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# MNA transports more than 300 flight passengers from Mandalay to upper Myanmar daily

**Mandalay July 25**

More than 300 passengers take flights of Myanmar National Airlines from Mandalay to cities in upper Myanmar on a daily basis as from the third week of July, said manager Ko Aung Min Swe of MNA (Mandalay).

The airlines operates domestic flights from Mandalay to Bhamo, Myitkyina, Tachilek, Kengtung and Kalay by transporting passengers which amounts slightly resurged from the third week of July.

"In the past, number of passengers from Mandalay to other cities was lesser. Now, such a number of flight passengers resurged from Mandalay to other cities," said the manager.

More than 200 passengers daily took flights of MNA from Mandalay to Bhamo, Myitkyina, Tachilek, Kengtung, and Kalay till the second week of July this year, compared to more than 300 passengers per day starting from the third week of July.

MNA operates US-made four Boeing-737 airplanes carrying 164 passengers each, two Brazil-made Embraers carrying 100 passengers each and nine France-made ATRs transporting 70 passengers each along the domestic flights daily from Mandalay to Tachilek, Kengtung, Kalay, Nay Pyi Taw, Yangon, Myitkyina and Putao. 184


A plane from MNA.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အမေရိကန်မရိန်းတပ်ဖွဲ့များက မြေပြင်မှပစ်လွှတ်သောသင်္ဘောဖျက် ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်စနစ် စမ်းသပ်ပစ်လွှတ်ခဲ့



အမေရိကန်မရိန်းတပ်ဖွဲ့ (USMC) သည် ပြီးခဲ့သည့်လက ရေတပ်မရိန်းတပ်ဖွဲ့တွင် အသုံးပြုမည့် Navy/Marine Expeditionary Ship Interdiction System (NMESIS) မြေပြင်မှပစ်လွှတ်သော သင်္ဘောဖျက် ကြားဖြတ်တိုက်ခိုက်ရေး ဒုံးကျည်စနစ်ကို ပစ်လွှတ်စမ်းသပ်မှုတစ်ရပ် ပြုလုပ်ခဲ့ကြောင်း ဇူလိုင် ၂၄ ရက်က The Defense Post တွင် ရေးသားဖော်ပြထားသည်။

အမှတ် (၁) မရိန်းတပ်မမှ မရိန်းတပ်သားများသည် ကယ်လီဖိုးနီးယားပြည်နယ်ရှိ ရေတပ်ဆိုင်ရာလေကြောင်းဌာန Mugu တွင် သင်္ဘောဖျက်ဒုံးကျည်စနစ်ကို ဇွန် ၂၇ ရက်မှ ၂၉ ရက်ထိ စမ်းသပ်ပစ်လွှတ်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယခင်အကြိမ် စမ်းသပ်မှုများကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလနှင့် ၂၀၂၁ ခုနှစ်ဩဂုတ်လတို့တွင်ပြုလုပ်ခဲ့ပြီးနောက် Raytheon ကုမ္ပဏီထုတ် အဆိုပါဒုံးကျည်စနစ်၏ တတိယမြောက် Live Test ပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

သင်္ဘောဖျက်ကြားဖြတ်တိုက်ခိုက်ရေး ဒုံးကျည်စနစ်သည် အမေရိကန်မရိန်းတပ်ဖွဲ့၏ Force Design 2030 အဆင့်မြှင့်တင်ရေးစီမံချက်အတွက် အရေးကြီးသော အစိတ်အပိုင်းဖြစ်ပြီး ၎င်းသည်အနောက်ပစိဖိတ်ဒေသရှိ အင်အားကြီးနိုင်ငံများကြား ပဋိပက္ခများအတွက် တိုက်ခိုက်ရေးစွမ်းအားကို ပြန်လည်ဖြည့်တင်းလာခြင်းလည်းဖြစ်သည်။ နည်းဗျူဟာမြောက် ပူးပေါင်းစစ်ဆင်ရေးသုံးယာဉ်တင် အမျိုးအစားတာလတ်ပစ်ဒုံးကျည်စနစ်သည် မရိန်းတပ်ဖွဲ့ ကမ်းရိုးတန်း အခြေပြုတပ်ရင်းကြီးများအတွက် ပိုမိုပြောင်းလွယ်ပြင်လွယ်ရှိမှုနှင့်ရပ်တည်ရှင်သန်နိုင်စွမ်းမြင့်မားစေမှုတို့ကို ပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်သည်။

ဒုတိယဗိုလ်မှူးကြီး John Fraser ၏ အဆိုအရ ဒုံးကျည်စနစ်သည် မရိန်းကမ်းရိုးတန်းအခြေစိုက် တပ်ရင်းကြီးများအတွက် အထူးစစ်ဆင်ရေးများတွင် တစ်စိတ်တစ်ပိုင်းအနေဖြင့် အရေးပါလာမည်ဖြစ်ကြောင်း သိရသည်။

USMC သည် လာမည့် ၂၀၃၀ ပြည့်နှစ်တွင် NMESIS ဒုံးကျည်တပ်ခွဲ ၁၄ ခွဲထိ ဖြန့်ကြက်ရန်စီစဉ်ထားပြီး ကမ်းရိုးတန်းအခြေပြု တပ်ရင်းကြီးများအတွက် တပ်ခွဲသုံးခွဲနှင့် တိုက်ကြီးများအတွက် ဖြန့်ခွဲတပ်ဖြန့်အသုံးပြုရန် တပ်ခွဲ ၁၁ ခွဲ တို့ပါဝင်သည်။ တပ်ခွဲတစ်ခွဲတွင် ဒုံးပစ်လောင်ချာ ၁၈ ခု ပါဝင်ဖွဲ့စည်းထားကြောင်း အမေရိကန် ရေတပ်သတင်းဌာန Naval News က ရေးသားထားသည်။

အမှတ်(၃) မရိန်းကမ်းရိုးတန်းတပ်ရင်းကြီးသည် ၂၀၃၀ ပြည့်နှစ် စတုတ္ထမြောက်သုံးလပတ် (အောက်တိုဘာ-ဒီဇင်ဘာလ) အတွင်း ပထမဆုံးတပ်ခွဲတစ်ခွဲကို လက်ခံရရှိရန် မျှော်မှန်းထားကြောင်း သတင်းမီဒီယာများ အဆိုအရ သိရသည်။

အမေရိကန်မရိန်းတပ်ဖွဲ့သည် တပ်ခွဲလေးခွဲထိ ထည့်သွင်းဖွဲ့စည်းပြီးသည်နှင့် ၂၀၂၅ ခုနှစ်တွင် တိုက်ပွဲဝင်အသင့်တပ်ဖြန့်အသုံးပြုနိုင်ရန် စီစဉ်ထားသည်။ တပ်ခွဲ ၁၄ ခွဲအလုံးစုံ ဖွဲ့စည်းပြီးပါက ၂၀၃၀ ပြည့်နှစ်တွင် သင်္ဘောဖျက် ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်စနစ်ကို အပြည့်အဝ ဖြန့်ကြက်အသုံးပြုနိုင်ရန် မျှော်မှန်းလုပ်ဆောင်နေခြင်းလည်းဖြစ်သည်။

Raytheon/Kongsberg ကုမ္ပဏီထုတ် ကြားဖြတ်တိုက်ခိုက်ရေး ဒုံးကျည်သည် ရေမိုင်၁၀၀ (၁၈၅ ကီလိုမီတာ/၁၁၅မိုင်) အကွာအဝေးရှိ ပစ်မှတ်များကို တိုက်ခိုက်နိုင်စွမ်းရှိပြီး ရန်သူ့အာရုံခံစနစ်များမှ မြင်နိုင်စွမ်းနိမ့်ပါးသောကိုယ်ပျောက်အင်္ဂါရပ်များ ပါရှိသည်။

ဒုံးကျည်တွင် Inertial နှင့် GPS လမ်းညွှန်ထိန်းကျောင်းမှုများအသုံးပြုထားပြီး ၎င်းသည် အီလက်ထရွန်နစ် စစ်ဆင်ရေးစနစ်များကို ရှောင်လွှဲနိုင်ရန်ကူညီပေးသည့် Terminal Homing အပိုင်းအတွက် Passive Dual-Band Infrared အာရုံခံစနစ်ကို အသုံးပြုထားသည်။

**US Marines Test-Fire Ground-Launched Ship-Killing Missile ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းနိုင်ငံ Odessa မြို့အနီးရှိ ဒရုန်းလှေများထုတ်လုပ်နေသည့်စက်ရုံများကို ရုရှားတိုက်ခိုက်

ယူကရိန်းနိုင်ငံ Odessa မြို့အနီးရှိ ဒရုန်းလှေများ ထုတ်လုပ်နေသည့် စက်ရုံအဆောက်အအုံများကို ရုရှားစစ်ဘက်က ဇူလိုင် ၂၃ ရက်ညတွင် ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဇူလိုင် ၂၃ ရက်တွင် ပြောကြားခဲ့သည်။

"ဇူလိုင် ၂၃ ရက် ညမှာ ရုရှားစစ်ဘက်က တာဝေးပစ်တိကျတဲ့ ပင်လယ်ပြင်နဲ့ ဝေဟင်ပစ်လက်နက်တွေသုံးပြီး ရုရှားဖက်ဒရေးရှင်းအပေါ် ဒရုန်းလှေတွေနဲ့သင်္ဘောတွေ အသုံးပြုပြီး အကြမ်းဖက်တိုက်ခိုက်မှုလုပ်ရပ်တွေပြုလုပ်သွားဖို့ ပြင်ဆင်နေတဲ့ အဆောက်အအုံတွေ၊ Odessa မြို့အနီးတစ်ဝိုက်မှာ ဒရုန်းထုတ်လုပ်နေတဲ့နေရာတွေကို အုပ်စုဖွဲ့ပေါင်းစပ်တိုက်ခိုက်မှုကို ပြုလုပ်ခဲ့ပါတယ်။ အဆောက်အအုံတွေမှာ နိုင်ငံခြား ကြေးစားစစ်သားတွေလဲ ရှိနေပါတယ်"ဟု ဝန်ကြီးဌာနက ပြောကြားခဲ့သည်။ တိုက်ခိုက်မှုအတွက် ရွေးချယ်ထားသော ပစ်မှတ်များအားလုံး ထိမှန်ဖျက်ဆီးနိုင်ခဲ့သည်။

ယူကရိန်းသည် Donetsk ဒေသ၊ Krasny Liman နှင့် Zaporozhye စစ်မျက်နှာများတွင် ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ထိုးဖောက်ဝင်ရောက်ရန် ကြိုးပမ်းခဲ့သည်ဟု ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ထုတ်ပြန်ချက်များအရ သိရသည်။

ရုရှားတပ်ဖွဲ့များသည် Donetsk ရှေ့တန်းစစ်မျက်နှာဘက်တွင် ယူကရိန်းတို့၏ တန်ပြန်ထိုးစစ်ဆင်မှု ၁၄ ကြိမ်ကို တွန်းလှန်ချေမှုန်းနိုင်ခဲ့ပြီး အဆိုပါတိုက်ပွဲများတွင် ယူကရိန်းတို့ဘက်မှ တပ်ဖွဲ့ဝင် ဦးရေ ၃၇၀၊ သံချပ်ကာတိုက်ခိုက်ရေးယာဉ် ခြောက်စီးနှင့်အခြားလက်နက် အများအပြား ဆုံးရှုံးခဲ့သည်။

Krasny Liman ထိုးစစ်လမ်းကြောင်းတွင် ယူကရိန်းတန်ပြန်ထိုးစစ်ခြောက်ကြိမ်စလုံးကို ချေမှုန်းသုတ်သင်နိုင်ခဲ့ပြီး ယူကရိန်းတို့ဘက်က တပ်ဖွဲ့ဝင်ဦးရေ ၁၃၀ ကျော်နှင့်စစ်လက်နက်ပစ္စည်း ၁၈ ခုဆုံးရှုံးခဲ့သည်။

တောင်ပိုင်း Donetsk နှင့် Zaporozhye ထိုးစစ်လမ်းကြောင်းများတွင် ယူကရိန်းသည် သုံးကြိမ်တိုင်တိုင် ရုရှားခံစစ်များအပေါ် ထိုးဖောက်ဝင်ရောက်ရန် ကြိုးပမ်းခဲ့ပြီး အင်အား ၁၆၀ ကျော်၊ Leopard တင့်ကား ခုနစ်စီးနှင့် Bradley ခြေလျင်တိုက်ခိုက်ရေးယာဉ် ၁၀ စီး အပါအဝင် သံချပ်ကာယာဉ် ၁၅ စီးဆုံးရှုံးခဲ့ကြောင်း ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရသိရသည်။ ယူကရိန်းသည် Kupyansk နှင့် Kherson စစ်ဆင်ရေးနယ်မြေများတွင် တပ်ဖွဲ့ဝင် ဦးရေ ၉၀ ခန့်ဆုံးရှုံးခဲ့သည်။

ရုရှား ဂျက်တိုက်လေယာဉ်များသည် Donetsk ပြည်သူ့သမ္မတနိုင်ငံ (DPR) တွင် ယူကရိန်းလေတပ်မှ Su-25 တိုက်ခိုက်ရေးလေယာဉ် တစ်စင်းကိုပစ်ချခဲ့ပြီး လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များက HIMARS ဒုံးကျည် တစ်စင်းနှင့် Storm Shadow ခရုဇ်ဒုံးကျည် တစ်စင်းတို့ကို ကြားဖြတ်ပစ်ချခဲ့သည်။



DPR၊ Luganskပြည်သူ့သမ္မတနိုင်ငံ၊ Kharkov ဒေသနှင့် Zaporozhyeဒေသ စစ်ဆင်ရေးနယ်မြေတို့တွင် စုစုပေါင်း ယူကရိန်းတို့ဘက်မှ ဝင်ရောက်လာသော ကင်းထောက်၊ တိုက်ခိုက်ရေးဒရုန်း ၂၈ စင်း ပစ်ချနိုင်ခဲ့ကြောင်း ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ရုရှားတို့၏တိုက်ခိုက်မှုကြောင့် Odessa ရှိ ဘုရားရှိခိုးကျောင်းမှာ ပျက်စီးခဲ့သည်ဟု ယူကရိန်းနှင့်အနောက်တိုင်းမီဒီယာများက ဖော်ပြနေသည့်သတင်းသည် မမှန်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ထပ်လောင်းပြောကြားခဲ့သည်။

ဇူလိုင် ၂၃ ရက်ညတွင် တိုက်ခိုက်ဖျက်ဆီးရန် သတ်မှတ်ထားသော အဆောက်အအုံအားလုံးမှာ ရုရှားနိုင်ငံကိုအကြမ်းဖက်လုပ်ရပ်များဖြင့် တိုက်ခိုက်ရန်ပြင်ဆင်နေသည့် ဆက်စပ်အဆောက်အအုံများဖြစ်ပြီး အဆိုပါ ဘုရားကျောင်းမှာ ပစ်မှတ်များနှင့် ဘေးကင်းလုံခြုံသော အကွာအဝေးတွင် တည်ရှိနေသည်ဟု ကာကွယ်ရေးဝန်ကြီးဌာနက ရှင်းလင်းပြောကြားခဲ့သည်။

**Russia Strikes Ukraine's Facilities Producing Drone Boats Near Odessa ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံစုံ ၄၂၂၅ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံစုံ ၄၂၂၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံစုံ ၄၀၅၁၉ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၂၂၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးတာတွေလုပ်နေတယ်။ ပိုးမွှားရောဂါကျရောက်မှု မရှိအောင်လဲ အသိပညာပေးဆောင်ရွက်နေတယ်။ ပြောင်းသီးနှံစုံဟာ ကုန်ကျစရိတ်သက်သာပြီး တောင်သူတွက်ခြေကိုက်တဲ့ သီးနှံဖြစ်လို့ တစ်နှစ်နဲ့တစ်နှစ် တိုးချဲ့စိုက်ပျိုးလာကြပါတယ်"ဟု ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

စစ်ကိုင်းခရိုင်အတွင်း ပြောင်းသီးနှံစုံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြင်းမူမြို့နယ်တွင် နှံစားပြောင်း ၄၃၁ ဧက၊ မြောင်မြို့နယ်တွင် နှံစားပြောင်း ၂၁၅၇ ဧက၊အစေ့ထုတ်ပြောင်း ၁၂၂၅ ဧက၊ စစ်ကိုင်းမြို့နယ်တွင် ဖူးစားပြောင်း ၄၁၂ ဧက စုစုပေါင်း ၄၂၂၅ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းခရိုင်တွင် ပြောင်းသီးနှံစုံ စိုက်ပျိုးရန် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် နှံစားပြောင်း ၃၃၂၂ ဧက၊ ဖူးစားပြောင်း ၆၄၃၆ ဧက၊ မြင်းမူမြို့နယ်တွင် နှံစားပြောင်း ၁၉၃၉၈ ဧက၊ အစေ့ထုတ်ပြောင်း ၇၆၀ ဧက၊ ဖူးစားပြောင်း ၉၉၉ ဧကနှင့် မြောင်မြို့နယ်တွင် နှံစားပြောင်း ၇၄၄၃ ဧက၊ အစေ့ထုတ်ပြောင်းဧက ၂၁၆၀ စုစုပေါင်း ၄၀၅၁၉ ဧကဖြစ်ကြောင်း သိရသည်။

ပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနများက စိုက်ပျိုးရေးဆိုင်ရာသင်တန်းများ၊ ကွင်းသရုပ်ပြပွဲများ၊ ဖောဇမြောင်တောင်ပိုး နှိမ်နင်းနည်းများ၊ တမာပိုးသတ်ဆေး၊ ချင်း၊ ဇရက်ပိုးသတ်ဆေးအသုံးပြုပုံများကို အသိပညာပေးလျက်ရှိကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ဆီဆိုင်မြို့ မြို့မဈေးအတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ဆီဆိုင် ဇူလိုင် ၂၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့နယ် စည်ပင်သာယာရေးဌာနက မြို့မဈေးသာယာလှပစေရေးအတွက် ဈေးအတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆီဆိုင်မြို့နယ် စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးမောင်မောင်မြင့်နှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် သာမန်ပြင်ဆင်ထိန်းသိမ်းရေး ခွင့်ပြုရန်ပုံငွေကျပ် ၁၉၈ သိန်းဖြင့်ဆောင်ရွက်သည့် ဆီဆိုင်မြို့မဈေးအတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ခံအင်ဂျင်နီယာ ဒေါ်နှင်းနှင်းနွယ်က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသရာ အမှုဆောင်အရာရှိက လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။



ဆီဆိုင်မြို့မဈေးအတွင်းလမ်းတွင် ဆောင်ရွက်လျက်ရှိသော အရှည် ၅၁၅ ပေ၊ အကျယ် ၁၁ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဆီဆိုင်မြို့နယ် စည်ပင်သာယာရေးဌာနက ယခုနှစ် ဇူလိုင်လ တတိယပတ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါမြို့မဈေးအတွင်းလမ်းတွင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုကြောင့် ဈေးရောင်းချသူများနှင့် ဈေးဝယ်သူများ အဆင်ပြေချောမွေ့စွာ သွားလာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ဈေးသန့်ရှင်းသာယာလှပရေးကိုလည်း အကျိုးပြုစေသည့်အပြင် ဒေသခံပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် အတွက်လည်း အကျိုးပြုစေမည်ဖြစ်ကြောင်း ဆီဆိုင်မြို့နယ် စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးမောင်မောင်မြင့်က ပြောပြ၍ သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**

# ကျိုက်လတ်မြို့နယ် ပန်းဘဲစုကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျိုက်လတ် ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း (VRFP)စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ပန်းဘဲစုကျေးရွာကို စီမံကိန်းရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးသူရရှိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝများဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသူရရှိန်နှင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)တာဝန်ခံဝန်ထမ်းများက ပန်းဘဲစုကျေးရွာရှိ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၃၂သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ကျိုက်လတ်မြို့နယ် ပန်းဘဲစုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ကိုင်သူ ၂၆ ဦး၊ မွေးမြူရေးလုပ်ကိုင်သူ ခြောက်ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ တစ်ဦး၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူဦးရေ ၄၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦး စုစုပေါင်းအသင်းသားအသင်းသူ ၉၁ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၃၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးသူရရှိန်က ပြောပြ၍ သိရသည်။

**ကိုလှိုင်**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၅-၇-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၁၅၀၀/၁၂၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၅၀၀/၈၆၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၅၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၂၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၃၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၂၅၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၃၇၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံနှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၆၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၀၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ဖူးမြော်ကြည်ညို



**နေပြည်တော် ဇူလိုင် ၂၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ် H.E . Mr . Vyacheslav Lebedev ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေး ခရီးစဉ်အဖြစ် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် နေပြည်တော်သို့ရောက်ရှိကြရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးနှင့် တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဉယျာဉ်တော်အတွင်း တည်ထားပူဇော်လျက်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဗုဒ္ဓဉယျာဉ်တော်ကြီးအတွင်းရှိ သာသနိကအဆောက်အအုံများနှင့် ကျောက်စာရုံစေတီများကို လှည့်လည်လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ဇူလိုင် ၂၄ ရက် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်တော်အတွင်းရှိ ကျောက်စိမ်းရုပ်ပွားတော်များအား သွားရောက် ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ်တရားသူကြီးချုပ်က ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုး၍ အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ်တရားသူကြီးချုပ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော်၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီးစေတီတော် အရှေ့ဘက်မုခ်ရှိ ရတနာဆင်ဖြူတော်အဆောင်သို့ သွားရောက်ကာ ဆင်ဖြူတော်များကို အစားအစာများ ကျွေးမွေးကြသည်။

ညပိုင်းတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားသူကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ Park Royal Hotel ၌ညစာဖြင့် တည်ခင်းဧည့်ခံသည်။

ယနေ့ မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)သို့ သွားရောက်လေ့လာပြီး ပြခန်းမဆောင်အတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ လက်ဝတ်ရတနာများနှင့် သယံဇာတပစ္စည်းများကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားသူကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြခန်းအတွင်း တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ ပြခန်းတာဝန်ရှိသူများက လက်ခံရယူကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

**☆ ကျောဖုံးမှအဆက်**

၂၀၁၇ခုနှစ်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကျူးလွန်သည်ဟူသော စွပ်စွဲချက်များကို အကြောင်းပြု၍ မြန်မာနိုင်ငံကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပဋိပက္ခနှင့်စပ်လျဉ်းသော လိင်ပိုင်းအကြမ်းဖက်မှုဆိုင်ရာ နှစ်စဉ်အစီရင်ခံစာ၏ နောက်ဆက်တွဲစာရင်းတွင် ၂၀၁၈ခုနှစ်မှစတင်ဖော်ပြခဲ့သည်။ သို့ရာတွင် ယင်းကဲ့သို့ အကြမ်းဖက်မှုများ၏ ကျူးလွန်သူကို သက်သေပြရန်ခိုင်မာသော သက်သေအထောက်အထားမရှိပါ။ အစီရင်ခံစာတွင်မူ အစိုးရဆန့်ကျင်သည့် သတင်းရင်းမြစ်များမှ အခြေအမြစ်မရှိသော စွပ်စွဲချက်များထည့် သွင်းထားပြီး စွပ်စွဲထားသည့်ဖြစ်စဉ်များကို စိစစ်နိုင်ရန်အတွက်ဖြစ်စဉ် ဖြစ်ပွားသည့် နေရာ၊ နေ့ရက်၊ အချိန်သို့မဟုတ် သင့်လျော်သည့် အချက်အလက်များ မပါဝင်ကြောင်း တွေ့ရှိရသည်။တစ်ဖက်တွင်လည်းယခုနှစ်အစီရင်ခံစာ၌ ကော့ဘဇားရှိစခန်းများတွင် ဖြစ်ပွားခဲ့သည့် လိင်အကြမ်းဖက်မှုများနှင့် ယင်းအမှုများကို ထိခိုက်နစ်နာစေသည့်နည်း လမ်းများဖြင့် ဖြေရှင်းလေ့ရှိသည့် စခန်းခေါင်းဆောင်များထံ ညွှန်းပို့လေ့ရှိကြောင်းဖော်ပြပါရှိသည်။ စိတ်မကောင်းဖွယ်ပင် ယင်းကဲ့သို့ဖြစ်စဉ်များသည် ပျံ့နှံ့ဖြစ်ပွားလျက်ရှိပြီး စစ်တွေရှိနေရပ်စွန့်ခွာစခန်းတစ်ခုမှ စခန်းခေါင်းဆောင်တစ်ဦးက အမျိုးသမီး၄၀ကျော်ကို အဓမ္မပြုကျင့် ကြောင်းတိုင်ကြားသူ ခြောက်ဦးက ယခုနှစ်အစောပိုင်းတွင်အမှုဖွင့်တိုင် ကြားထားပြီး ယင်းအမှုများသည် ၂၀၁၂ခုနှစ်နှင့် ၂၀၂၂ခုနှစ်အကြားတွင် ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

အစီရင်ခံစာတွင် တိုင်ကြားမှုများ လက်ခံရရှိခြင်းမရှိကြောင်း ဝန်ခံထားသော်လည်း မှန်းဆချက်များကို အခြေခံ၍ "သတင်းပို့မှုလျော့နည်းခြင်းဖြစ်သည်"ကောက်ချက်ချထားသည်။ PDF အမည်ခံအကြမ်းဖက်အဖွဲ့များက ကျူးလွန်သည့် လိင်အကြမ်းဖက်မှုဖြစ်စဉ်များ ပျံ့နှံ့နေသည့်တိုင် ယင်းကဲ့သို့ အချက်အလက်များကို ထည့်သွင်းဖော်ပြရန် ပျက်ကွက်ခြင်းကြောင့် အစီရင်ခံစာကိုပို၍ပင် မမျှတဖြစ်စေသည်။ PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင် လေးဦးသည် ၂၀၂၂ခုနှစ် ဩဂုတ်လတွင် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ပဲကတိုးရွာ၌ မိန်းကလေးငယ် လေးဦးအပါအဝင်စုစုပေါင်းလူ ခုနစ်ဦးကိုအဓမ္မပြုကျင့်သတ်ဖြတ်ခဲ့သည်ဟု သိရှိရသည်။

အစီရင်ခံစာတွင် ပဋိပက္ခနှင့်စပ်လျဉ်းသော လိင်ပိုင်းအကြမ်းဖက်မှု တားဆီးကာကွယ်ရေးအတွက် အစိုးရ၏များပြားသော ဆောင်ရွက်ချက်များကို ထိန်ချန်ထားခြင်းဖြင့် နိုင်ငံတကာမှ အထင်အမြင်လွဲမှားစေသည်။ မြန်မာနိုင်ငံကိုကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပဋိပက္ခနှင့်စပ်လျဉ်းသော လိင်ပိုင်းအကြမ်းဖက်မှုဆိုင်ရာ နှစ်စဉ်အစီရင်ခံစာ၏ နောက်ဆက်တွဲ စာရင်းမှပယ်ဖျက်ရေးအတွက် ပဋိပက္ခနှင့်စပ်လျဉ်းသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့်တုံ့ပြန်ရေးဆိုင်ရာပူးတွဲကြေငြာချက် (Joint Communique)ကိုမြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ၇-၁၂-၂၀၁၈ ရက်တွင်လက်မှတ်ရေးထိုးခဲ့သည်။ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီကို ၂၆-၃-၂၀၁၉ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။ အဆိုပါအမျိုးသားအဆင့်ကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၃၁-၃-၂၀၂၁ရက်တွင်ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို ၂၀၂၁ခုနှစ်ဇွန်လတွင် အတည်ပြုချမှတ်ခဲ့ပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပဋိပက္ခအတွင်းလိင်ပိုင်းအကြမ်းဖက်မှုဆိုင်ရာ အထူးကိုယ်စားလှယ်၏ သဘောထားမှတ်ချက်များကိုလည်း သင့်လျော်သကဲ့သို့ ထည့်သွင်းရေးဆွဲထားသည်။ မြန်မာနိုင်ငံအနေဖြင့် အဆိုပါအမျိုးသားအဆင့်လုပ်ငန်းစီမံချက်နှင့် ၎င်း၏အကောင်အထည်ဖော်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို အထူးကိုယ်စားလှယ်ထံသို့ သင့်လျော်ကောင်းမွန်စွာ မျှဝေအသိပေးလျက်ရှိသည်။အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို ၁၀-၁၁-၂၀၂၃ရက် အထိတစ်နှစ်သက်တမ်းတိုး ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့အသိုက်အဝန်းသည် ဓလေ့ထုံးစံနှင့်ယဉ်ကျေးမှုအရ မည်သည့် ပုံစံဖြင့်မဆို လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကိုဆန့်ကျင်သော အသိုက်အဝန်းဖြစ်သည်။တပ်မတော်သားများသည် စည်းမျဉ်း၊ ကျင့်ဝတ်များကိုအတိအကျလိုက်နာရန်လိုအပ်ကြောင်း အများကကောင်းစွာ သိရှိကြသည်။ဖြစ်မှုကျူးလွန်သူများကို လုံးဝခွင့်မလွှတ်ရေးမူနှင့်အညီ အမြင့်ဆုံး ပြစ်ဒဏ်အထိအရေးယူအပြစ်ပေးလျက်ရှိသည်။ တွဲဖက်စစ်ရေးချုပ်ရုံးမှ ပဋိပက္ခနှင့်စပ်လျဉ်းသော လိင်ပိုင်းအကြမ်းဖက်မှု မဖြစ်ပွားစေရေးအတွက် ၂၄-၁၁-၂၀၂၁ ရက်တွင် စာအမှတ်၊ ၁/၈၅/၇၂၇/ရေး၃ (ဂ) ဖြင့်ညွှန်ကြားချက်တစ်ရပ်ထုတ်ပြန်ခဲ့သည်။ အဆိုပါညွှန်ကြားချက်များကို တပ်မတော်လက်နက်ကိုင်တပ်ဖွဲ့များရှိ ရာထူးအဆင့်အားလုံးသို့အသိ ပေးထားပြီး လိုက်နာမှုနှင့်ပတ်သက်၍ တင်းကျပ်စွာစောင့်ကြည့်ဆောင် ရွက်လျက်ရှိသည်။စစ်ဥပဒေချုပ်ရုံးနှင့် စစ်ဘက်ဆိုင်ရာသင်တန်းကျောင်း များတွင် ဥပဒေအသိပညာပေးရေးသင်တန်းများကို ပို့ချပေးလျက်ရှိပြီး လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးရေး အသိပညာပေးရေးအစီ အစဉ်များလည်းပါဝင်သည်။၂၀၂၂ ခုနှစ်အတွင်း အဆိုပါသင်တန်းများသို့ တပ်မတော်သား ၄၃၀၀၀ ကျော် ပါဝင်တက်ရောက်ခဲ့သည်။

ထိန်းသိမ်းရေးစခန်းများနှင့် ပတ်သက်သောစွပ်စွဲချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများ သို့မဟုတ် မြန်မာအမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ တိုင်ကြားနိုင်သည်။ မြန်မာအမျိုးသား လူ့အခွင့်အရေးကော်မရှင်သည် အကျဉ်းထောင်များတွင် ပြုမူဆက်ဆံပုံများသည်အကျဉ်းသားများအား ပြုမူဆက်ဆံခြင်းဆိုင်ရာ ကုလသမဂ္ဂ၏အနိမ့်ဆုံးစံသတ်မှတ်ချက်စည်းမျဉ်းများနှင့် ကိုက်ညီမှုရှိ၊မရှိစစ်ဆေးရန်အတွက် ၂၀၂၁ခုနှစ်မှ ၂၀၂၃ ခုနှစ်မေလအထိ အကျဉ်းထောင် ၄၁ခုသို့ကွင်းဆင်းသွားရောက်ခဲ့သည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပုံစံ အမျိုးမျိုးနှင့် ပတ်သက်၍ တိုင်ကြားနိုင်ရန်အတွက် ၂၀၁၆ ခုနှစ်မှစတင်သတ်မှတ်ထားသည့် Helpline ဖုန်းနံပါတ်အပြင် ၂၀၂၂ခုနှစ် ဇန်နဝါရီလမှစ၍ Viber နှင့် Facebook စာမျက်နှာများကို တိုးချဲ့သတ်မှတ်ထားခဲ့သည်။ ၂၀၁၇ ခုနှစ်မှစ၍ လိင်ပိုင်းအကြမ်းဖက်ခံရသူများအား တစ်နေရာတည်းတွင် အကူအညီပေးနိုင်ရန်စင်တာ (One Stop Women Support Center – OSWSC) ငါးခုကိုဖွင့်လှစ်ခဲ့ပြီး ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ခုနှစ်တွင် တိုင်းဒေသကြီးနှင့်ပြည်နယ် နှစ်ခုတွင် ထပ်မံတိုးချဲ့ဖွင့်လှစ်ခဲ့သည်။ ယင်းစင်တာများတွင် ကျား၊ မ အခြေပြုအကြမ်းဖက်မှုခံခဲ့ရသူများအတွက် ခိုလှုံရာနေရာ၊ ဥပဒေပိုင်းအကူအညီပေးမှုနှင့် စိတ်လူမှုရေးပိုင်းဆိုင်ရာ အထောက်အပံ့များ အပါအဝင်လိုအပ်သော ပံ့ပိုးမှုများဆောင်ရွက်ပေးလျက်ရှိသည်။ အလားတူ၂၀၂၂ ခုနှစ်မတ်လမှစ၍ ကျန်းမာရေးဝန်ကြီးဌာနက တိုင်းဒေသကြီးနှင့်ပြည်နယ် လေးခုရှိ အထွေထွေဆေးရုံကြီး ခုနစ်ခုတွင်လည်း ကျန်းမာရေးစောင့်ရှောက်မှုပေးသည့်စင်တာ (One Stop Crisis Centers – OSCC) ခုနစ်ခုကို ဖွင့်လှစ်ခဲ့သည်။

အစီရင်ခံစာနှင့် ပတ်သက်သည့် တံခါးဖွင့်အစည်းအဝေးတွင် နိုင်ငံတော်သစ္စာဖောက်မှုဖြင့် တရားရင်ဆိုင်နေရသူ ကျော်မိုးထွန်းတက်ရောက်၍ မြန်မာနိုင်ငံအပေါ် အထင်အမြင်မှားစေမည့် မိန့်ခွန်းပြောကြားခဲ့ကြောင်း သိရှိရသည်။ယင်းသို့အစည်းအဝေးတွင် ပါဝင်တက်ရောက်မှုနှင့်နိုင်ငံကို ကိုယ်စားမပြုသည့် မိန့်ခွန်းပြောကြားခဲ့မှုတို့နှင့် စပ်လျဉ်း၍သက်ဆိုင်ရာ ကုလသမဂ္ဂရုံးများသို့ ကန့်ကွက်ခဲ့ပြီးဖြစ်သည်။ထို့ပြင်အစည်းအဝေးတွင် နိုင်ငံအချို့က မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး တရားလက်လွတ်နှင့်တစ်ဖက်သတ်ပြောဆိုချက်များကိုလည်း ကန့်ကွက်ပယ်ချသည်။

ပဋိပက္ခနှင့်စပ်လျဉ်းသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့်ပတ်သက်၍ သိသာထင်ရှားသောဖြစ်စဉ်များမရှိဘဲ နှစ်စဉ်အစီရင်ခံစာ၏နောက်ဆက်တွဲတွင် မြန်မာနိုင်ငံအား ဆက်လက်ထားရှိခြင်းသည် နိုင်ငံရေးသွတ်သွင်းမှု သက်သက်ဖြစ်ပြီး မြန်မာနိုင်ငံအပေါ် ရွေးချယ်ပစ်မှတ်ထားခြင်းဖြစ်သည်။ အစီရင်ခံစာတွင် ဖော်ပြထားသော အကြောင်းအရာများ ခိုင်လုံမှုမရှိခြင်းနှင့် မမျှတခြင်းတို့က ယင်းအစီရင်ခံစာသည်မြန်မာနိုင်ငံအား နိုင်ငံရေးအခြေခံဖြင့် သိက္ခာချရန်ကြိုးပမ်းမှုမျှသာဖြစ်ကြောင်း သက်သေပြလျက်ရှိသည်။ အစီရင်ခံစာတွင်ပါဝင်သော စွပ်စွဲချက်များသည် သက်သေအထောက်အထားခိုင်လုံမှု မရှိခြင်း၊ကျူးလွန်သူများကို အမြင့်ဆုံးပြစ်ဒဏ်များ ချမှတ်ခဲ့ခြင်းနှင့် ပဋိပက္ခနှင့်စပ်လျဉ်းသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကိုတားဆီးကာကွယ်ရန်အတွက် ပြည်တွင်းယန္တရားများ ချမှတ်ဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် မြန်မာနိုင်ငံကို အစီရင်ခံစာ၏နောက်ဆက်တွဲ စာရင်းတွင်ထည့်သွင်းထားခြင်းမှ ပယ်ဖျက်သင့်ကြောင်း မြန်မာနိုင်ငံက ခိုင်မာစွာယုံကြည်သည်။

**ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ**

**၂၀၂၃ခုနှစ်၊ဇူလိုင်လ ၂၅ ရက်**

# နိုင်ငံတော်ကာကွယ်ရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များ ချောင်းသာမြို့နှင့် သံတွဲမြို့တို့ရှိ တန်ခိုးကြီးဘုရားများနှင့် အထင်ကရနေရာများသို့ သွားရောက်ဖူးမြော်လေ့လာ



နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များ ချောင်းသာကမ်းခြေတွင် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များ ငပလီကမ်းခြေတွင် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် ဇူလိုင် ၂၅**

နိုင်ငံတော် ကာကွယ်ရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များသည် ယနေ့တွင် ချောင်းသာမြို့နှင့် သံတွဲမြို့တို့ရှိ တန်ခိုးကြီးဘုရားများနှင့် အထင်ကရနေရာများသို့ သွားရောက်ဖူးမြော်လေ့လာကြသည်။

ထိုသို့ အနားယူအပန်းဖြေခရီးစဉ် သွားရောက်ခဲ့သည့်အဖွဲ့များမှ ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ သွားရောက်ခဲ့သည့်အဖွဲ့သည် ကမ်းခြေလမ်းလျှောက်ခြင်းနှင့် ကိုယ်လက်ကျန်းမာရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်း၊ သဲသောင်ပြင် အားကစားများဆောင်ရွက်ခြင်း၊ အနားယူအပန်းဖြေခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ချောင်းသာကမ်းခြေရှိ ဆုတောင်းပြည့် ဇမ္ဗူပတိရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုပြီး ညနေပိုင်းတွင် ဘောလုံး၊ ပိုက်ကျော်ခြင်းနှင့် ရေကူးအပန်းဖြေခြင်းများ ဆောင်ရွက်ကြသည်။

အလားတူ ရခိုင်ပြည်နယ် ငပလီကမ်းခြေသို့ သွားရောက်ခဲ့သည့်အဖွဲ့သည် သံတွဲခရိုင် ငပလီမြို့ပေါ်ရှိ မဒေးတောင်ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညို၍ အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ကမ်းခြေ၌ လမ်းလျှောက်ခြင်း၊ ကိုယ်လက်ကျန်းမာရေး လေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်းနှင့် အနားယူအပန်းဖြေခြင်းများ ဆောင်ရွက်ခဲ့ကြပြီး အမှတ်တရ ဓာတ်ပုံများရိုက်ကြကာ ၎င်းတို့တည်းခိုသည့်နေရာ၌ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးကြသည်။ အဆိုပါအဖွဲ့အား ဒေသခံပြည်သူများက ဒေသထွက်ပစ္စည်းများ လာရောက်ပေးအပ်ကြသည်။

၎င်းနောက် ကမ်းခြေရှိသဲသောင်ပြင်တွင် ဘောလုံး၊ ဘော်လီဘောနှင့် ခြင်းလုံးအားကစားများ ဆောင်ရွက်ခြင်း၊ ရေကူး ခြင်းနှင့် အနားယူအပန်းဖြေခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# ဆင်ဖြူတော်ရုပ်ပုံပါ နှစ်သောင်းကျပ်တန် ငွေစက္ကူအမျိုးအစားအသစ်ထုတ်ဝေခြင်းနှင့်စပ်လျဉ်း၍ အများပြည်သူသိရှိစေရန် သတင်းမီဒီယာရှင်းလင်းပွဲ ပြုလုပ်




ဆင်ဖြူတော်ရုပ်ပုံပါ နှစ်သောင်းကျပ်တန်ငွေစက္ကူအမျိုးအစားအသစ်ထုတ်ဝေခြင်းနှင့်စပ်လျဉ်း၍ အများပြည်သူသိရှိစေရန် သတင်းမီဒီယာရှင်းလင်းပွဲပြုလုပ်စဉ်။

**နေပြည်တော် ဇူလိုင် ၂၅**

၂၀၂၃ ခုနှစ် ဇူလိုင် ၂၄ ရက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဆင်ဖြူတော်ရုပ်ပုံပါ နှစ်သောင်းကျပ်တန် ငွေစက္ကူအမျိုးအစားအသစ်ကို ဇူလိုင် ၃၁ ရက်မှ စတင်၍ ထုတ်ဝေသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ အများပြည်သူသိရှိစေရန် ရည်ရွယ်ပြုလုပ်သော သတင်းမီဒီယာရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ပြုလုပ်သည်။

အခမ်းအနားတွင် နှစ်သောင်းကျပ်တန် ငွေစက္ကူအမျိုးအစားအသစ် ထုတ်ဝေခြင်းနှင့်စပ်လျဉ်း၍ သတင်းမီဒီယာများက မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကျပ်နှစ်သောင်းတန်ငွေစက္ကူအသစ်ထုတ်ရခြင်းနှင့်ပတ်သက်၍ မေးမြန်းရာတွင် "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအထိမ်းအမှတ်နှင့် ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် မွေးဖွားသန့်စင်သည့် ဆင်ဖြူတော်ရတနာ "ရဋ္ဌနန္ဒက"၏ တစ်နှစ်မြောက်မွေးနေ့ အထိမ်းအမှတ်အနေဖြင့် ထုတ်ဝေမှုအခြေအနေများ၊ နှစ်သောင်းကျပ်တန်ငွေစက္ကူအသစ်များကို လဲလှယ်ထုတ်ပေးခြင်းကြောင့် ငွေကြေးဖောင်းပွမှုကိုဖြစ်စေနိုင်မှု ရှိ၊ မရှိနှင့် ပတ်သက်၍ မေးမြန်းရာတွင် ငွေကြေးဖောင်းပွမှုနှုန်းကို ထိန်းချုပ်နိုင်စေရန်အတွက် ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေကြေးမူဝါဒရှိမှု၊ အမျိုးသားပြည်တွင်းထုတ်ကုန် GDP ရည်မှန်းချက်နှင့်အညီ ငွေကြေးစနစ်အတွင်း ထားရှိသင့်သော သီးသန့်ငွေကြေးပမာဏအား တွက်ချက်ပြီး သတ်မှတ်ပမာဏအတွင်း ရောက်ရှိစေရန် ဆောင်ရွက်သည့် ငွေကြေးမူဝါဒဘောင်ကို အဓိကထားဆောင်ရွက်လျက်ရှိမှု၊ နှစ်သောင်းကျပ်တန်ငွေစက္ကူကို အမှတ်တရအနေနှင့် အကန့်အသတ်ဖြင့်သာ ငွေစက္ကူအဟောင်းအား အစားထိုးလဲလှယ်ပေးခြင်းဖြစ်၍ ယခုအထိမ်းအမှတ်အဖြစ် ကျပ်နှစ်သောင်းတန် ငွေစက္ကူထုတ်ဝေခြင်းကြောင့် ငွေကြေးဖောင်းပွမှုမဖြစ်နိုင်မှု အခြေအနေများ၊ နှစ်သောင်းကျပ်တန် ငွေစက္ကူကို ထုတ်ဝေသွားမည့်နေ့ရက်နှင့် လဲလှယ်နိုင်မည့် နေ့ရက်များနှင့်ပတ်သက်၍ မေးမြန်းရာတွင် ဆင်ဖြူတော်ရုပ်ပုံပါ နှစ်သောင်းကျပ်တန် ငွေစက္ကူများကို အထိမ်းအမှတ်အဖြစ် ဇူလိုင် ၃၁ ရက်တွင် ထုတ်ဝေခြင်းဖြစ်သည့်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တို့ရှိ ငွေလဲကောင်တာများတွင် ဇူလိုင် ၃၁ ရက်မှစပြီး ရုံးဖွင့်ရက်များတွင် လာရောက်လဲလှယ်နိုင်မှုနှင့် ဟောင်းနွမ်းငွေစက္ကူများ လာရောက်လဲလှယ်လိုသော လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများကိုသာ အမှတ်တရသိမ်းဆည်းထားနိုင်ရန် အများဆုံး သုံးရွက်ခန့်သာ ထည့်သွင်းလဲလှယ်ပေးသွားမည့် အခြေအနေများကို ရှင်းလင်းဖြေကြားခဲ့ပြီး အခြားသောနိုင်ငံများ၌ အထိမ်းအမှတ်အဖြစ် ငွေကြေးထုတ်ဝေခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ အထိမ်းအမှတ်အဖြစ် ကျပ်နှစ်သောင်းတန် ငွေစက္ကူထုတ်ဝေခြင်းကို အကြောင်းပြု၍ ကုန်စည်ဈေးနှုန်းကစားကာ မဟုတ်မမှန်သောနည်းလမ်းဖြင့် အကျိုးအမြတ်ရယူခြင်းများ (Speculation and Manipulation) ဆောင်ရွက်မှုကို အရေးယူဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍လည်းကောင်း၊ အများပြည်သူမှ ဗဟိုဘဏ်ငွေလဲကောင်တာများသို့ ဟောင်းနွမ်းငွေစက္ကူများ လာရောက်လဲလှယ်ရာတွင် လိုအပ်သည့် အထောက်အထားများနှင့် သတ်မှတ်ချက်များနှင့် ပတ်သက်၍လည်းကောင်း မေးမြန်းကြရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေကြေးစီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်က အသေးစိတ် ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေကြေးစီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများ၊ သတင်းဌာနများမှ သတင်းထောက်များ တက်ရောက်သတင်းရယူခဲ့ကြကြောင်းနှင့် မေးမြန်းဖြေကြားမှုအပြည့်အစုံကိုဖော်ပြထားကြောင်း သတင်းရရှိသည်။

### ❖ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ

မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်နာယက ဦးစိုးတင့်၊ ဥက္ကဋ္ဌ ဦးသက်လွင်နှင့် တာဝန်ရှိသူများ၊ သက်ကြီးရိုးရာခြင်းလုံးပညာရှင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်နာယက ဦးစိုးတင့်က ရိုးရာခြင်းလုံးအားကစားနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားတက်ရောက်လာကြသည့် နေပြည်တော်ကောင်စီနယ်မြေမှ အသက် နှစ် ၇၀ နှင့်အထက် ရိုးရာခြင်းလုံးပညာရှင်များကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရိုးရာခြင်းလုံးအဖွဲ့များ၏ ခြင်းလုံးအလှပြခတ်ကစားနေမှုများကို ကြည့်ရှုအားပေးပြီး တစ်ကိုယ်တော်စွမ်းရည်ပြ(တစ်ပင်တိုင်)သရုပ်ပြကစားခဲ့သည့် စုတွယ်တာကို မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဂုဏ်ပြုငွေကျပ်တစ်သိန်း ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးက သရုပ်ပြအဖွဲ့များကို တစ်ဖွဲ့လျှင် ဂုဏ်ပြုငွေကျပ် တစ်သိန်းစီ ပေးအပ်ခဲ့ကြောင်း သိရသည်။ STA

# နှစ်သောင်းတန်ငွေစက္ကူကို အမှတ်တရအနေနဲ့ အကန့်အသတ်ဖြင့်သာ ငွေစက္ကူအဟောင်းများနေရာမှာ အစားထိုးလဲလှယ်ပေးခြင်းဖြစ်တဲ့အတွက် ယခုလို အထိမ်းအမှတ်အဖြစ် ကျပ်နှစ်သောင်းတန်ငွေစက္ကူထုတ်ဝေခြင်းကြောင့်တော့ ငွေကြေးဖောင်းပွမှုမဖြစ်နိုင်ပါဘူး

၂၀၂၃ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဆင်ဖြူတော်ရုပ်ပုံပါ နှစ်သောင်းကျပ်တန်ငွေစက္ကူ အမျိုးအစားအသစ် ထုတ်ဝေခြင်းနှင့်စပ်လျဉ်း၍ အများပြည်သူသိရှိစေရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေကြေးစီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်ကို သွားရောက်တွေ့ဆုံမေးမြန်းမှုများပြုလုပ်ခဲ့ရာ ပရိသတ်များသိရှိနိုင်ရန် ဖော်ပြလိုက်ရပါသည်-

**မေး။** မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကျပ်နှစ်သောင်းတန်ငွေစက္ကူအသစ် ထုတ်ရခြင်းရည်ရွယ်ချက်ကို သိရှိလိုပါတယ်။

**ဖြေ။** ကျွန်တော်တို့မြန်မာနိုင်ငံမှာ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပမှုကိုပြသဖို့၊ ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်မှုရဲ့ ဗဟိုချက်ဖြစ်စေဖို့၊ တိုင်းပြည်နဲ့ကမ္ဘာကြီး အေးချမ်းသာယာမှုဖြစ်စေရန် ရည်ရွယ်တည်ဆောက်ထားတဲ့ **“မာရဝိဇယ”** ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအထိမ်းအမှတ်နဲ့ ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက်မှာ မွေးဖွားသန့်စင်တဲ့ ဆင်ဖြူတော်ရတနာ **“ရွှေနန္ဒက”**ရဲ့ တစ်နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အနေဖြင့်ရည်ရွယ်ပြီး ငွေစက္ကူအမျိုးအစားအသစ် ထုတ်ဝေခြင်းဖြစ်ပါတယ်။

**မေး။** ကျပ်နှစ်သောင်းတန်ငွေစက္ကူအသစ်ကို ဘယ်လိုထုတ်ပေးမယ်ဆိုတာကို ဖြေကြားပေးစေလိုပါတယ်။

**ဖြေ။** ကျွန်တော်တို့က **“မာရဝိဇယ”** ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအထိမ်းအမှတ်နဲ့ ဆင်ဖြူတော်ရတနာ **“ရွှေနန္ဒက”**ရဲ့ တစ်နှစ်မြောက်မွေးနေ့အထိမ်းအမှတ်အနေနဲ့ ရည်ရွယ်ထုတ်ထားတာဖြစ်လို့ အရေအတွက်အကန့်အသတ်နဲ့ ထုတ်ဝေသွားမှာဖြစ်ပြီး သတင်းထုတ်ပြန်ချက်မှာပါတဲ့အတိုင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၊ ရန်ကုန်ဘဏ်ခွဲနဲ့ မန္တလေးဘဏ်ခွဲတို့မှာ ဟောင်းနွမ်းငွေစက္ကူတွေကို လာရောက်လဲလှယ်တဲ့အခါ အမှတ်တရအနေနဲ့ နှစ်သောင်းကျပ်တန်ငွေစက္ကူ သုံးရွက်ခန့်ကိုထည့်သွင်းပြီး တန်ဖိုးတူပြန်လည်လဲလှယ်ပေးမှာဖြစ်ပါတယ်။

**မေး။** အထိမ်းအမှတ်အဖြစ် ငွေကြေးထုတ်ဝေခြင်းကို အခြားသောနိုင်ငံတွေမှာ ထုတ်လေ့ရှိပါသလား။

**ဖြေ။** ဒီလိုအထိမ်းအမှတ်ငွေစက္ကူနဲ့ ဒင်္ဂါး (Commemorative Notes and Coins)တွေကို ကမ္ဘာ့နိုင်ငံအသီးသီးမှာ အထိမ်းအမှတ်ပွဲတွေ၊ အမှတ်တရဖြစ်မယ့်အရာတွေအတွက် အရေအတွက်အကန့်အသတ်နဲ့ ထုတ်ဝေလေ့ရှိကြပါတယ်။ ဥပမာအားဖြင့် ကာတာမှာ ပြီးခဲ့တဲ့ ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပွဲကျင်းပခဲ့ပါတယ်။ကမ္ဘာ့ဖလားအထိမ်းအမှတ်အဖြစ် ကာတာရီရိုင်ယယ် ၇၅ တန်ဖိုးရှိတဲ့ငွေစက္ကူကို ထုတ်ဝေခဲ့ပါတယ်။ ပိုလန်နိုင်ငံရဲ့ သင်္ချာပညာရှင် နက္ခတ္တဗေဒပညာရှင်ဖြစ်သူ Nicolaus Copernicus မွေးဖွားခြင်း နှစ် ၅၅၀ ပြည့်မြောက်အထိမ်းအမှတ်အဖြစ် ဇလိုတီ ၂၀ တန်ဖိုးရှိတဲ့ ငွေစက္ကူကို ဇူလိုင် ၉ ရက်မှာ ထုတ်ဝေခဲ့ပါတယ်။ ဒီလိုပဲ ပါကစ္စတန်နိုင်ငံတော်ဘဏ်တည်ထောင်ခြင်း ၇၅ နှစ်မြောက် အထိမ်းအမှတ်အဖြစ်အနေနဲ့ ရူပီး ၇၅ တန်ဖိုးရှိတဲ့ ငွေစက္ကူကို ဇူလိုင် ၁ ရက်မှာ ထုတ်ဝေခဲ့ပါတယ်။ အလားတူ ဖိလစ်ပိုင်နိုင်ငံဗဟိုဘဏ်က၂၀၂၁ ခုနှစ်မှာ ဖိလစ်ပိုင်နိုင်ငံမှာ ခရစ်ယာန်ဘာသာရောက်ရှိတဲ့ နှစ် ၅၀၀ ပြည့် အထိမ်းအမှတ်အဖြစ် ပီဆို ၅၀၀၀ကို ထုတ်ဝေခဲ့ပါတယ်၊ ထို့အတူ ၂၀၂၀ ပြည့်နှစ်မှာ အင်ဒိုနီးရှားနိုင်ငံက ၇၅ နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် အင်ဒိုနီးယားရူပီယား ၇၅၀၀၀ တန်ဖိုးရှိတဲ့ ငွေစက္ကူတွေကိုလည်း အမှတ်တရအနေနဲ့ ထုတ်ဝေခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**မေး။** ဒီလို နှစ်သောင်းကျပ်တန်ငွေစက္ကူအသစ်များကို လဲလှယ်ထုတ်ပေးခြင်းက ငွေကြေးဖောင်းပွမှုကိုဖြစ်စေပါသလား။

**ဖြေ။** မြန်မာနိုင်ငံမှာ ငွေကြေးဖောင်းပွမှုလျော့နည်းကျဆင်းစေဖို့နဲ့ ငွေကြေးဖောင်းပွမှုနှုန်းကို ထိန်းချုပ်နိုင်စေဖို့အတွက် ဆောင်ရွက်လျက်ရှိတဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေကြေးမူဝါဒရှိပါတယ်။ ဒါကတော့ တိုင်းပြည်ရဲ့စီးပွားရေးကို ပိုမိုအထောက်အကူဖြစ်စေဖို့နဲ့ နှစ်စဉ်လျာထားတဲ့ အမျိုးသားပြည်တွင်းထုတ်ကုန် GDP ရည်မှန်းချက်နဲ့အညီ ငွေကြေးစနစ်အတွင်းထားရှိသင့်တဲ့ သီးသန့်ငွေကြေးပမာဏကို တွက်ချက်ပြီး သတ်မှတ်ပမာဏအတွင်းရောက်ရှိစေဖို့ ဆောင်ရွက်တဲ့ ငွေကြေးမူဝါဒဘောင်ကို အဓိကထားဆောင်ရွက်လျက်ရှိပါတယ်။ စီးပွားရေးလုပ်ငန်းတွေကို ပိုမိုအရှိန်မြှင့်ဆောင်ရွက်နိုင်ဖို့အတွက် ဘဏ်အတိုးနှုန်းမြှင့်တင်တာထက် စီးပွားရေးစနစ်အတွင်းထားရှိသင့်တဲ့ သီးသန့်ငွေကြေးပမာဏကို အတိုး၊ အလျှော့ပြုလုပ်နိုင်တဲ့ဘဏ်တွေက ဗဟိုဘဏ်မှာထားရှိရမယ့် သီးသန့်ငွေကြေးပမာဏအချိုး (Reserve Requirement Ratio) မြှင့်တင်ခြင်း၊ လျှော့ချခြင်းဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံရဲ့စီးပွားရေးစနစ်အတွင်းရှိ စုစုပေါင်းငွေကြေးပမာဏကို နှစ်စဉ်စဉ်ဆက်မပြတ် စောင့်ကြည့်စိစစ်လျက်ရှိပြီး ရည်မှန်းချက်ပမာဏအတွင်းမှာသာရှိစေဖို့ ဒီပမာဏကို နုတ်သိမ်းခြင်း၊ ထည့်သွင်းခြင်းတို့ကို အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အတန်အသင့်တင်းကျပ်သော ငွေကြေးမူဝါဒကို



မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ငွေကြေးစီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်

ကျင့်သုံးလျက်ရှိပါတယ်။ အလားတူ ငွေရေးကြေးရေးကဏ္ဍတည်ငြိမ်စွာဖွံ့ဖြိုးတိုးတက်စေဖို့အတွက်လည်း ဘဏ်နဲ့ ဘဏ်မဟုတ်တဲ့ ငွေရေးကြေးရေးအဖွဲ့အစည်းတွေကို နီးကပ်စွာ ကြီးကြပ်စစ်ဆေးခြင်း၊ ထိန်းကျောင်းပြုပြင်ခြင်းနဲ့ လိုအပ်တဲ့ ပံ့ပိုးကူညီခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့ပြင် ဒစ်ဂျစ်တယ်ပိုင်းအနေနဲ့ ဒစ်ဂျစ်တယ်စီးပွားရေးစနစ်နဲ့ ဒစ်ဂျစ်တယ်ငွေပေးချေမှုတွေ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အမျိုးသားငွေပေးချေမှုမဟာဗျူဟာနဲ့အညီ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့ကြောင့် ပြောပြခဲ့တဲ့ငွေကြေးမူဝါဒနည်းလမ်းတွေ၊ ငွေရေးကြေးရေးကဏ္ဍတည်ငြိမ်စေဖို့နည်းလမ်းတွေနဲ့ ငွေပေးချေမှုနဲ့ စာရင်းရှင်းလင်းမှုတိုးတက်စေဖို့ ဆောင်ရွက်မှုတွေကြောင့် နိုင်ငံ့စီးပွားရေးစနစ်အတွင်းမှာ ရှိတဲ့ဘဏ်တွေမှာ အပ်နှံငွေတွေတိုးတက်လျက်ရှိသလို စီးပွားရေးလုပ်ငန်းတွေအတွက်လိုအပ်တဲ့ ချေးငွေတွေကိုလည်း တိုးတက်ထုတ်ပေးလျက်ရှိပါတယ်။ ဒါ့ပြင် နိုင်ငံ့စီးပွားရေးစနစ်အတွင်း လှည့်လည်သုံးစွဲငွေ (Currency in Circul)တွေ လျော့နည်းကျဆင်းကြောင်းကိုလည်း တွေ့ရပါတယ်။ (Currency in Circul) အတိုးမှာ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်မှာ ၄၈ ရာခိုင်နှုန်းရှိခဲ့တဲ့နေရာမှ ၂၀၂၂ ခုနှစ်မှာ ၂၉ ရာခိုင်နှုန်းကို လျော့ကျခဲ့တယ်။ ၂၀၂၃ ခုနှစ် မေလမှာ ၁၁ ရာခိုင်နှုန်းကို ကျဆင်းခဲ့တာတွေ့ရှိရပါတယ်။ ဒါ့ကြောင့် ငွေကျပ်နှစ်သောင်းတန်ငွေစက္ကူကို အမှတ်တရအနေနဲ့ အကန့်အသတ်ဖြင့်သာ ငွေစက္ကူအဟောင်းတွေနေရာမှာ အစားထိုးလဲလှယ်ပေးတာဖြစ်တဲ့အတွက် အခုလို အထိမ်းအမှတ်အဖြစ် ကျပ်နှစ်သောင်းတန်ငွေစက္ကူထုတ်ဝေခြင်းကြောင့်တော့ ငွေကြေးဖောင်းပွမှုမဖြစ်နိုင်ပါဘူး။ ဒါ့ပြင် နိုင်ငံခြားငွေလဲလှယ်နှုန်းမှာ ငွေကြေးဖောင်းပွမှုမဖြစ်စေရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က စောင့်ကြည့်လျက်ရှိပါတယ်။ နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်စေဖို့အတွက် အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ နေ့စဉ် နိုင်ငံခြားငွေစီးဝင်မှု၊ စီးထွက်မှုကို နီးကပ်စွာစောင့်ကြည့်စိစစ်လျက်ရှိပါတယ်။ ဈေးကွက်အတွင်း နိုင်ငံခြားငွေလိုအပ်ချက်တွေရှိလာပါက Financing ပေးခြင်း၊ ရောင်းချပေးခြင်းနဲ့ နိုင်ငံခြားငွေဝယ်ယူထိန်းသိမ်းထားတဲ့ ဘဏ်တွေကို နိုင်ငံခြားငွေလိုအပ်တဲ့ သွင်းကုန်တင်သွင်းသူတွေနဲ့ စီးပွားရေးလုပ်ငန်းတွေထံ ရောင်းချစေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီအခြေအနေမှာ နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်အကျတည်ငြိမ်နေတာကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဦးစီးဆောင်ရွက်လျက်ရှိတဲ့ ဘဏ်တွေအကြား Online နိုင်ငံခြားငွေကြေးဈေးကွက်မှာ တည်ငြိမ်နေတာကိုတွေ့ရပါတယ်။ Online နိုင်ငံခြားငွေကြေးဈေးကွက်ဖြစ်ပေါ်နေတဲ့ Exchange Rate ကိုကြည့်ပါက တည်ငြိမ်နေတာတွေ့ရပါတယ်။ လိုအပ်တဲ့ နိုင်ငံခြားငွေကြေးဈေးကွက်မှာ သွင်းကုန်တင်သွင်းသူတွေအတွက် လိုအပ်တဲ့ နိုင်ငံခြားငွေရယူတဲ့သူတွေကိုလည်း ကျွန်တော်တို့က ဖြည့်ဆည်းပေးနိုင်ပါတယ်။ လိုအပ်တဲ့ သွင်းကုန်တွေကိုလည်း သွင်းပေးနိုင်တာဖြစ်ကြောင်းတွေ့ရပါတယ်။

**မေး။** အခုအထိမ်းအမှတ်အဖြစ် ကျပ်နှစ်သောင်းတန်ငွေစက္ကူထုတ်ဝေတာကိုအကြောင်းပြုပြီး ကုန်စည်ဈေးနှုန်းကစားကာ မဟုတ်မမှန်တဲ့နည်းလမ်းဖြင့် အကျိုးအမြတ်ရယူခြင်းတွေဆောင်ရွက်မှုကို ဘယ်လိုအရေးယူဆောင်ရွက်မလဲဆိုတာ သိလိုပါတယ်။

**ဖြေ။** အခုအထိမ်းအမှတ်အဖြစ် ကျပ်နှစ်သောင်းတန်ငွေစက္ကူထုတ်ဝေတာက နိုင်ငံ့စီးပွားရေးစနစ်အတွင်း လှည့်လည်သုံးစွဲငွေ (Currency in Circulaticn - CiC) အတွင်းသို့ ထည့်သွင်းတာမဟုတ်ပါဘူး။ ဟောင်းနွမ်းငွေစက္ကူ လာရောက်လဲလှယ်သူတစ်ဦးကို ဥပမာ-လူတစ်ယောက်က ငွေစက္ကူအဟောင်း ကျပ်သိန်း ၁၀၀ လာရောက်လဲလှယ်သူကို ငွေစက္ကူအသစ် ကျပ်သိန်း ၁၀၀ ပြန်ပေးပါတယ်။ အဲဒီလိုပြန်ပေးတဲ့အခါမှာ အမှတ်တရအဖြစ် ကျပ်နှစ်သောင်းတန်ငွေစက္ကူ သုံးရွက်သာ ထည့်သွင်းလဲလှယ်ပေးမှာဖြစ်ပါတယ်။ ဒါကလည်း သက်ဆိုင်ရာငွေအဟောင်းလဲတဲ့သူက သူသည် ကျပ်နှစ်သောင်းတန်ငွေစက္ကူအသစ်လိုချင်ပါတယ်လို့ပြောမှသာလျှင် ထည့်သွင်းလဲလှယ်ပေးမှာဖြစ်ပါတယ်။ သူတောင်းခံမှုမရှိဘူးဆိုရင် ငွေစက္ကူအဟောင်းကိုသာ ငွေစက္ကူအသစ်နဲ့ လဲလှယ်ပေးမှာဖြစ်ပါတယ်။ ဒီလိုလဲလှယ်ထားတဲ့ ဟောင်းနွမ်းငွေစက္ကူတွေကို ဖျက်ဆီးမယ့်ငွေစက္ကူစာရင်းထဲထည့်ပါတယ်။ အဲလိုထည့်ပြီးတော့ ငွေစက္ကူတွေကို ဖျက်ဆီးပစ်လိုက်ပါတယ်။ ဒါကြောင့် ကျပ်နှစ်သောင်းတန်ငွေစက္ကူတွေထုတ်ဝေခြင်းကြောင့် ငွေကြေးပမာဏတိုးတက်မှုအခြေအနေမရှိပါဘူးလို့ပြောလိုပါတယ်။ ဒီအခြေအနေမှာ အကြောင်းအမျိုးမျိုးပြပြီး ကုန်စည်ဈေးနှုန်းကို ဆွဲတင်ဖို့လှုံ့ဆော်နေသူတွေ၊ နိုင်ငံခြားငွေလဲလှယ်နှုန်းမြင့်တက်စေဖို့ ဆောင်ရွက်နေသူတွေအနေနဲ့ အများပြည်သူအကျိုးအတွက် ဒီလိုမျိုးမလုပ်သင့်ပါကြောင်းနဲ့ ပြည်သူအများရဲ့အကျိုးစီးပွားကို ဖျက်စီးရာဖျက်စီးကြောင်းဖြစ်အောင် မဆောင်ရွက်သင့်ပါကြောင်း၊ အဲလိုမလုပ်ကြဖို့လည်း ကျွန်တော်တို့က မေတ္တာရပ်ခံပြောကြားလိုပါတယ်။

**မေး။** ဆင်ဖြူတော်ရုပ်ပုံပါ နှစ်သောင်းကျပ်တန်ငွေစက္ကူကို ဇူလိုင် ၃၁ ရက်မှာ ထုတ်ဝေသွားမယ်လို့သိရပါတယ်။ ဘဏ်မှာ ဘယ်အချိန်ကစတင်ပြီး လာရောက်လဲလို့ရနိုင်မလဲ။ အများပြည်သူလဲလို့ရအောင် စီမံဆောင်ရွက်ထားတာမျိုးရောရှိပါသလား။

**ဖြေ။** ဆင်ဖြူတော်ရုပ်ပုံပါတဲ့ နှစ်သောင်းကျပ်တန်ငွေစက္ကူတွေကို အထိမ်းအမှတ်အဖြစ် ဇူလိုင် ၃၁ ရက်မှာ ထုတ်ဝေမှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တို့ရှိ ငွေလဲကောင်တာတွေမှာ ဇူလိုင် ၃၁ ရက်မှစပြီး ရုံးဖွင့်ရက်များမှာ လာရောက်လဲလှယ်နိုင်ပါတယ်။ ဒါပေမဲ့ ဟောင်းနွမ်းငွေစက္ကူတွေ လာရောက်လဲလှယ်လိုတဲ့ လူပုဂ္ဂိုလ်တွေကိုသာ အမှတ်တရသိမ်းဆည်းထားနိုင်ဖို့ အများဆုံး သုံးရွက်ခန့်သာ ထုတ်ဝေပေးသွားမှာဖြစ်ပါတယ်။ ဟောင်းနွမ်းစုတ်ပြဲမဟုတ်ဘဲနဲ့ သာမန်ငွေစက္ကူအသစ်နဲ့ လာရောက်လဲလှယ်မှုကိုတော့ လက်ခံလဲလှယ်ပေးမှာမဟုတ်ပါဘူး။ ဟောင်းနွမ်းငွေစက္ကူကိုသာလျှင် သူနဲ့သင့်တဲ့တန်ဖိုးကို လဲလှယ်ပေးမှာဖြစ်ပါတယ်။

**မေး။** အများပြည်သူက ဗဟိုဘဏ်ငွေလဲကောင်တာဆီကို ဟောင်းနွမ်းငွေစက္ကူတွေ လာရောက်လဲလှယ်တဲ့အခါ လိုအပ်တဲ့အထောက်အထားတွေနဲ့ သတ်မှတ်ချက်တွေရှိပါက ရှင်းလင်းပြောကြားပေးစေလိုပါတယ်။

**ဖြေ။** ပြည်သူတွေအနေနဲ့ ဟောင်းနွမ်းစက္ကူတွေလာရောက်လဲလှယ်ပါက နိုင်ငံသားစိစစ်ရေးကတ်ယူဆောင်လာရန် လိုအပ်မှာဖြစ်ပါတယ်။ လူပုဂ္ဂိုလ်တစ်ဦးကို ဟောင်းနွမ်းငွေစက္ကူ အရွက် ၅၀၀ ထိ ကောင်တာဖွင့်လှစ်ချိန်အတွင်း လက်ခံလဲလှယ်ပေးသွားမှာဖြစ်ပါတယ်။ ပိုရှင်းလင်းအောင်ပြောရရင် ပြည်သူတွေအတွင်း လှည့်လည်သုံးစွဲနေတဲ့ ဟောင်းနွမ်းငွေစက္ကူအများကြီးရှိပါတယ်။ အဲဒီဟောင်းနွမ်းငွေစက္ကူတွေကို နီးစပ်တဲ့ဘဏ်တွေမှာ ကောင်းမွန်တဲ့ငွေစက္ကူတွေနဲ့ လဲလှယ်နိုင်ပါတယ်။ အဲဒီဟောင်းနွမ်းငွေစက္ကူတွေ လဲလှယ်တဲ့အခါမှာ ကျွန်တော်တို့ဗဟိုဘဏ်ကိုလာရောက်လဲလှယ်တဲ့လူတွေကို အထိမ်းအမှတ်အနေနဲ့ထုတ်ဝေတဲ့ ငွေကျပ်နှစ်သောင်းတန်ငွေစက္ကူကို အကန့်အသတ်အနေနဲ့ အများဆုံး သုံးရွက်လောက်သာ ထည့်သွင်းလဲလှယ်ပေးမှာဖြစ်ပါတယ်။

**မေး။** ဟောင်းနွမ်းငွေစက္ကူတွေကိုလဲလှယ်ပေးရာတွင် တန်ဖိုးတူလဲလှယ်ပေးခြင်းနဲ့ ဆောင်ရွက်ပေးမယ်လို့သိရပါတယ်။တန်ဖိုးတူလဲလှယ်ပေးတယ်ဆိုတာ ဘယ်လိုလည်းဆိုတာကို ရှင်းပြပေးစေလိုပါတယ်။

**ဖြေ။** တန်ဖိုးတူလဲလှယ်ပေးတယ်ဆိုတာက အများပြည်သူတွေက ကျွန်တော်တို့ဆီလာရောက်လဲလှယ်တဲ့ ဟောင်းနွမ်းငွေစက္ကူတွေကို ရွက်ရေတန်ဖိုး(အရွက်ရဲ့တန်ဖိုး)အလိုက် လဲလှယ်ပေးတာမဟုတ်ပါဘူး။ လဲလှယ်တဲ့ငွေစက္ကူစုစုပေါင်းရဲ့ ပမာဏတန်ဖိုးကို သူနဲ့သင့်တော်တဲ့ အခြားသောငွေစက္ကူအမျိုးအစားနဲ့ လဲလှယ်ပေးတာဖြစ်ပါတယ်။

**မေး။** လက်ရှိလှည့်လည်သုံးစွဲနေတဲ့ငွေစက္ကူတွေနဲ့ ငွေအကြွေတွေကရော တရားဝင်ငွေကြေးအဖြစ် ဆက်ရှိနေဦးမှာလား။

**ဖြေ။** နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆-င မှာ နိုင်ငံတော်သည် တရားဝင်ထုတ်ထားသောငွေကြေးများကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြုလို့ အတိအလင်းပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိလှည့်လည်သုံးစွဲနေတဲ့ငွေစက္ကူတွေနဲ့ ငွေအကြွေတွေဟာ တရားဝင်ငွေကြေးအဖြစ် ဆက်လက်တည်ရှိနေမှာဖြစ်ပါတယ်။

**မေး။** ဆရာ့အနေနဲ့ ငွေကျပ်နှစ်သောင်းတန်ထုတ်ဝေခြင်းနဲ့ ပတ်သက်ပြီး ဖြည့်စွက်ပြောချင်တာတွေရှိရင် ပြောပေးစေချင်ပါတယ်။

**ဖြေ။** ငွေစက္ကူအသစ်ကို ကျွန်တော်တို့က အထိမ်းအမှတ်အနေနဲ့ အကန့်အသတ်ဖြင့်သာ လဲလှယ်ပေးမှာဖြစ်တဲ့အတွက် လူတိုင်းတစ်ယောက်တစ်ရွက်စီတော့ ရနိုင်မှာမဟုတ်ပါဘူး။ ဒီငွေစက္ကူအနေနဲ့က အထိမ်းအမှတ်အနေနဲ့ လဲတာဖြစ်တဲ့အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၊ ရန်ကုန်ဘဏ်ခွဲနဲ့ မန္တလေးဘဏ်ခွဲတို့မှာ ဟောင်းနွမ်းငွေစက္ကူတွေနဲ့ လာရောက်ပြီးလဲလှယ်နိုင်ပါတယ်။ ဒါကလည်း ကျွန်တော်ပြောသလို သတ်မှတ်လဲတဲ့ပမာဏနဲ့အညီ လဲပေးမှာမဟုတ်ဘဲ တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းကို အများဆုံး သုံးရွက်လောက်သာ ကျွန်တော်တို့က လဲပေးမှာဖြစ်ပါတယ်။

အခုလိုဖြေကြားပေးတာကျေးဇူးတင်ပါတယ်။

**လင်းကြည်လင်း**

## သံအမတ်ကြီး ဦးတင်ယုအား ဘာရိန်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော်  ဇူလိုင်  ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ယုအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဘာရိန်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## သံတွဲမြို့ရှိ သိမ်ကုန်းပရိယတ္တိစာသင်တိုက်ဆရာတော်က မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော်  ဇူလိုင်  ၂၅**

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့်အဖွဲ့ဝင်များသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲမြို့ရှိ သိမ်ကုန်းပရိယတ္တိစာသင်တိုက် ဆရာတော်ဘဒ္ဒန္တတေဇိန္ဒထံ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သိမ်ကုန်းပရိယတ္တိစာသင်တိုက်ဆရာတော်က မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက် လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤



**သံတွဲမြို့ရှိ သိမ်ကုန်းပရိယတ္တိစာသင်တိုက်ဆရာတော်ထံ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်း အကြမ်းဖက် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နတ်ဆိုး PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များ ဖမ်းဆီးရမိ"** ခေါင်းစဉ်ဖြင့် ၂၆-၇-၂၀၂၃ ရက်**(ယနေ့)**မွန်းလွဲ ၁နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"PDF အကြမ်းဖက်သောင်းကျန်းသူများက ရထားလမ်းကို မိုင်းခွဲဖျက်ဆီးမှုကြောင့် အမြန်လူစီးရထားများ ခရီးစဉ်ကြန့်ကြာမှုဖြစ်ပွားခဲ့"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ဇူလိုင် ၂၅ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦး တွေ့ရှိ

**နေပြည်တော်  ဇူလိုင်  ၂၅**

ဇူလိုင် ၂၄ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၅၉၀၂ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၄၀၉၉၈ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၉၇၈၀ ဦး |

## The Trusts Act ၏ မြန်မာဘာသာပြန်ဆိုချက် ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဥပဒေဘာသာပြန်ကော်မရှင်**
**အမိန့်အမှတ်  ၁/၂၀၂၃**
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်
( ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)

၁။ ဥပဒေဘာသာပြန်ကော်မရှင်က ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(က)အရ အတည်ပြုသည့် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော The Trusts Act ၏ မြန်မာဘာသာပြန်ဆိုချက်ကို ယင်းဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)အရ ထုတ်ပြန်ကြေညာလိုက်သည်။

၂။ ဖော်ပြပါ မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေသည် မူလစာမူနှင့် အလားတူအာဏာတည်ရမည်။

**ဒေါက်တာသီတာဦး**
**ဥက္ကဋ္ဌ**
**ဥပဒေဘာသာပြန်ကော်မရှင်**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများလှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay ၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက် နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်မြမြဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# ဟားခါး-ထန်တလန်မြို့လမ်းကြောင်း ပြန်လည်အသုံးပြုသွားလာနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးပြုလုပ်

**နေပြည်တော် ဇူလိုင် ၂၅**

ချင်းပြည်နယ် ဟားခါး-ထန်တလန်မြို့ လမ်းကြောင်းပြန်လည်အသုံးပြု သွားလာနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နေ့လယ်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးထွဋ်လှိုင်နှင့် ပြည်နယ် ဝန်ကြီးများ၊ ဟားခါးမြို့နှင့် ထန်တလန်မြို့တို့မှ မြို့မိမြို့ဖများ၊ ဘာသာရေးဆရာတော်များ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယတိုင်းမှူးတို့က တာဝန်ရှိသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။




ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန် ဟားခါး-ထန်တလန်မြို့လမ်းကြောင်း ပြန်လည်အသုံးပြုသွားလာနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင် ကလေးမြို့ရှိ တပ်မတော်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသူတစ်ဦးအား ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇူလိုင် ၂၅**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးသို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် အဖွဲ့ဝင်များသည် ကလေးမြို့ရှိ တပ်မတော်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသော တပ်မတော်သားများနှင့် မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကိုသွားရောက်ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

အလားတူ ရခိုင်ပြည်နယ်ကျောက်ဖြူမြို့သို့ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လှအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အလယ်ပိုင်းရပ်ကွက်ရှိ နဂါးကျောင်း ပရိယတ္တိစာသင်တိုက်ဆရာတော်အား သွားရောက်ဖူး မြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့ပြင် အရာရှိရပ်ကွက်၊ စေတီတောင်ရပ်ကွက်နှင့် ကုလာဘာတောင်ရပ်ကွက်တို့သို့ သွားရောက်ကာ ဌာနဆိုင်ရာဝန်ထမ်းများက လူနေအိမ်များ၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်းနှင့် ရပ်ကွက်နေပြည်သူများကို အသိပညာပေးဆောင်ရွက်နေမှုများကိုကြည့်ရှုအားပေးသည်။

အလားတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မီးရထားဆိပ်ရပ်ကွက်ရှိ အများပြည်သူများအနားယူ အပန်းဖြေနိုင်ရန်အတွက် မြို့ပန်းခြံပြုလုပ်မည့် မြေနေရာကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းများနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၂)ရပ်ကွက်ကြားရှိ ရေမြောင်းကို ရေစီးရေလာကောင်းမွန်ရေး တူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် အမှတ်(၅)ရပ်ကွက်ရှိ သာသနာ့အလင်းရောင်ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဝါရိန္ဒကို ဖူးမြော်ကာ မြို့ပေါ်ကျောင်း ၂၈ ကျောင်းရှိ သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းနိုင်ရန်လျှောက်ထားပြဝါဒခံယူကာ လှူဖွယ်ပစ္စည်းများနှင့် လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းကြ သည်။

ထို့အတူ ရခိုင်ပြည်နယ်ရသေ့တောင်မြို့သို့ရောက်ရှိနေသော ဗိုလ်ချုပ်အောင်မျိုးထွန်းသည် ဇူလိုင် ၂၄ ရက်မွန်းလွဲပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနယာယီအစည်းအဝေးခန်းမ၌ ပြုလုပ်သော မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး ဌာနများအလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ကျေးရွာများမှ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ဘူးသီးတောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

**နေပြည်တော် ဇူလိုင် ၂၅**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကိုဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများကနေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံနှင့် ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမရှေ့တို့၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့်စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက်သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ရှင်မဟာရဋ္ဌသာရ၏ ဇာတ်ကောင်အဖွဲ့

**"ဘူရိဒတ်ပြန်ရောက်လာပြီ" ဟူ၍ အုတ်အုတ်ကျက်ကျက် ဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး ခေါ်ကြ ထူးကြမေးမြန်းကြပုံ၊ ရင်ထုပြီး ဆံပင်ဖိုးရိုးဖားရားနှင့် ငိုကြွေးကြပုံ၊ "သေရွာမှ ပြန်လာသော ဘူရိဒတ်နဂါးမင်းကား ကံကောင်းလေစွ" ဟု ဆိုလျက် မျက်ရည်လည်ရွဲနှင့် စားလက်စထမင်းပွဲကို ပစ်ထားခဲ့ပြီး ဘူရိဒတ်ထံ အလျင်အမြန်သတင်းလာမေးကြပုံတို့ကို ဖွဲ့ထားခြင်းဖြစ်သည်။**

မြန်မာစာပေသမိုင်းတစ်လျှောက် ပေါ်ပေါက်ခဲ့သောပျို့အများစုသည် ဇာတ်နိပါတ်များကို ကဗျာအဖြစ်ပုံပြောင်းဖွဲ့ထားသော "ကဗျာဝတ္ထု ရှည်ကြီးများ" ဖြစ်ပေသည်။ ပျို့စာဆိုတို့သည် ရှိနှင့်ပြီးသား ဇာတ်နိပါတ်များကို အမွမ်းအမံအဆင်တန်ဆာများထည့်ကာ ပျို့အဖြစ်ဖန်တီးကြခြင်းဖြစ်သည်။ ထိုအခါပျို့စာဆိုတို့၏ လက်စွမ်းကြောင့် ထိုဇာတ်နိပါတ်များသည် မူလကထက်ပို၍ဝေဝေဆာဆာဖြစ်လာတတ်ပါသည်။ ဇာတ်ကောင်များသည်လည်း မူလကထက်ပို၍ အသက်ဝင်လှုပ်ရှားလာတတ်သည်။

အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရသည် လက်စွမ်းထက်သော ပျို့စာဆိုတစ်ပါးဖြစ်လေသည်။ ဆရာတော်၏ပျို့များတွင် ဘူရိဒတ်လင်္ကာကြီးနှင့်ဘူရိဒတ်ဇာတ်ပေါင်းပျို့တို့သည် မဟာနိပါတ်၊ ဘူရိဒတ္တဇာတ်ကို ပြန်ဖွဲ့သော ပျို့များဖြစ်သည်။

ပျို့အသီးသီးတွင်ပါဝင်သော ဇာတ်ကောင်များသည်ဆရာတော်၏ လက်စွမ်းကြောင့် မူလဇာတ်နိပါတ်များမှာထက်ပို၍ အသက်ဝင်လှုပ်ရှားလာရလေသည်။ ထိုအဆိုထင်ရှားအောင် ဆရာတော်၏ ဇာတ်ကောင်အဖွဲ့အချို့ကို သက်ဆိုင်ရာဇာတ်နိပါတ်လာစကားများနှင့် နှိုင်းယှဉ်တင်ပြပေအံ့။ ပထမဆုံးတင်ပြလိုသောအဖွဲ့သည်-

ဘူရိဒတ်ဇာတ်ပေါင်းပျို့မှ နဂါးပရိသတ်၏အဖွဲ့ဖြစ်လေသည်။ ဘူရိဒတ်နဂါးမင်းသည် အလမ္ပာယ်လက်မှလွတ်၍နဂါးပြည်သို့ပြန်ရောက်သောအခါ နဂါးပရိသတ်ကဘူရိဒတ်ကို သနားပြီး ဝိုင်းငိုကြပုံကိုပြရာတွင် ဘူရိဒတ္တဇာတ် အဋ္ဌကထာ၌ "ဘုရားလောင်းသည်၊ ရောက်လတ်သည်ရှိသော်၊ အလုံးစုံသောနဂါးပြည်သည်၊ တစ်ပြိုင်နက်သော ငိုကြွေးသောအသံသည် ဖြစ်၏"ဟူ၍ သာမန်မျှသာပြထားလေသည်။ ဘူရိဒတ်ဇာတ်ပေါင်းပျို့တွင်ကား ထိုနဂါးပရိသတ်သည် ပို၍အသက်ဝင်လာရပါသည်။ ဆရာတော်က ပျို့အပိုဒ် ၇ နှင့် ၉တွင်-

"တစ်ပြိုင်နက်၊ ဆိတ်ချက်ရင်သား၊ ဖားလျားဆံဖြေ၊ စုံမက်ထွေဖြင့်၊ ကွဲကြေသည်းထန်၊ ငိုကြွေးဟန်သည်၊ သံဝှန်တသောင်းသောင်းသတည်း" ဟူ၍လည်းကောင်း၊

"ကြမ္မာကောင်းစွ၊ တို့မွေးဘဟု၊ ဆိုကြသဲသဲ၊ မျက်ရည်ရွဲနှင့်၊ စားပွဲတင်းလင်း၊ ပစ်ခဲ့လျှင်း၍၊ အပြင်းလျင်စွာ၊ ဖူးအံ့လာသား" ဟူ၍ လည်းကောင်းဖွဲ့ထားလေသည်။ "ဘူရိဒတ်ပြန်ရောက်လာပြီ" ဟူ၍ အုတ်အုတ်ကျက်ကျက်ဖြစ်ပြီး တစ်ဦးနှင့်တစ်ဦးခေါ်ကြ ထူးကြမေးမြန်းကြပုံ၊ ရင်ထုပြီး ဆံပင်ဖိုးရိုးဖားရားနှင့်ငိုကြွေးကြပုံ၊ "သေရွာမှပြန်လာသော ဘူရိဒတ်နဂါးမင်းကား ကံကောင်းလေစွ"ဟုဆိုလျက်မျက်ရည်လည်ရွဲနှင့် စားလက်စထမင်းပွဲကို ပစ်ထားခဲ့ပြီး ဘူရိဒတ်ထံအလျင်အမြန်သတင်းလာမေးကြပုံတို့ကို ဖွဲ့ထားခြင်းဖြစ်သည်။ ဆရာတော်၏လက်စွမ်းကြောင့် နဂါးပရိသတ်သည် နဂါးအသွင်ပျောက်သွားပြီး အရေးကြုံလျှင် ဝိုင်းဝန်းရိုင်းပင်းတတ်သော၊ တစ်ဦးကိစ္စကို တစ်ဦးကဂရုစိုက်ပြီး သတင်းမေးတတ်သော၊ ချစ်စရာကောင်းလှသော မြန်မာ့အသွင်၊ မြန်မာ့စရိုက်၊ မြန်မာ့အမူအရာပေါ် လွင်လာရပေသည်။

နောက်ထပ်တင်ပြလိုသောအဖွဲ့မှာ ဘူရိဒတ်လင်္ကာကြီးမှ ဘူရိဒတ်၏ ဦးရီးတော် ဗာရာဏသီမင်း၏အဖွဲ့ဖြစ်သည်။ ဦးရီးတော်က ဘူရိဒတ်၏ မိခင်သည် သူ့နှမဖြစ်ကြောင်း သူ့နှမနှင့်ကွဲကွာနေသည်မှာကြာပြီဖြစ်၍ အလွန်တွေ့ချင်ကြောင်းပြောရာ၌ "ငါသည်ကား ငါ၏နှမကို ဖူးမြင်လိုသည်ဖြစ်၏။ အသို့သောအကြောင်းဖြင့် ငါ့နှမကို ဖူးမြင်ရအံ့နည်း"ဟု ပြောကြောင်း အဋ္ဌကထာတွင် တွေ့ရပါသည်။ ဘူရိဒတ်လင်္ကာကြီးမှ ဦးရီးတော်မှာမူ ထို့ထက်ပို၍ အသက်ဝင်လေသည်။ သူ့နှမအကြောင်း ပြောပြရာ၌-

"နှမရင်းကား၊ သားချင်းမျှသာ မဟုတ်စွာတည့်၊
အချာသန္ဓေ၊ အတူနေလျက်၊ မကွေမကွာ၊
ငယ်သောခါက၊ မေတ္တာဝင်ပြီး၊ ငါ့မောင်ကြီးကို၊
ငြီးငြီးငွေ့ငွေ့၊ ခိုက်ရန်တွေ့သို့၊ လုံးမေ့လုံးကျန်၊
ပျော်ပါးလွန်၍၊ တစ်ဖန်မစမ်း၊ မလွမ်းပါလေ၊
နေတို့တတ်စွ၊ ဝမ်းနည်းလှ၏" ဟူ၍ လွမ်းလွမ်းဆွေးဆွေးဖွဲ့နွဲ့ပြောနေပုံကို လင်္ကာကြီးအပိုဒ် ၄၃၂ တွင် တွေ့ရသည်။ "နှမရင်းဆိုသည်မှာ ဆွေမျိုးသားချင်းတော်ရုံမျှသာ မဟုတ်ပေ။ တစ်အူထုံ့ဆင်း ဆွေမျိုးအရင်းကြီးဖြစ်သည်။ ငယ်စဉ်ကမကွဲမကွာ ချစ်ချစ်ခင်ခင်အတူနေလာခဲ့သော မောင်နှမဖြစ်ပါလျက် ယခုမူ နှမသည် ငါ့မောင်ကြီးကို ရန်ခိုက်ဒေါသဖြစ်နေသည့်အလား လုံးဝမေ့လျော့နေလေပြီ။ နှမသည်အပျော်လွန်ပြီး ငါ့ကိုမစုံစမ်း မလွမ်းဘဲနေနိုင်ရက်ပေစွ။ ငါကား ဝမ်းနည်းလှပါတော့သည်"ဟူ၍ကြေကြေကွဲကွဲ ပြောနေသည့် လေသံပေါ် လာသည်။ မိမိက လွမ်းရသလောက် မိမိကိုလွမ်းရကောင်းမှန်းမသိသော နှမရင်းကိုစိတ်ခုပြီး ခပ်ငေါ့ငေါ့ကလေးပြောနေသည့် အမူအရာမျိုးလည်း ပေါ် လာသည်။ ထို့ကြောင့် မူလကထက်ပို၍ အသက်ဝင်သည်။နောက်ဆုံးတင်ပြလိုသောအဖွဲ့ကား-

ကိုးခန်းပျို့မှ ပုဏ္ဏားမကြီး၏အဖွဲ့ဖြစ်သည်။ ပုဏ္ဏားမသည် သားလေးယောက်ရော ခင်ပွန်းသည် ပုဏ္ဏားကြီးပါတောထွက်သွားသည့်အတွက် တစ်ကိုယ်တည်းကျန်ခဲ့ချိန်တွင် "ငါ၏သားတို့သည်လည်းကောင်း၊ လင်သည်လည်းကောင်း၊ ဝတ္ထုကာမ ကိလေသာကာမတည်းဟူသော ကွန်ရက်ကိုဖြတ်၍ သွားကုန်၏" ဟူ၍ပြောဆိုကြောင်း ဟတ္ထိပါလဇာတ် အဋ္ဌကထာတွင်တွေ့ရပေသည်။ ကိုးခန်းပျို့မှ ပုဏ္ဏားမကြီးမူကား စကားတတ်လှပါသည်။ သားလေးယောက် တောထွက်သွားသောအခါ. . .

"ညဉ့်နေ့မဟူ၊ ငိုတရူလျက်၊ လွမ်းပူလွမ်းလောင်၊လွမ်းရစ်အောင်ဟု၊ သားမောင်လေးပါး၊မယ်တော်အားကို၊ တရားကုသိုလ်၊ လွမ်းဖြေဆို၍၊ သံချိုမမြွက်ပါခဲ့တည်း။"

"အူသည်းဟင်းလင်း၊ မိကိုခွင်းသည်၊ ချစ်ခြင်းမနက်ပါခဲ့တည်း။"

"သားများကြောင့်လျှင်၊ ချစ်ငြောင့်ချစ်ဆူး၊ဝမ်းထဲနူးသော်၊ လွမ်းရှူးလွမ်းဆာ၊ သည်းချာရိုးခြင်၊ဖိမ့်ဖိမ့်ကျင်ရှင့်" စသည်ဖြင့် မြည်တမ်းရှာသည်။

"သားမောင်လေးယောက်သည် မိခင်ကို အလွမ်းပြေတရားစကားကလေးမျှပင် ဟောပြောမသွားဘဲ ညဉ့်နေ့မပြတ်ငိုယိုတမ်းတပြီး လွမ်းကျန်ရစ်အောင် လုပ်သွားရက်ပေစွ။ မိခင်ကို နက်နက်နဲနဲမချစ်ကြသည့် သားများပီပီ မိခင်၏အူအသည်းဟင်းလင်းပွင့်အောင် ခွင်းရက်ပေစွ။ မိခင်မှာ သားများကြောင့် ဝမ်းထဲတွင် အချစ်ငြောင့်စူးကာ ရူးမတတ်ခံစားနေရပါပြီ။ အသည်းနှလုံးသာမက အရိုးအခြင်ထိအောင် တဖိမ့်ဖိမ့်နာကျင်နေရပါပြီ " စသည်ဖြင့် လွမ်းလွမ်းဆွေးဆွေးမြည်တမ်းနေရှာပုံမှာ သနားဖွယ်ကောင်းလှသည်။ မိခင်မေတ္တာနှင့်အလွမ်းသရုပ်ပေါ် လွင်လှသည်။ ထို့အတူ ခင်ပွန်းသည်ပုဏ္ဏားကြီးပါ တောထွက်သွားသောအခါ ပုဏ္ဏားမကြီးခင်ဗျာ တစ်ကိုယ်တည်းကျန်ရစ်ခဲ့ရသည်။ သူက-

"မယ့်လင်သူမြတ်၊ ယောကျ်ားထွတ်ကား၊ လင်မှတ်မည်သာ၊ မဟုတ်စွာတည့်၊ လိမ္မာပဲ့ပြင်၊ သင်စပေသည်၊ ဆရာမည်၏" ဟူ၍ မိမိလင်သည်လင်မည်ကာမျှမဟုတ်ဘဲ မိမိကိုလိမ္မာအောင်ပဲ့ပြင်ပေးသော ဆရာလည်းမည်ကြောင်း ဂုဏ်ယူဝင့်ကြွားစွာပြောပြသည်။ သို့သော် ယခုထိုလင်သားသည် မိမိကိုစွန့်ပြီးတောထွက်သွားသည့်အတွက် လွမ်းဆွတ်ပြီးကျန်ခဲ့ရာ၌-

"မြူးရယ်ပျော်ပါး၊ သူ့မယားနှင့်၊ သူ့သားသူ့လင်၊ ရှုဖွယ်မြင်မူ၊ မိခင်ဘယ်သို့၊ ဆည်နိုင်မြို့အံ့"ဟူသည့်အတိုင်း သူတစ်ပါးမိသားစုရွှင်မြူးပျော်ပါးနေသည်ကိုမြင်ရတိုင်း ဖော်မစုံသော မိမိဘဝကို သတိရပြီး ဖြေဆည်၍မရနိုင်အောင်ဖြစ်ကာ "လွမ်း၍ငိုသည်၊ မယ့်မျက်ရည်ကား၊ ယိုသည် တရှမ်းရှမ်းတကား"ဟုဆိုရလောက်အောင် လွမ်းဆွတ်ငိုယိုမိရှာပုံကို သဘာဝကျကျ ရေးဖွဲ့ထားလေသည်။ ကိုးခန်းပျို့ အခန်း ၆ တွင် အသေးစိတ်တွေ့နိုင်၏။

ယခုတင်ပြခဲ့သမျှသည် ရှင်မဟာရဋ္ဌသာရ၏ဇာတ်ကောင်အဖွဲ့များထဲမှ အချို့သာဖြစ်၏။ ယင်းတို့ကိုကြည့်ရုံနှင့် ဆရာတော်၏ပြောင်မြောက်လှသောလက်စွမ်းကို အကဲခတ်နိုင်လောက်ပေသည်။ ထိုသို့ပြောင်မြောက်စွာ ရေးဖွဲ့ထားသောကြောင့်လည်းဆရာတော်၏ ပျို့များထဲမှ ဇာတ်ကောင်များသည် မရိုးနိုင်သော ဇာတ်ကောင်များအဖြစ် ယခုတိုင် အသက်ဝင်လှုပ်ရှားနေခြင်းဖြစ်သည်ဟု ယူဆရပေသည်။ ။

**မောင်ခင်မင်(ဓနုဖြူ)**

## စာလေးတစ်စောင်

\- လက်ရေးက မညီညာ
တီတီတာ မဖော်ကျူး၊
စေတနာ မေတ္တာငွေ့ကိုဖြင့်
မမေ့နိုင်ဘူး။

\- မေ့သားမောင် ကျန်းမာလားတဲ့
ပါးလိုက်သည့် သည်စာလွှာ၊
အလုပ်တွေ အဆင်ပြေကြောင်း
ဆုတောင်းမေတ္တာ၊
အဝေးက အမေ့ရုပ်လွှာ
ထိုစာမှာ ထင်ဟပ်၊
ကျေးဇူးဂုဏ် အလွန်ကြီး
ဘယ်နည်းနဲ့ဆပ်။

\- အလုပ်အားရင် တစ်ခေါက်တော့
လာရောက်ဖို့ အမေမှာ၊
ဘုရားစင်ရှေ့မှာ မေတ္တာပို့
မျက်ရည်စို့ရှာ၊
သူများရပ် သူများနေရာ
ဆင်ခြင်ကာ နေပါကွဲ့၊
သားလာရင် သတိပေး
အပြေးကြိုမတဲ့။ ။

**ဖျာပုံမောင်သုည**

## ဟင်္သာတမြို့နယ် ရွှေမန်းလွင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဟင်္သာတ ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေမန်းလွင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သက်ရှည်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရွှေမန်းလွင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

ရွှေမန်းလွင်ကျေးရွာ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၉၉ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၄ ဒသမ ၉ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**မင်းမြင့်မိုရ်**



# စစ်ရာဇဝတ်မှုများနှင့် အကြမ်းဖက်မှုများ၏အန္တရာယ်

ယနေ့ကာလတွင် တပ်မတော်၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုတို့သည် စစ်ရာဇဝတ်မှုများ(War Crimes)ကျူးလွန်နေသည့် လက်နက်ကိုင်သောင်းကျန်းသူများနှင့် အကြမ်းဖက်မှုများကျူးလွန်နေသည့် အကြမ်းဖက်သမားများ၏ အန္တရာယ်နှင့်ရင်ဆိုင်နေရသည်။ တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လက်နက်ကိုင်သောင်းကျန်းမှုကိုနှိမ်နင်းသည့် စစ်ဆင်ရေးများဆောင်ရွက်နေရသလို အကြမ်းဖက်မှုတိုက်ဖျက်သည့် စစ်ဆင်ရေးများကိုလည်း ဆောင်ရွက်နေရသည်။ တပ်မတော်သားများသည် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေဟု ယနေ့ခေတ်



KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ကျုံးဒိတ်တံတားကို တွေ့ရစဉ်။

**တပ်မတော်သားများသည် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေဟု ယနေ့ခေတ်တွင်ခေါ်ဆိုနေကြသည့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ဥပဒေများကို လေ့လာဆည်းပူးထားသည့်အားလျော်စွာ လက်နက်ကိုင်ပဋိပက္ခအသွင်သဏ္ဌာန်ရှိသည့် သောင်းကျန်းမှုနှိမ်နင်းရေးစစ်ဆင်မှုများကို ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်လျက်ရှိ . . .**

တွင်ခေါ်ဆိုနေကြသည့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာဥပဒေများကို လေ့လာဆည်းပူးထားသည့် အားလျော်စွာ လက်နက်ကိုင်ပဋိပက္ခအသွင်သဏ္ဌာန်ရှိသည့် သောင်းကျန်းမှုနှိမ်နင်းရေးစစ်ဆင်မှုများကို ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်လျက်ရှိသည်။ အရပ်သားများနှင့် အရပ်ဘက်ဆိုင်ရာများမဟုတ်သည့် စစ်ရေးရည်မှန်းချက်များနှင့် အကြမ်းဖက်သမားကိုသာ အဓိကထားတိုက်ခိုက်လျက်ရှိသည်။

သို့ရာတွင် အချို့သော သောင်းကျန်းသူများသည် ခုခံတိုက်ခိုက်ခြင်းမရှိသည့် မြို့ရွာများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ ပြည်သူလူထုက ပေးဆောင်ထားသည့် အခွန်ဘဏ္ဍာများဖြင့် တည်ဆောက်ထားပြီး ပြည်သူလူထုက အဓိကထားအသုံးပြုသည့် လမ်းတံတားများကို ဖျက်ဆီးခြင်းတို့ကို လုပ်ဆောင်လျက်ရှိသည်။ ထိုသို့လုပ်ဆောင်ခြင်းသည် စစ်ရာဇဝတ်မှုကို ကျူးလွန်ရာရောက်သည်။ စစ်ရာဇဝတ်မှုကို နိုင်ငံတကာရာဇဝတ်တရားရုံးဥပဒေတွင် ကျယ်ပြန့်စွာ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခဆိုင်ရာ စစ်ရာဇဝတ်မှု၏ အင်္ဂါရပ်များအနက်မှ အဓိကကျသည့် အချက်များကို ကောက်နုတ်တင်ပြသွားမည်။

**ဂျီနီဗာကွန်ဗင်းရှင်းများကို ကြီးလေးစွာ ချိုးဖောက်ခြင်းတွင်ပါဝင်သည့် အကြောင်းမဲ့ သတ်ဖြတ်ခြင်း၊ စစ်ရေးလိုအပ်ချက်အတွက် မဟုတ်ဘဲ ကြီးမားကျယ်ပြန့်စွာဖျက်ဆီးခြင်းနှင့် ပစ္စည်းဥစ္စာများကို သိမ်းပိုက်ခြင်းတို့အား အကြောင်းမဲ့တမင်လုပ်ဆောင်ခြင်း၊ ဓားစာခံအဖြစ်ဖမ်းဆီးခြင်း၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများတွင် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာဥပဒေနှင့် ဓလေ့ထုံးစံများကို ချိုးဖောက်ခြင်းတွင် ပါဝင်သည့် အရပ်သားပြည်သူလူထု သို့မဟုတ် တိုက်ပွဲများတွင် တိုက်ရိုက်ပါဝင်ခြင်းမရှိသည့် အရပ်သားပြည်သူ လူပုဂ္ဂိုလ်တစ်ဦးချင်းစီအား တမင်တိုက်ရိုက်တိုက်ခိုက်ခြင်း၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးတာဝန်အတွက် ပါဝင်လျက်ရှိသည့် အမှုထမ်းများ၊ တည်ဆောက်တပ်ဆင်ထားမှုများ၊ ပစ္စည်းပစ္စယများ၊ အဖွဲ့များ သို့မဟုတ် ယာဉ်များသည် အပြည်ပြည်ဆိုင်ရာ လက်နက်ကိုင်ပဋိပက္ခ ဥပဒေအရ အရပ်သား သို့မဟုတ် အရပ်ဘက်ပစ္စည်းများကဲ့သို့ ကာကွယ်စောင့်ရှောက်ခွင့်ရထားစဉ်ကာလအတွင်း တမင်တိုက်ရိုက်တိုက်ခိုက်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် ဘာသာရေး၊ ပညာရေး၊ အနုပညာ၊ သိပ္ပံပညာ သို့မဟုတ် အလှူဒါနအတွက်ဖြစ်သော အဆောက်အအုံများ၊ သမိုင်းဝင်အထိမ်းအမှတ်များ၊ ဆေးရုံများ၊ ဖျားနာသူများနှင့် ဒဏ်ရာရရှိထားသူများကို စုစည်းထားရှိသည့် နေရာများအား တမင်တိုက်ရိုက်တိုက်ခိုက်ခြင်း၊ အသက် ၁၅ နှစ်အောက်ကလေးငယ်များကို တိုက်ပွဲများတွင်အသုံးပြုခြင်းတို့သည် စစ်ရာဇဝတ်မှုများပင်ဖြစ်**သည်။

လက်နက်ကိုင်သောင်းကျန်းသူများက အထက်ဖော်ပြပါအချက်များတွင် အကျုံးဝင်သည့်လုပ်ရပ်များကို လုပ်ဆောင်နေကြခြင်းသည် စစ်ရာဇဝတ်မှုများကို ကျူးလွန်နေကြခြင်းဖြစ်သည်။ ထိုသို့ စစ်ရာဇဝတ်မှုများကို ကျူးလွန်မှုများကြောင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခြင်း၊ နိုင်ငံတော်၏ အခွန်ဘဏ္ဍာများဆုံးရှုံးခြင်းတို့ကိုဖြစ်ပေါ်စေပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အနှောင့်အယှက်ဖြစ်စေသည်။

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)ပုဒ်မခွဲငယ်(၁၀)အရ အများပြည်သူ၏လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူ သို့မဟုတ် တစ်ဦးတစ်ယောက်အတွက် အရေးကြီးသော အခြေခံအဆောက်အဦများကိုဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကိုဖြစ်စေ ပြင်းထန်စွာထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုများသည် အကြမ်းဖက်မှုပင်ဖြစ် . . .**

အခြားတစ်ဖက်တွင်လည်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်အုပ်စုများအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံဖြစ်သော PDF အမည်ခံ အကြမ်းဖက်အုပ်စုများသည် လက်နက်ကိုင်ပဋိပက္ခနှင့် အကျုံးမဝင်သည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်နေကြသူများဖြစ်သည်။ ထို့ကြောင့်ပင်လျှင် တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်မှုနှိမ်နင်းရေးစစ်ဆင်မှုများကို ဆောင်ရွက်နေရခြင်းဖြစ်သည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေသည် ကုလသမဂ္ဂ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်အညီ ရေးဆွဲပြဋ္ဌာန်းထားခြင်းဖြစ်သည်။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)ပုဒ်မခွဲငယ်(၁၀)အရ အများပြည်သူ၏လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူ သို့မဟုတ် တစ်ဦးတစ်ယောက်အတွက် အရေးကြီးသော အခြေခံအဆောက်အဦများကိုဖြစ်စေ၊

၁၈.၇.၂၀၂၃ ရက်နေ့က အကြမ်းဖက်သောင်းကျန်းသူများ၏ ရက်စက်ကြမ်းကြုတ်စွာ မိုင်းခွဲဖျက်ဆီးမှုကြောင့် ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း၏ ဆောင်ရွက်ပြီးစီးနေသည့် ရထားလမ်းထိခိုက်ပျက်စီးမှုအခြေအနေ



နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကိုဖြစ်စေ ပြင်းထန်စွာထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုများသည် အကြမ်းဖက်မှုပင်ဖြစ်သည်။ ထို့ပြင် **အကြမ်းဖက်မှုကို ကျူးလွန်သော သို့မဟုတ် ကျူးလွန်မည်ဖြစ်သော အကြမ်းဖက်သမားတစ်ဦးဦးကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စု တစ်ခုခုကိုဖြစ်စေ အားပေးကူညီရာရောက်သော ငွေကြေးထောက်ပံ့မှုသည်လည်း အကြမ်းဖက်မှုဖြစ်**သည်။ CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံဖြစ်သော PDF အမည်ခံ အကြမ်းဖက်အုပ်စုများသည် အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့သတ်ဖြတ်ခြင်း၊ စွပ်စွဲချက်အမျိုးမျိုးဖြင့် သတ်ဖြတ်ခြင်း၊ အများပြည်သူအတွင်း ကြောက်ရွံ့ထိတ်လန့်မှုကိုဖြစ်စေသည့် မြို့ရွာများတွင် မိုင်းထောင်ဖောက်ခွဲခြင်း၊ စာသင်ကျောင်းများအပါအဝင် အများပြည်သူဆိုင်ရာ အဆောက်အအုံများကို ဗုံးခွဲတိုက်ခိုက်ခြင်း၊ မီးရထားလမ်းများကို ဖျက်ဆီးခြင်း၊ လမ်းတံတားများကို မိုင်းထောင်ဖျက်ဆီးခြင်း၊ ဆရာ၊ ဆရာမများကို ခြိမ်းခြောက်ဖမ်းဆီးသတ်ဖြတ်ခြင်း စသည့်အကြမ်းဖက်မှုများကို ကျူးလွန်လျက်ရှိကြသည်။

အဆိုပါ**အကြမ်းဖက်မှုများကို တိုက်ဖျက်ရေးသည် ပြည်သူတစ်ရပ်လုံး၏ အမျိုးသားရေးတာဝန်ဖြစ်**သည်။ နိုင်ငံတော်အစိုးရက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေး၊ စာမျက်နှာ ၂၅ သို့



ထီးချိုင့်မြို့နယ်၊ တကောင်းနီကယ်စက်ရုံသို့ သွယ်တန်းထားသော လျှပ်စစ်ဓာတ်အားလိုင်း တာဝါတိုင်များမိုင်းခွဲခံရသည့် မှတ်တမ်းဓာတ်ပုံ။



စာမျက်နှာ ၂၄ မှအဆက်

ငြိမ်းချမ်းရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးကို အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်နေသည့်အချိန်တွင် စစ်ရာဇဝတ်မှုများကို ပြောင်ပြောင်တင်းတင်းကျူးလွန်နေကြသည့် လက်နက်ကိုင်သောင်းကျန်းသူများ၊ အကြမ်းဖက်လုပ်ရပ်များကို ပြောင်ပြောင်တင်းတင်းကျူးလွန်နေကြသည့် အကြမ်းဖက်အုပ်စုများကြောင့် ပြည်သူများစိုးရိမ်ကြောင့်ကြရခြင်း၊ နိုင်ငံတော်ဘဏ္ဍာများလေလွင့်ဆုံးရှုံးခြင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အနှောင့်အယှက်ဖြစ်ပေါ်စေခြင်းတို့ကို ဖြစ်ပေါ်စေလျက်ရှိသည်။ အဆိုးဆုံးမှာအကြမ်းဖက်သမားများ၏ အန္တရာယ်ကြောင့် အချို့သောကလေးငယ်များ ပညာသင်ကြားခွင့်ဆုံးရှုံးနေရခြင်းဖြစ်သည်။

နိုင်ငံရေးနှင့်လူမျိုးရေးအစွန်းရောက်ပြီး လက်နက်ကိုင်ပဋိပက္ခကို ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် အသုံးချလျက်ရှိသည့် လက်နက်ကိုင်သောင်းကျန်းသူများ၏ စစ်ရာဇဝတ်မှု ကျူးလွန်မှုများသည် နိုင်ငံတော်အစိုးရက မျှော်မှန်းဆောင်ရွက်

PDF အမည်ခံအကြမ်းဖက်သမားများ၏ ရက်စက်ကြမ်းကြုတ်စွာ မိုင်းခွဲတိုက်ခိုက်မှုကြောင့် ရထားလမ်းထိခိုက်ပျက်စီးမှု အခြေအနေ



မိုင်းပေါက်ကွဲ၍ ရထားသံလမ်း ထိခိုက်ပျက်စီးမှု။



မြန်မာ့မီးရထားပိုင် ရထားသံလမ်းဆက်ပြား၊ သံလမ်းဆက်မှုသီများနှင့် သံလမ်းထိန်းကလစ်များ ဖြုတ်ယူဖျက်ဆီးမှုကြောင့် မန္တလေး-ရန်ကုန်ရထားလမ်းပိုင်းအတွင်း မြစ်ငယ်မှ ရွာသာကြီး ခရီးစဉ်ပြေးဆွဲသော ကုန်ရထားလမ်းချော်မှုဖြစ်ပွားစဉ်။

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရအကြမ်းဖက်အုပ်စုများအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံဖြစ်သော PDF အမည်ခံအကြမ်းဖက်အုပ်စုများသည် လက်နက်ကိုင်ပဋိပက္ခနှင့် အကျုံးမဝင်သည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်နေကြသူများဖြစ်သည်။ ထို့ကြောင့်ပင်လျှင် တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်မှုနှိမ်နင်းရေးစစ်ဆင်မှုများကို ဆောင်ရွက်နေရခြင်းဖြစ် . . .**

လျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးခရီးလမ်းအတွက် ခလုတ်ကန်သင်းများဖြစ်သကဲ့သို့ နိုင်ငံရေးဝါဒမှိုင်းတိုက်ထားမှုကြောင့် အစွန်းရောက် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည့် အကြမ်းဖက်အုပ်စုများသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ဆက်လက်ဆောင်ရွက်မည့် ရှေ့ခရီးလမ်းအတွက် ဆူးငြောင့်ခလုတ်များဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လက်နက်ကိုင်သောင်းကျန်းသူများ၏ စစ်ရာဇဝတ်မှုများနှင့် အကြမ်းဖက်သမားများ၏ အကြမ်းဖက်မှုအန္တရာယ်များကို နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့် တပ်မတော်တို့၏ စုပေါင်းညီညွတ်မှုစွမ်းအားဖြင့် တားဆီးကာကွယ်တိုက်ဖျက်သွားရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

**မင်းခန့်ကျော်(ဥပဒေ)**

---

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၇-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၀၀ | ၂၂၅၀ | ၂၂၄၅ | ၂၂၁၀ | ၂၂၅၀ | ၂၂၇၅ | ၂၂၆၀ | ၂၂၃၅ | ၂၃၃၅ | ၂၃၅၀ | ၂၂၄၀ | ၂၂၅၀ | ၂၂၈၅ | ၂၂၉၀ | ၂၂၉၀ | ၂၅၂၀ | ၃၀၀၀ |
| 95 Ron | ၂၃၀၅ | ၂၃၆၅ | ၂၃၆၅ | ၂၃၂၅ | ၂၃၆၅ | ၂၃၈၅ | ၂၃၇၀ | ၂၃၅၀ | ၂၄၅၀ | ၂၄၆၅ | ၂၃၅၅ | ၂၃၇၅ | ၂၄၀၀ | ၂၄၀၀ | ၂၄၀၅ | ၂၆၃၅ | ၃၁၀၀ |
| HSD (500 ppm) | ၂၂၂၅ | ၂၂၇၅ | ၂၂၇၀ | ၂၂၃၅ | ၂၂၇၅ | ၂၂၉၅ | ၂၂၉၅ | ၂၂၆၀ | ၂၃၈၀ | ၂၃၇၅ | ၂၂၆၅ | ၂၂၇၅ | ၂၃၁၀ | ၂၃၁၀ | ၂၃၁၅ | ၂၅၄၅ | ၃၀၀၀ |
| HSD (50 ppm) | ၂၃၀၅ | ၂၃၅၀ | ၂၃၅၀ | ၂၃၁၀ | ၂၃၅၀ | ၂၃၇၅ | ၂၃၇၀ | ၂၃၃၅ | ၂၄၅၅ | ၂၄၅၀ | ၂၃၄၀ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၀ | ၂၆၂၀ | ၃၁၆၀ |
| HSD (10 ppm) | ၂၃၀၅ | ၂၃၅၀ | ၂၃၅၀ | ၂၃၁၀ | ၂၃၅၀ | ၂၃၇၅ | ၂၃၇၀ | ၂၃၃၅ | ၂၄၅၅ | ၂၄၅၀ | ၂၃၄၀ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၀ | ၂၆၂၀ | ၃၁၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၉၃ | ၂၁၆၉ |
| 95 Ron | ၂၂၀၄ | ၂၂၈၁ |
| HSD (500 ppm) | ၂၁၁၇ | ၂၁၈၉ |
| HSD (50 ppm) | ၂၁၉၁ | ၂၂၆၄ |
| HSD (10 ppm) | ၂၁၉၁ | ၂၂၆၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ဆွေပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# အယ်လ်ဂျီးရီးယားနိုင်ငံတွင် တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် သေဆုံးသူ ၃၄ ဦးထက်မနည်းရှိ



**အယ်လ်ဂျီးယားစ် ဇူလိုင် ၂၅**

အယ်လ်ဂျီးရီးယားနိုင်ငံတွင် အပူချိန်မြင့်တက်မှုကြောင့် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေပြီး တောမီး ကူးစက်လောင်ကျွမ်းမှုကြောင့် သေဆုံးသူ ၃၄ ဦးထက်မနည်းရှိနေကြောင်း အယ်လ်ဂျီးရီးယား အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Maverick သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အာဖရိကတိုက် မြောက်ဘက်ပိုင်းတွင် အပူလှိုင်းဖြစ်သန်းမှုကြောင့် အပူချိန်စံချိန်တင်မြင့်တက်မှုဖြစ်ပေါ်နေပြီး တောမီးထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်ဦးရေ ၈၀၀၀ ကျော်ထိ အသုံးပြုထားရကြောင်း၊ တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် နေအိမ်တချို့နှင့် အခြေခံအဆောက်အအုံတချို့ပျက်စီးခဲ့ပြီး သေဆုံးသူ ၃၄ ဦးတွင် တပ်မတော်သား ၁၀ ဦး ပါဝင်ခဲ့ကြောင်း အယ်လ်ဂျီးရီးယား အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသောနယ်မြေများမှာ ဘောင်မာဒက်စ်နယ်မြေ၊ ဘောင်အီရာနယ်မြေ၊ အွဂိုနယ်မြေ၊ ဂျီဂျယ်နယ်မြေ၊ ဘီဂျာအီယာနယ်မြေနှင့်စက်တစ်ဒါနယ်မြေတို့ဖြစ်ကြောင်း၊ တောမီး ကူးစက်လောင်ကျွမ်းမှုကြောင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ ဦးရေ ၁၅၀၀ ကျော်ထိရှိနေပြီး တောမီးမှာ ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေဆဲဖြစ်သည့်အတွက် တောမီးထိန်းချုပ်နိုင်မှသာ ဒေသခံများကို နေရပ်သို့ပြန်ခွင့်ပြုသွားမည်ဖြစ်ကြောင်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

အယ်လ်ဂျီးရီးယားနိုင်ငံ အပါအဝင် အာဖရိကမြောက်ဘက်ပိုင်းနိုင်ငံများတွင် အပူလှိုင်းကြောင့် အပူချိန်မှာ ၄၉ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး ၎င်းပမာဏမှာလည်း စံချိန်တင်အပူချိန်မြင့်တက်မှုအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

**ခိုင်ဆက်**

# တူရကီနိုင်ငံတွင် လိုင်စင်မဲ့ဆောက်လုပ်ရေး လုပ်ငန်းများကို ဒရုန်းများဖြင့် ကင်းထောက်စစ်ဆေးမှု ပြုလုပ်မည်

**အင်္ကာရာ ဇူလိုင် ၂၅**

တူရကီနိုင်ငံတွင် ခွင့်ပြုချက်မရဘဲ လိုင်စင်မဲ့ ဆောက်လုပ်ရေးလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်မှုများပြားနေသဖြင့် တူရကီအာဏာပိုင်အဖွဲ့အစည်းက အဆိုပါဆောက်လုပ်ရေးလုပ်ငန်းများကို ဒရုန်းများဖြင့် ကင်းထောက်စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု Hurriyet သတင်းဌာနက ဇူလိုင် ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

လိုင်စင်မဲ့ ဆောက်လုပ်ရေးလုပ်ငန်းများသည် မြေငလျင်စစ်ဆေးတိုင်းတာမှုများပြုလုပ်ခြင်းမရှိသလို ဘူမိဗေဒပညာရှင်များ၏ အကြံပြုချက်များ ရယူထားခြင်းမရှိသည့်အတွက် မြေငလျင်ကြောပေါ်တွင် အဆောက်အအုံများဆောက်လုပ်ခဲ့ကြကြောင်း၊ ဘူမိဗေဒဆိုင်ရာစစ်ဆေးတိုင်းတာချက်များ ပြုလုပ်ထားခြင်းမရှိဘဲ အဆောက်အအုံဆောက်လုပ်သည့်အတွက် မြေငလျင်လှုပ်ခတ်ချိန်တွင် မလိုလားအပ်သည့် ဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

“တချို့ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွေဟာ ဘူမိဗေဒဆိုင်ရာစမ်းသပ်စစ်ဆေးမှုတွေ မလုပ်ဘဲတွေ့ရာနေရာမှာ ဆောက်လုပ်ရေးတွေလုပ်ကြတယ်။ မြေငလျင်လိုပြဿနာတွေဖြစ်ပေါ်လာရင် မလိုလားအပ်တဲ့ ဆုံးရှုံးမှုတွေနဲ့ရင်ဆိုင်ရတယ်။ လိုင်စင်ရ ဆောက်လုပ်ရေးလုပ်ငန်းတွေဟာ ဘူမိဗေဒဆိုင်ရာ စမ်းသပ်စစ်ဆေးမှုတွေရယူပြီး အဲဒီအပေါ်မှာ အဆောက်အအုံအရည်အသွေးတွေက သတ်မှတ်ထားတဲ့စံချိန်စံညွှန်းအတိုင်း လုပ်ဆောင်ကြရတယ်။ လိုင်စင်မဲ့ဆောက်လုပ်ရေးလုပ်ငန်းတွေဟာ သဘာဝဘေးဒဏ်ခံနိုင်တဲ့ စံချိန်စံညွှန်းအတိုင်း လိုက်နာဆောင်ရွက်မှု အားနည်းပါတယ်။ ဒါကြောင့် ဒရုန်းတွေနဲ့ လိုင်စင်မဲ့ဆောက်လုပ်ရေးလုပ်ငန်းတွေကို ကင်းထောက်စစ်ဆေးမှုတွေ ပြုလုပ်သွားမယ်။ ထိရောက်စွာ အရေးယူသွားဖို့လဲ စီစဉ်နေပါတယ်”ဟု သဘာဝပတ်ဝန်းကျင်၊ မြို့ပြနှင့် ရာသီဥတုပြောင်းလဲမှု ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

တူရကီနိုင်ငံတွင် နှစ်စဉ် မြေငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများစွာဖြင့် ရင်ဆိုင်ခဲ့ရသလို သေဆုံးသူနှုန်းလည်း မြင့်မားခဲ့ကြောင်း၊ ထိုသို့သောဖြစ်စဉ်သည် လိုင်စင်မဲ့ဆောက်လုပ်ရေးလုပ်ငန်းများကြောင့်ဖြစ်ကြောင်း တူရကီအာဏာပိုင်အဖွဲ့အစည်းကသုံးသပ်သည့်အတွက် ဒရုန်းဖြင့် ကင်းထောက်စစ်ဆေးကာ ထိရောက်စွာ အရေးယူမှုများ ပြုလုပ်သွားရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**ခိုင်ဆက်**

# ဆွစ်ဇာလန်နိုင်ငံ ချူချက်တယ်မြို့တွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် တစ်ဦးသေဆုံးပြီး ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိ

**ဘန်း ဇူလိုင် ၂၅**

ဆွစ်ဇာလန်နိုင်ငံ အနောက်မြောက်ပိုင်း ပြင်သစ်နိုင်ငံနှင့် နယ်စပ် ဂျူရာတောင်တန်းဒေသရှိ မြို့တစ်မြို့ဖြစ်သော ချူချက်တယ်မြို့တွင် ဇူလိုင် ၂၄ ရက်က လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် တစ်ဦးသေဆုံးပြီး ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မြို့တော်ရဲတပ်ဖွဲ့က ထုတ်ပြန်ထားသောသတင်းများကို ကိုးကား၍ France 24 သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုမှ ကရိန်းတစ်ခုပြိုကျမှုကြောင့် အသက် ၅၀ အရွယ် အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း၊ အခြားထိခိုက်ဒဏ်ရာရရှိသူ ၁၅ ဦးကို အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရကြောင်း ရဲတပ်ဖွဲ့က အတည်ပြုပြောကြားခဲ့သည်။

လေဆင်နှာမောင်းတိုက်ခတ်ချိန် မကြာမြင့်သော်လည်း လေတိုက်ခတ်မှု ပြင်းထန်ခြင်းကြောင့် ထိခိုက်ပျက်စီးမှုများ သိသိသာသာဖြစ်ပေါ်ခဲ့ပြီး မော်တော်ယာဉ်များပျက်စီးခြင်း၊ နေအိမ်ခေါင်မိုးများပြုတ်ကျခြင်း၊ သစ်ပင်အများအပြားပြိုလဲခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဆွစ်ဇာလန်မိုးလေဝသဌာန၏ အဆိုအရ ဂျူရာတောင်တန်းဒေသတစ်လျှောက်တွင် အားကောင်းသော လေဆင်နှာမောင်းတစ်ခုသည် ဇူလိုင် ၂၄ ရက် နံနက်ပိုင်းတွင် တစ်နာရီလျှင် ၁၃၅ မိုင်နှုန်းဖြင့် ဝင်ရောက် တိုက်ခတ်ခဲ့ကြောင်း အဆိုပါဒေသရှိ La Chaux-de-Fonds လေတပ်စခန်းက မှတ်တမ်းတင်ခဲ့ကြောင်း ဖော်ပြထားသည်။



လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများကိုရှင်းလင်းရန်နှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ချူချက်တယ်ရဲတပ်ဖွဲ့က လုပ်ဆောင်ပေးလျက်ရှိပြီး နောက်ဆက်တွဲမုန်တိုင်းများ ဆက်လက်ဖြစ်ပေါ်လာနိုင်သဖြင့် ပြည်သူများအနေဖြင့် မလိုအပ်ဘဲ အပြင်မထွက်ရန် သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပြင်သစ်နယ်စပ်ရှိ ရွာတစ်ရွာတွင်လည်း အိမ်ခြေအလုံး ၃၀ ခန့် ထိခိုက်ပျက်စီးခဲ့ပြီး သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရရှိသူ မရှိကြောင်း သိရသည်။ AZH

# ယီမင်နိုင်ငံတောင်ပိုင်းတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် လေယာဉ်နှစ်စင်းပျက်စီးပြီး ခြောက်ဦးဒဏ်ရာရရှိ

**ဆာနား ဇူလိုင် ၂၅**

ယီမင်နိုင်ငံတောင်ပိုင်းတွင် ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက အင်အားပြင်းမုန်တိုင်းတစ်ခု တိုက်ခတ်မှုကြောင့် အေဒင်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ထိခိုက်မှုများ ဖြစ်ပွားသဖြင့် လေယာဉ်နှစ်စင်း ပျက်စီးပြီး ခရီးသည်ခြောက်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန၏သတင်း ထုတ်ပြန်ချက်များကို ကိုးကား၍ ARAB News သတင်းဌာနက ယနေ့ ရေးသားဖော်ပြထားသည်။

ယီမင်နိုင်ငံတောင်ပိုင်းတွင် ဇူလိုင် ၂၄ ရက်က ပြင်းထန်သော မုန်တိုင်းတစ်ခု ဝင်ရောက်တိုက်ခတ်ခဲ့ရာ အေဒင်အပြည်ပြည်ဆိုင်ရာ လေဆိပ်၏ လေဆိပ်ဂိတ်တစ်ခု မျက်နှာစာပြိုကျခဲ့ပြီး အခြားပျက်စီးမှုအများအပြား ဖြစ်ပေါ်ခဲ့ရာ ဆော်ဒီအာရေဗျနိုင်ငံနှင့် အီဂျစ်နိုင်ငံသို့ ပျံသန်းမည့်လေကြောင်းခရီးစဉ်များကို ဖျက်သိမ်းခဲ့ရကြောင်း၊ ထို့ပြင် လေယာဉ်နှစ်စင်းလည်း ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

“မုန်တိုင်းတိုက်ခတ်မှုကြောင့် လေဆိပ်ရဲ့ဝင်ပေါက်ဂိတ်မျက်နှာစာ အပြင် လေယာဉ်နှစ်စင်း၊ အဆောက်အအုံနဲ့မီးသတ်ကားတွေအပါအဝင် အခြားပစ္စည်းအများအပြား ပျက်စီးခဲ့ပါတယ်”ဟု လေဆိပ်အထွေထွေညွှန်ကြားရေးမှူး အဗ္ဗဒူလာကွစ် အယ်လ်အိုမာရီက ပြောကြားသည်။

အဆိုပါ လေဆိပ်ဝင်းအတွင်းရှိ အဆောက်အအုံများပြိုကျမှုကြောင့် လူအများကြောက်ရွံ့ထိတ်လန့်ခဲ့ကြရပြီး ကလေးငယ်လေးဦးအပါအဝင် ခြောက်ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သဖြင့် ဆေးရုံသို့ပို့ဆောင်ခဲ့ရကာ လေယာဉ်ခရီးစဉ်အများအပြား နှောင့်နှေးခဲ့ရကြောင်း၊ လေဆိပ်အာဏာပိုင်များက ညနေပိုင်းတွင် လေဆိပ်လုပ်ငန်းဆောင်တာများကို ပြန်လည်စတင်နိုင်ခဲ့ပြီး ထိုနေ့ ထွက်ခွာမည့် လေကြောင်းခရီးစဉ်တချို့ ညနေပိုင်းတွင် ပျံသန်းနိုင်ရန် စီစဉ်ခဲ့ကြောင်း သိရသည်။ AZH

# နိုဗာစကော့တီယာပြည်နယ်တွင် ရေကြီးရေလျှံမှုကြောင့် နှစ်ဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံး

**အော့တဝါ ဇူလိုင် ၂၅**

ကနေဒါနိုင်ငံ နိုဗာစကော့တီယာပြည်နယ် အယ်လာဟောက်စ်ဒေသတွင် ဇူလိုင် ၂၃ ရက်က ရေကြီးရေလျှံမှုကြောင့် လမ်းမကြီးတချို့ပျက်စီးခဲ့ပြီး ရေလွှမ်းနေသည့်လမ်းမကြီးကို ဖြတ်သန်းမောင်းနှင်စဉ် ယာဉ်မတော်တဆဖြစ်ကာ နှစ်ဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးခဲ့ကြောင်း နိုဗာစကော့တီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု FBC News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

သေဆုံးသူ နှစ်ဦးနှင့်အတူ ပျောက်ဆုံးနေသူ နှစ်ဦးမှာလည်း မော်တော်ယာဉ်ပေါ်တွင် လိုက်ပါလာသူများဖြစ်ပြီး ပျောက်ဆုံးနေသူ နှစ်ဦးကို ကယ်ဆယ်ရေးဝန်ထမ်းများက ရှာဖွေပေးလျက်ရှိကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ဟာလီဖက်နယ်မြေသို့ ဆက်သွယ်ထားသော မီးရထားလမ်းလည်း ပျက်စီးခဲ့ကြောင်း ကနေဒါအမျိုးသားမီးရထားအဖွဲ့အစည်း(CNR)က ထုတ်ပြန်ခဲ့သည်။

“အယ်လာဟောက်စ်ဒေသမှာ ရေကြီးရေလျှံမှုကြောင့် လူနှစ်ယောက်သေဆုံးပြီး လူနှစ်ယောက် ပျောက်ဆုံးသွားခဲ့ပါတယ်။ သေဆုံးသွားခဲ့တဲ့သူတွေရဲ့ မိသားစုဝင်တွေနဲ့ ထပ်တူဝမ်းနည်းမိပါတယ်။ ပျောက်ဆုံးနေသူတွေကိုလဲ ကယ်ဆယ်ရေးဝန်ထမ်းတွေ ကြိုးစားရှာဖွေပေးနေပါတယ်။ ဟာလီဖက်ဆိပ်ကမ်းမှာလဲ ရေကြီးရေလျှံမှုတွေ ဆိုးရွားစွာ ဖြစ်ပေါ်နေပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ ရေကြီးရေလျှံမှုဟာ နှစ်ပေါင်း ၅၀ အတွင်းအဆိုးရွားဆုံး ရေကြီးရေလျှံမှုဖြစ်ပါတယ်။ ရေကြီးရေလျှံမှုကြောင့် အခြေခံအဆောက်အအုံတချို့ ပျက်စီးခဲ့ပါတယ်။ ပျက်စီးခဲ့တဲ့ အခြေခံအဆောက်အအုံတွေကို အမြန်ဆုံး ပြင်ဆင်ပေးသွားပါမယ်။ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံတချို့ကိုလဲ ကယ်ဆယ်ရေးစခန်းမှာ နေရာချပေးထားတယ်။ အခြေအနေတည်ငြိမ်သွားမှပဲ နေရပ်ကို ပြန်ခွင့်ပြုသွားမှာ ဖြစ်ပါတယ်”ဟု နိုဗာစကော့တီယာ ပြည်နယ်ဝန်ကြီးချုပ် တင်မ်ဟောက်စတန်က ပြောကြားသည်။

**ခိုင်ဆက်**

# မုတ်သုံရာသီတုပ်ကွေးရောဂါအကြောင်း သိမှတ်ဖွယ်ရာအပြာပြာ

ပေါက်ပေါက်

အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်တတ်သည့် ရာသီတုပ်ကွေးရောဂါသည် လက်ရှိအချိန်တွင် အဖြစ်များနေ၍ ကလေးများ၊ သက်ကြီးရွယ်အိုများနှင့် ရောဂါအခံရှိသူများ ကာကွယ်ဆေးထိုးရန် ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းထားသည်။ ထို့ပြင် အဖျား ၁၀၂ ဒီဂရီအထက်ရှိသော ရောဂါအခံရှိသူများအနေဖြင့် မိမိသဘောဆန္ဒဖြင့် ဆေးဝါးများသုံးစွဲခြင်းထက် နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းများတွင် ကျွမ်းကျင်သည့်ဆရာဝန်ဖြင့် ပြသမှုပြုသင့်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းထားသည်။

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် မေလကတည်းကစ၍ လက်ရှိအချိန်ထိ အခြေခံပညာကျောင်းများတွင် ရောဂါကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် ခြင်ဆေးဖျန်းခြင်း၊ လက်ကမ်းစာစောင်များ ပေးဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

**ရာသီတုပ်ကွေးအကြောင်း သိကောင်းစရာ**

ရာသီတုပ်ကွေးရောဂါ(Seasonal Flu)သည် တုပ်ကွေးရောဂါပိုင်းရပ်စ်ပိုး(Influenza)ကြောင့် ဖြစ်ပွားပြီး အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်နိုင်သည်။ ၎င်းပိုင်းရပ်စ်သည် မိုးဦးကျ၊ ဆောင်းဦးကျနှင့် အေးသောရာသီဥတု ပတ်ဝန်းကျင်တွင် ပေါက်ဖွားပြန့်ပွားနှုန်းများသည်။ ထို့ကြောင့် ပတ်ဝန်းကျင်ပြင်ပနှင့် ထိတွေ့ဆက်ဆံမှုများလျှင် ကူးစက်ရန်လွယ်ကူပြီး အကယ်၍ ကိုယ်ခံအားမကောင်းပါက အလွယ်တကူ ကူးစက်ခံရတတ်သည်။

ရာသီတုပ်ကွေးရောဂါကိုဖြစ်စေသော ပိုင်းရပ်စ်များကို အေ၊ ဘီ၊ စီ ဟူ၍ အုပ်စု သုံးစုခွဲထားပြီး ၎င်းတို့အနက်(အေ) အုပ်စုတွင် ပါဝင်သော ပိုင်းရပ်စ်ပိုးများက အများဆုံးဒုက္ခပေးသည်။ အချိန်ပိုင်း၊ ရက်ပိုင်းအတွင်း အိမ်လုံးကျွတ်၊ ရွာလုံးကျွတ်ဆိုသကဲ့သို့ လူအစုလိုက် အပြုံလိုက် လျင်မြန်စွာ ကူးစက်စေနိုင်သည်။ မြန်မာနိုင်ငံတွင် ပိုင်းရပ်စ်(အေ)ကြောင့် ဖြစ်သော တုပ်ကွေးရောဂါသည် အများဆုံးဖြစ်သည်။

အဆိုပါရောဂါသည် သာမန် အအေးမိ၊ နှာစေး၊ ချောင်းဆိုးရောဂါနှင့် ခပ်ဆင်ဆင်တူသည်။ ထို့ကြောင့် လူအများစုက မိမိအိမ်တွင်ပင် သမားရိုးကျ အကိုက်အခဲပျောက်ဆေးများသောက်၍ ခုခံနေကြသဖြင့် ရောဂါမှာတော်တော်နှင့် မပျောက်နိုင်တော့ဘဲ ရောဂါပြင်းမှသာ ဆေးရုံ၊ ဆေးခန်းသို့ရောက်လာတတ်သည်။ အခန့်မသင့်ပါက အသက်ဆုံးရှုံးရနိုင်သည့် သာဓကများ တွေ့ရသည်။ အမှန်စင်စစ် တုပ်ကွေးရောဂါသည် သာမန်အအေးမိရောဂါထက် ပိုမိုပြင်းထန်၍ အဖျားကြီးကာ အဖျားလည်း တာရှည်စေသည်။ ရုတ်တရက်ဖျားနာ၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ကိုယ်ပူ၊ မျက်စိပူ၊ လည်ချောင်းနာ၊ နှာရွှန်း၊ ချောင်းဆိုး၊ တစ်ကိုယ်လုံးရှိ အသားများ၊ အဆစ်အမြစ်များ နာကျင်ကိုက်ခဲခြင်း၊ အင်အားကုန်ခန်း မောပန်းခြင်းနှင့် အစားအသောက်ပျက်ခြင်း စသည်တို့သည် ရာသီတုပ်ကွေးလက္ခဏာများဖြစ်ကြသည်။ ရောဂါလက္ခဏာများပြပြီး လေးရက်၊ ငါးရက်အတွင်း မိမိမှတစ်ဆင့် အခြားသူများသို့ ကူးစက်နိုင်သည်။

နောက်ဆက်တွဲ ရောဂါများအဖြစ် အသက်ရှူပွန်ရောင်ခြင်း၊ နမိုးနီးယား ခေါ် အဆုတ်ရောင်ရောဂါဖြစ်ခြင်း၊ အာခေါင်အတွင်းရှိ အာသီးများရောင်ခြင်း၊ အာသီးရောင်ခြင်းမှအစပြု၍ နှလုံးရောဂါဖြစ်စေခြင်း၊ ဦးနှောက်ရောင်ရောဂါဖြစ်ခြင်းနှင့် နှလုံးကြွက်သားများ လှုပ်ရှားမှု အားနည်းစေခြင်းတို့ ဖြစ်သည်။ ရာသီတုပ်ကွေးရောဂါသည် အသက် ခြောက်လနှင့်အထက်မှစ၍ ဖြစ်နိုင်သည်။ ထို့ကြောင့် ရင်သွေးငယ်များအတွက် မိုးဦးကျမတိုင်မီကတည်းက တစ်နှစ်တစ်ကြိမ်တုပ်ကွေးကာကွယ်ဆေး ကြိုတင်ထိုးနှံပေးထားသင့်သည်။

လူကြီး၊ လူငယ်မရွေး ရောဂါဖြစ်နိုင်ပြီး အကယ်၍ အဆုတ်ရောင်ရောဂါ၊ နှားပြည်ယို၊ ထိပ်ကပ်နာနှင့် ရေဓာတ်ခန်းခြောက်ရောဂါအခံရှိသူများတွင် တုပ်ကွေးရောဂါဖြစ်လာပါက အသက်အန္တရာယ်ဖြစ်စေနိုင်သည်။ ကူးစက်လွယ်ရောဂါတစ်မျိုးဖြစ်သဖြင့် လူနာကိုထိတွေ့ကိုင်တွယ်ခြင်း၊ တံတွေးနှင့် သလိပ်ကိုထိတွေ့မိခြင်း၊ လူနာဆီမှ နှာချေ၊ ချောင်းဆိုး၊ စကားပြောစဉ်ပိုင်းရပ်စ်ပါလာသောလေများကို ရှူရှိုက်မိရာမှတစ်ဆင့် အလွယ်တကူ ကူးစက်နိုင်သဖြင့် သတိဖြင့်ယှဉ်၍ ကာကွယ်ခြင်းဖြင့် လက်ဦးမှုကို အရယူပါ။ နို့တိုက်မိခင်များ တုပ်ကွေးရောဂါဖြစ်လာပါက နှာခေါင်းစည်းများတပ်ဆင်ပြီးမှ ကလေးကိုနို့တိုက်ပါ။ နို့တိုက်ချိန်မှလွဲ၍ ကလေးနှင့် နီးကပ်စွာမနေပါနှင့်။



**ရာသီတုပ်ကွေးအတွက် WHO သတိပေးချက်**

ရာသီတုပ်ကွေးသည် ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်လူဦးရေသုံးသန်းမှ ငါးသန်းခန့်ထိ ပြင်းထန်စွာ ဖျားနာမှု ဖြစ်ပေါ်လေ့ရှိကြောင်း၊ လူဦးရေ ၂၉၀၀၀၀ မှ ၆၅၀၀၀၀ ခန့်အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများကြောင့် သေဆုံးမှုဖြစ်ပွားလေ့ရှိကြောင်း၊ အသက်ငါးနှစ်အောက် ကလေးငယ်များတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါဖြင့် သေဆုံးမှု၏ ၉၉ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ဖြစ်ကြောင်း စသည်ဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က ဆိုသည်။ ရာသီတုပ်ကွေးရောဂါသည် စိုးရိမ်မှုလွန်ကဲရန်မလိုသော်လည်း လုပ်ငန်းခွင်သို့ မဝင်ရောက်နိုင်မှု၊ ကျောင်းပျက်ကွက်မှု စသည်တို့ကို ဖြစ်ပေါ်စေသဖြင့် မပေါ့ဆသင့်သော ရောဂါဖြစ်ကြောင်း WHO က သတိပေးထားသည်။

**ရာသီတုပ်ကွေးနှင့် ကိုဗစ်ခြားနားချက်များ**

ကိုဗစ်-၁၉ ရောဂါမပေါ်မီက ရာသီတုပ်ကွေးရောဂါသည် မြန်မာနိုင်ငံ၌ နှစ်စဉ်အဖြစ်များသည်။ ၂၀၂၀ ပြည့်နှစ်ကစပြီး ကမ္ဘာ့ကပ်ရောဂါကိုဗစ်ဖြစ်လာက ပြန့်ပွားမှုများလာသည့်အတွက် မိမိတို့ပတ်ဝန်းကျင်တွင်ရှိသော ရာသီတုပ်ကွေးရောဂါဖြစ်စေသည့် Influenza တုပ်ကွေးပိုင်းရပ်စ်အပါအဝင် မူလရှိရင်းစွဲပိုင်းရပ်စ်ပိုးမွှားများ လျော့ကျသွားသည်။ ထို့ကြောင့် ယခင်နှစ်ကထိ မြန်မာနိုင်ငံတွင် ရာသီတုပ်ကွေးဖျားမရှိသလောက်နည်းပါးခဲ့သည်။ ၂၀၂၃ ခုနှစ် ရောက်သောအခါ ပြည်တွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုသိသိသာသာကျဆင်းလာချိန်တွင် ကိုဗစ်ပိုးနည်းသွားခြင်းနှင့်အတူ ရာသီကူးပြောင်းစ Seasonal Flu ကာလဖြစ်ပေါ်ချိန်နှင့် တိုက်ဆိုင်နေသော အချိန်ဖြစ်သည်။ ထိုအခါ ပတ်ဝန်းကျင်ရာသီဥတု၌ ယခင်ကတည်းကရှိပြီးသား Influenza တုပ်ကွေးပိုင်းရပ်စ်များ ထကြွလာပြီး ရာသီတုပ်ကွေးဖြစ်ပေါ်လာကြသည်။

သို့သော် လူအများက ဖျားနာသည့်အခါ ကိုဗစ်လား၊ ရာသီတုပ်ကွေးလား၊ ဝေခွဲမရ အတွေးများနေတတ်ကြသည်။ ထို့ကြောင့် ကွဲကွဲပြားပြားသိကြစေရန် ရည်ရွယ်၍ ၎င်းရောဂါနှစ်မျိုး၏ ထင်သာမြင်သာ လက္ခဏာတချို့ကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။

- ကိုဗစ်-၁၉ရောဂါသည် လည်ချောင်းနာခြင်း၊ ချမ်းတုန်ခြင်း၊ မျက်စိနီခြင်း၊ အသက်ရှူကျပ်ခြင်း စသည်တို့ဖြစ်စေပြီး အဖျား ၁၀၀ ဒီဂရီခန့်ရှိသည်။
- ရာသီတုပ်ကွေးရောဂါသည် ခေါင်းကိုက်ခြင်း၊ နှာရည်ယိုခြင်း၊ ချောင်းဆိုးခြင်း၊ တစ်ကိုယ်လုံးအဆစ်အမြစ်ကိုက်ခဲခြင်း စသည်တို့ဖြစ်စေပြီး ကိုယ်အပူချိန်မှာ ၁၀၁၊ ၁၀၂ ဒီဂရီထိ အဖျားကြီးသည်။ သွေးစစ်ကြည့်ရာ၌ သွေးထဲတွင် ပိုင်းရပ်စ်ဝင်သော လက္ခဏာမျိုးတွေ့ရသော်လည်း အဆုတ်ကို ထိခိုက်နှုန်းမရှိပေ။ ကိုယ်ခံအားကောင်းလျှင် ဖျမ်းမျှသုံးရက်နှင့်ငါးရက်ကြာ ရောဂါပျောက်ကင်းသွားနိုင်သည်။

**ကြိုတင်ဆောင်ထား အိမ်သုံးဆေးဝါးများ**

ရာသီတုပ်ကွေး၏သဘောသဘာဝက အချိန်အခါမရွေး(ဆေးရုံ၊ ဆေးခန်း မဖွင့်သေးချိန်) ရုတ်တရက် အပြင်းဖျားနာခြင်း ဖြစ်တတ်သည်။ ထို့ကြောင့် မိမိတို့အိမ်တွင် အိမ်သုံးဆေးဝါးတချို့ အဆင်သင့်ဆောင်ထားသင့်ပေသည်။ လူကြီးများအတွက် Paracetamol ကဲ့သို့ အကိုက်အခဲပျောက်ဆေးပြား၊ ကလေးငယ်များအတွက် အကိုက်အခဲပျောက်ဆေးရည် ဆောင်ထားသင့်သည်။ ဆေးမသောက်မီ ဗိုက်ထဲတွင် အစာတစ်ခုခုရှိရန်လိုအပ်သည်။ ထို့ကြောင့် အစာစားပြီးမှ ဆေးသောက်သင့်သည်။ နှာစေးခြင်းအတွက် ဘာမီတွန်၊ စီထရင်းတို့ဆောင်ထားပါ။ အချို့သူများတွင် နှာခေါင်းအလွန်အကျွံပိတ်တတ်သဖြင့် နှာခေါင်းထဲထည့်သည့် အစက်ချဆေးဘူးဆောင်ပါ။ အိပ်နေစဉ် ပက်လက်မအိပ်ပါနှင့်။ နှာရည်များက ပြောင်းပြန်လည်ချောင်းထဲ စီးဝင်သွားတတ်သဖြင့် ချွဲကျပ်၊ ချောင်းဆိုးစေသည်။ ရာသီတုပ်ကွေး သဘောသဘာဝသည် ဖျားနာပြီး တစ်ပတ်ခန့်ကြာသည်ထိ ချောင်းဆိုးတတ်သော်လည်း သူ့အလိုလို ပျောက်သွားနိုင်သည်။ သို့သော် ချွဲများအလွန်ကျပ်နေပြီး ချွဲအရောင်က အဝါရောင်၊ အစိမ်းရောင်ဖြစ်လာလျှင် ပေါ့ပေါ့ဆဆမနေပါနှင့်။ အဆုတ်ထဲ ပိုးဝင်နေသည်ဖြစ်၍ ဆေးရုံ၊ ဆေးခန်းပြပါ။

**ရှောင်ရန်၊ ဆောင်ရန် အစားအစာများ**

ရာသီတုပ်ကွေးရောဂါဖြစ်နေစဉ်တွင် သတိပြုရမည့် ရှောင်ရန်၊ ဆောင်ရန် အစားအစာ တချို့ကို ဖော်ပြလိုက်ပါသည်။

- အထူးရှောင်ရှားရမည့်မှာ ချိုသော အစားအစာအားလုံး ရှောင်ပါ။ ဓာတုဗေဒနည်းဖြင့် ဖျော်စပ်ထားသော အချိုရည်များနှင့်အားဖြည့်အချိုရည်တို့ကိုလည်း ရှောင်ပါ။ ဆီကြော်အစားအစာများနှင့် အဆီများသောအစာ မစားပါနှင့်။ လည်ချောင်းယားယံပြီး ချောင်းဆိုးစေတတ်သည့် ဥပမာ- ပုစွန်ဆိတ်၊ ခရမ်းသီးတို့ကိုရှောင်ပါ။ ချွဲထစေသော သီးမွှေး ငှက်ပျောသီး၊ ပျားလိမ္မော် အချိုသီးတို့ကိုရှောင်ပါ။
- အဓိက ရေများများသောက်ပါ။ ပုံမှန်သောက်နေကျ သဘာဝသောက်ရေကို ယခင်ထက် နှစ်ဆပိုသောက်ပေးပါ။ ရေများများသောက်ခြင်းက ကိုယ်အပူချိန် ကျဆင်းသွားစေသလို အသက်ရှူလမ်းကြောင်း တစ်လျှောက်ရှိ ချွဲသလိပ်များကို ပျော်စေသည်။
- ကြက်သားကို ကြက်သွန်ဖြူ ချင်း(ဂျင်း) များများထည့်ချက်၍ ကြက်သားစွပ်ပြုတ် ပူပူလေးသောက်ပါ။
- ရာသီတုပ်ကွေးက ဖျားရက်မကြာရှည်သော်လည်း အပြင်းဖျားခြင်းဖြစ်၍ နေကောင်းသွားပြီး ငါးရက်၊ တစ်ပတ်ခန့်ထိ ခံတွင်းပျက်ခြင်း၊ ပါးစပ်ထဲ ပေါ့ရွှတ်ရွှတ်ဖြစ်နေခြင်း၊ ဘာစားစား အရသာမရှိဖြစ်တတ်ခြင်း၊ အချို့သူများတွင် နှာခေါင်းထဲ ရေမွှန်းနေသလို ခံစားရခြင်းဖြစ်တတ်သည်။ ထိုအခါရှုတ်သီး၊ ရှုတ်ကောင်း၊ ပတဲကော စသည့် အစိုးပွင့်စေနိုင်သော အစားအသောက်များစားပေးပါ။

**ခြေထောက်အအေးမပတ်အောင် ကာကွယ်နည်း**

အဖျားကျပြီးသွားသော်လည်း ရက်အတန်ကြာသည်ထိ နှာစေး၊ ချောင်းဆိုး ကျန်နေသေးသည့်အတွက် ရေချိုးဆင်ခြင်ပါ။ ခြေဖျား၊ လက်ဖျားများကို နွေးနွေးထားပါ။

- ရေရှိသောအရပ်သို့သွားမည်ဆိုလျှင် ခြေထောက်၊ ခြေခုံ၊ ဖဝါးစောင်းများကို လိမ်းဆေးအဆီတစ်မျိုးမျိုး လိမ်းကျံပြီးမှအပြင်ထွက်ပါ။
- ရေစိုသော ဖိနပ်ကိုသာ ရွေးချယ်ပါ။ ရေမဝင်သော လည်ရှည်ဖိနပ်စီးနိုင်လျှင် ပိုကောင်းပါမည်။
- ခြေထောက်ရေစိုပြီး အပြင်ကပြန်လာလျှင် လျင်မြန်စွာ ရေခြောက်အောင်သုတ်၍ ရေတစ်ခွက်သောက်ပါ။ အထူးသတိပြုရန်မှာ ထိုအချိန်တွင် ရေနွေးပူ၊ လက်ဖက်ခြောက်ရေနွေးကြမ်းပူ မသောက်ရ။ အအေးပတ်၍ လည်ချောင်းတွင် တက်နေသောအပူနှင့် သောက်လိုက်မိသောရေနွေးအပူတို့ပေါင်းစပ်သွားပြီးနောက် လည်ချောင်းနာတတ်သည်။ ထို့ကြောင့် ရေအေးသောက်မှသာလည်ချောင်းပူငြိမ်းစေနိုင်သည်(ရေခဲရေ မဟုတ်ပါ)။
- မိုးမိ၍ ခြေထောက်ကိုက်ခဲပါက မုန်ညင်းဆီကို အပူပေး၍ ခြေထောက်ကို နှိပ်နယ်ခြင်းဖြင့် ချမ်းသာရာရစေပါသည်။

အချုပ်အားဖြင့်ဆိုသော် တုပ်ကွေးရောဂါသည် ကိုဗစ်-၁၉ ရောဂါကဲ့သို့ပင် အမြစ်ပြတ် သီးခြားကုသရန် ဆေးမရှိသေးဘဲ အတိုင်းအတာတစ်ခုထိသာ ကုသပေးနိုင်သည်။ မည်သို့ပင်ဆိုစေကာမူ အထက်ပါနည်းလမ်းအသွယ်သွယ်တို့ကို လိုက်နာကျင့်သုံးရင်း စိုစွတ်အေးမြသော မိုးဥတုတွင် မိမိ၊ မိသားစုနှင့်တကွ မိမိပတ်ဝန်းကျင်ကို ကျန်းမာရေး အသိ၊ ကျန်းမာရေးသတိတို့ဖြင့် ကြိုတင်ကာကွယ်ထားကြစေလိုကြောင်း ရေးသားလိုက်ရပေသည်။

# စာရိတ္တ၊ ပြည်သူ့နီတိနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး

လင်းလက်

စာရိတ္တဆိုသည်မှာ "ကိုယ်ကျင့်တရား၊ အကျင့်" ဟု မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကိုတွေ့ရသည်။ အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရန် ငယ်စဉ်ကတည်းက ပြုစုပျိုးထောင် ထိန်းကျောင်းတည့်မတ်ပေးရသည်။ ကျောင်းသားလူငယ်ဘဝတွင် အကျင့်စာရိတ္တကောင်းမွန်သူဖြစ်အောင် လေ့ကျင့်ပျိုးထောင်နိုင်ခဲ့မည်ဆိုပါက နောင်တစ်ချိန် အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးအတွက် အားကိုးရသောနိုင်ငံ့သားကောင်းများ ဖြစ်လာမည်ဖြစ်သည်။

လူငယ်များသည် တိုင်းပြည်၏အနာဂတ်၊ တိုင်းသူပြည်သားနိုင်ငံသားများ၏ မျှော်လင့်ချက်ဖြစ်၍ နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သော၊ ဖြောင့်မတ်တည်ကြည်မှုရှိသော၊ အဂတိလိုက်စားမှုကင်းစင်သော၊ ကိုယ်ကျင့်တရားကောင်းမွန်သောသူများ ဖြစ်လာစေရေး ကျောင်းနေအရွယ်ငယ်စဉ်ကပင် လေ့ကျင့်ပျိုးထောင်ရမည်ဖြစ်သည်။

**ပြည်သူ့နီတိ**

နီတိဟူသော ဝေါဟာရသည် သသ်ကရိုက်ပါဠိဘာသာစကားဖြစ်ပြီး "လမ်းညွှန်ဆုံးမသောစကား၊ ကျမ်း"ဟု အဓိပ္ပာယ်ရသည်။ ပြည်သူ့နီတိသည် "ပြည်သူများလိုက်နာဆောင်ရွက်ရန်ကျင့်ဝတ်" ဟု မြန်မာအဘိဓာန်တွင် ဖွင့်ဆိုသည်။ ပြည်သူများလိုက်နာစောင့်ထိန်းအပ်သည့် လူမှုကျင့်ဝတ်နှင့်လူမှုစည်းကမ်းများပင်ဖြစ်သည်။ ပြည်သူပြည်သားများ၏ အကျိုးစီးပွားအတွက် ဦးတည်ထားသည့် ကျန်းမာရေး၊ ပေါင်းသင်းဆက်ဆံရေး၊ ယဉ်ကျေးမှု၊ နိုင်ငံသားကောင်းဖြစ်ရေး စသည်တို့သည် ပြည်သူ့နီတိ၏ အနှစ်သာရများပင်ဖြစ်သည်။ သို့ဖြစ်ရာ ပြည်သူ့နီတိ သင်ခန်းစာများသည် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတို့၏ အခြေခံပင်ဖြစ်သည်။

**အဂတိလိုက်စားမှုဆိုတာ စာရိတ္တပျက်ယွင်းတာ**

အဂတိလိုက်စားမှုကို အဖွဲ့အစည်းအမျိုးမျိုးက အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုကြသည်။ အမှန်စင်စစ်တွင် အဂတိလိုက်စားမှုဆိုသည်မှာ ကိုယ်ကျင့်တရားပျက်ယွင်းခြင်းပင်ဖြစ်သည်။ ဖြောင့်မတ်တည်ကြည်မှုကင်းမဲ့ခြင်း၊ အများအကျိုးထက် မိမိအကျိုးကို ဦးစားပေးခြင်းတို့သည် အဂတိလိုက်စားမှု၏ စရိုက်လက္ခဏာများပင်ဖြစ်သည်။ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာမှုမရှိခြင်း၊ ဖောက်ဖျက်ခြင်းတို့ကြောင့်ပင် အဂတိလိုက်စားမှုများဖြစ်ပေါ်နေခြင်းဖြစ်သည်။ အကျင့်စာရိတ္တကောင်းမွန်သူ၊ ဖြောင့်မတ်တည်ကြည်မှုရှိသူသည် မည်သည့်အခြေအနေတွင်မဆို ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းတို့ကို ချိုးဖောက်မည်မဟုတ်ပေ။

**ဖြောင့်မတ်တည်ကြည်မှုရှိသော လူ့အသိုင်းအဝိုင်းကို ပုံဖော်ရန်လိုအပ်**

ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၏ အဓိကသော့ချက်ပင်ဖြစ်သည်။ ဖြောင့်မတ်တည်ကြည်မှုရှိသော လူ့အသိုင်းအဝိုင်းကို ဖန်တီးပုံဖော်ရာတွင် အခြေခံအဆင့်မှ စတင်ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုသို့ လူ့အသိုင်းအဝိုင်းကို ပြုပြင်ပြောင်းလဲရေးအတွက် ပညာရေးစနစ်သည် အခြေခံပင်ဖြစ်သည်။ ပညာရေးစနစ်တွင် အခြေခံပညာရေးသည် ပို၍အဓိကကျသည်။ အဘယ်ကြောင့်ဆိုသော် ငယ်စဉ်ဘဝတွင် သင်ယူလေ့လာမှုများသည် ပိုမိုထိရောက်သောကြောင့်ဖြစ်သည်။

ဖြောင့်မတ်တည်ကြည်မှုဆိုင်ရာ လူမှုတန်ဖိုးစံနှုန်းများကို ကလေးဘဝကတည်းက ကိုယ်တွင်းစိတ်နှလုံးသားထဲ စွဲမြဲစီးဝင်စေခြင်းဖြင့် ရိုးသားဖြောင့်မတ်သည့် မျိုးဆက်ကို ထူထောင်နိုင်ပြီး ဖြောင့်မတ်တည်ကြည်မှုရှိသော လူ့အသိုင်းအဝိုင်းကို ပုံဖော်နိုင်မည်ဖြစ်သည်။ လူငယ်ဘဝတွင် စာရိတ္တနှင့် ပြည်သူ့နီတိတရားများကို လေ့ကျင့်ပျိုးထောင်ပေးမည်ဆိုပါက သန့်ရှင်းသောအနာဂတ်၊ ဖြောင့်မတ်တည်ကြည်သောအနာဂတ်နှင့် အဂတိကင်းစင်သောအနာဂတ်ကို ပုံဖော်နိုင်မည်ဖြစ်သည်။

❖နီတိဟူသော ဝေါဟာရသည် သသ်ကရိုက်ပါဠိဘာသာစကားဖြစ်ပြီး "လမ်းညွှန်ဆုံးမသောစကား၊ ကျမ်း" ဟု အဓိပ္ပာယ်ရသည်။ ပြည်သူ့နီတိသည် "ပြည်သူများလိုက်နာဆောင်ရွက်ရန်ကျင့်ဝတ်" ဟု မြန်မာအဘိဓာန်တွင်ဖွင့်ဆိုသည်။ ပြည်သူများလိုက်နာစောင့်ထိန်းအပ်သည့် လူမှုကျင့်ဝတ်နှင့် လူမှုစည်းကမ်းများပင်ဖြစ်သည်။ ပြည်သူပြည်သားများ၏ အကျိုးစီးပွားအတွက် ဦးတည်ထားသည့် ကျန်းမာရေး၊ ပေါင်းသင်းဆက်ဆံရေး၊ ယဉ်ကျေးမှု၊ နိုင်ငံသားကောင်းဖြစ်ရေး စသည်တို့သည် ပြည်သူ့နီတိ၏ အနှစ်သာရများပင်ဖြစ်သည်။ သို့ဖြစ်ရာ ပြည်သူ့နီတိသင်ခန်းစာများသည် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတို့၏ အခြေခံပင်ဖြစ်သည်။ ❖

**ပညာပေးအစီအစဉ်များ ဆောင်ရွက်နေသည်ကိုတွေ့ရ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ-၁၆ (ည)တွင် "အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်ခန်းစာများကို အခြေခံပညာမူလတန်းအဆင့်မှ စတင်သင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း"ဟု ထည့်သွင်းပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။ ဤသည်မှာ "အဂတိလိုက်စားမှုကို ရက်ရွံ့သည့်၊ ဆန့်ကျင်သည့်၊ တွန်းလှန်တိုက်ဖျက်လိုစိတ်ရှိသည့်" လူ့အဖွဲ့အစည်းတည်ဆောက်ရာတွင် အခြေခံပညာရေးစနစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးခြင်းသည် အရေးကြီးသည်ကို ဖော်ညွှန်းနေသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်ခန်းစာများကို အခြေခံပညာ မူလတန်းအဆင့်မှ စတင်သင်ကြားနိုင်ရေး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးပညာပေးအစီအစဉ် မူလတန်းနှင့် အလယ်တန်း ဆရာကိုင်စာအုပ်၊ အခြေခံပညာအထက်တန်းအဆင့် ရည်ညွှန်းစာစောင်နှင့် တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်တို့ ပြုစုထားသည်ကို တွေ့ရသည်။

အဆိုပါဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးပညာပေးအစီအစဉ် ပြဋ္ဌာန်းချက်များမှ စာရိတ္တမြှင့်တင်ရေး၊ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးနှင့်စပ်လျဉ်းသည့် သင်ခန်းစာများကို အခြေခံပညာရေး "စာရိတ္တနှင့် ပြည်သူ့နီတိ" သင်ခန်းစာများနှင့် ဆက်စပ်သင်ကြားနိုင်မည်ဆိုပါက ပိုမိုထိရောက်နိုင်မည်ဖြစ်သည်။

**ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးပညာပေးအစီအစဉ်**

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်မှုများကို လေ့လာကြည့်ရာတွင်လည်း လူငယ်ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လာသည်ကို တွေ့ရသည်။ အခြေခံပညာကျောင်းများတွင် ကျောင်းသားလူငယ်များသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အသိပညာရရှိစေရန်၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်လိုစိတ်ရှိသည့် လူငယ်မျိုးဆက်သစ်များကို ပျိုးထောင်ရန်၊ လူ့အဖွဲ့အစည်းအတွင်း အမှန်တရားကိုမြတ်နိုးသည့်စိတ်များ ကိန်းအောင်းလာစေရန်၊ အများအကျိုးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့ကြား ခွဲခြားတွေးတောသည့် အခြေခံစဉ်းစားတွေးခေါ်မှု မှန်ကန်စေရန်အတွက် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးပညာပေး (Edu-tainment) အစီအစဉ်များကို ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာအဆင့် (မူလတန်းနှင့် အလယ်တန်း) အဆင့်များမှစတင်၍ အသိပညာပေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရသည်။ ထို့ပြင် ပညာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ "လူငယ်စကားဝိုင်းများ" ကျင်းပနေသည်ကိုလည်း အားတက်ဖွယ်တွေ့ရသည်။

**ရိုးသားမှုဟာ ဂုဏ်ယူစရာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ပြုစုထားသည့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး အခြေခံပညာအဆင့် သင်ခန်းစာများအနက်မှ သင်ခန်းစာတစ်ခု၌ "ကြွယ်ဝချမ်းသာမှုအတွက် ငါယုံကြည်ထားတဲ့ ရိုးသားဖြောင့်မတ်မှုကို မစွန့်လွှတ်နိုင်ဘူး၊ ငါ့ဘဝတစ်လျှောက်လုံး ဘယ်သူ့ကိုမှ လိမ်လည်လှည့်စားမှာမဟုတ်ဘူး၊ ရိုးသားဖြောင့်မတ်မှုအတွက် လေးစားယုံကြည်မှုတော့ ပြန်ရမှာပဲ"ဆိုသည့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦး၏ ခံယူချက်ကို ဖော်ပြထားသည်။

စားဝတ်နေရေးအတွက် အသက်မွေးဝမ်းကျောင်းအလုပ် လုပ်ကိုင်ရာတွင် လောဘတရားကင်းရှင်းပြီး မိမိရသင့်ရထိုက်သည်မှအပ တံစိုးလက်ဆောင်ရယူခြင်း၊ လာဘ်ပေးလာဘ်ယူမှုပြုလုပ်ခြင်း၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်ခြင်းနှင့် လိမ်လည်လှည့်ဖြားခြင်း စသည့်မကောင်းမှုများကို မကျူးလွန်မိစေရန် ငယ်ရွယ်စဉ်ကတည်းကပင် လေ့ကျင့်သင်ကြားနိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်သည်။

**ပြည်သူ့နီတိသင်ခန်းစာမှသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆီသို့**

စာရိတ္တနှင့် ပြည်သူ့နီတိသင်ခန်းစာများသည် အနာဂတ်ကာလ နိုင်ငံ့ခေါင်းဆောင်များဖြစ်သည့် ကျောင်းသားလူငယ်များကို "လူမှုကျင့်ဝတ်"၏ သဘောတရားများ၊ နိုင်ငံသားတစ်ယောက်၏ အခွင့်အရေးနှင့်တာဝန်၊ စည်းမျဉ်းစည်းကမ်း၊ ဥပဒေနှင့်အညီနေထိုင်နိုင်ရေးနှင့် ဘဝတစ်လျှောက်လုံး ဖြောင့်မတ်တည်ကြည်မှုရှိစွာ နေထိုင်သွားရန် လေ့ကျင့်သင်ကြားပေးသည့် သင်ခန်းစာများပင်ဖြစ်သည်။

အဂတိလိုက်စားမှုဆိုသည်မှာ ကိုယ်ကျင့်တရားပျက်ယွင်းခြင်းဖြစ်ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးသည် ကိုယ်ကျင့်တရားပျက်ယွင်းခြင်းကို ကုစားခြင်းဖြစ်ရာ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးအခြေခံသည့် ပြည်သူ့နီတိသင်ခန်းစာများကို အခြေခံပညာကျောင်းများတွင် သင်ကြားနေခြင်း၊ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်များ ဆောင်ရွက်နေခြင်း၊ လူငယ်စကားဝိုင်းများ ကျင်းပနေခြင်းတို့သည် အနာဂတ်လူငယ်များကို ငယ်ရွယ်စဉ်ကပင် ကိုယ်ကျင့်တရားကောင်းမွန်ပြီး အဂတိတရားကင်းစင်သူများဖြစ်လာစေရေး လေ့ကျင့်ပျိုးထောင်ပေးနိုင်မည်ဖြစ်သဖြင့် ကောင်းမွန်သောအရွေ့တစ်ခုဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

**ကိုးကား**

- **အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ပြုစုထားသည့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး စာအုပ်များ**
- **Wikipedia**
- **https://www.accm.gov.mm**

# ညောင်ရွှေမြို့နယ် တောင်ခြေကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ညောင်ရွှေ ဇူလိုင် ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော် ဆောင်ရွက်မည့် တောင်ခြေကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာမမ္ဘာရုံတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က အမှာစကားပြောကြားပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မြတ်မြတ်မူက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အကြောင်းအရာများ၊ နှစ်အလိုက်ဦးစားပေးလုပ်ငန်းများ ရွေးချယ်နိုင်ရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဒေါ်မူစီက စီမံကိန်း လက်စွဲစာစောင်ပါ ကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့်အချက်များ၊ ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ၁၁ ဦးကို အများသဘောတူဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရွေးချယ်ပေးခဲ့သည်။

တောင်ခြေကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းအား ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီး ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းကို **၃၁-၇-၂၀၂၃ ရက်နေ့** (အစား) **၁၂-၈-၂၀၂၃ ရက်နေ့**အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် ဗိုလ်လောင်းလျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

**စာပေမြင့်မှ လူမျိုးတင့်မည်**

# တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ ဇွန်လနှင့် ဇူလိုင်လဒုတိယပတ်အတွင်း ဆေးရွက်ကြီးတန်ချိန် ၆၄ ဒသမ ၀၇၃ တန် တင်ပို့ရောင်းချခဲ့



**နေပြည်တော် ဇူလိုင် ၂၅**

တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ထိုင်းနိုင်ငံသို့ ဇွန်လနှင့် ဇူလိုင်လ ဒုတိယပတ်အတွင်း ဆေးရွက်ကြီး ၆၄ ဒသမ ၀၇၃ တန် တင်ပို့ရောင်းချပေးမှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၁ သန်း ရရှိခဲ့ကြောင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ဆေးရွက်ကြီးကို မြန်မာနိုင်ငံ အလယ်ပိုင်းဒေသနှင့် အပူပိုင်းမိုးနည်းဒေသများဖြစ်သည့် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ ရောဝတီမြစ်နှင့် ချင်းတွင်းမြစ်ဘေးရှိ မြစ်ရေဝင်သော ကိုင်းကျွန်းမြေနုများတွင် ဒေသစီးပွားရေးလုပ်ငန်းအဖြစ် အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် တာချီနီးယားခေါ် ကုလားဆေးရွက်ကြီးနှင့်မြန်မာဆေးရွက်ကြီး အမျိုးအစားများ ရှိသည့်အနက် မြန်မာဆေးရွက်ကြီးကို အများဆုံးစိုက်ပျိုးကြခြင်းဖြစ်သည်။

အဆိုပါဆေးရွက်ကြီးများကို ပြည်တွင်းသုံးစွဲမှုအတွက် ဖြန့်ဖြူးရောင်းချပေးနေသကဲ့သို့ ပြည်ပသို့လည်း တင်ပို့ရောင်းချပေးမှုများရှိနေကြောင်း၊ ဆေးရွက်ကြီးများကို ယခင်က ပြည်ပတင်ပို့ရောင်းချမှုမရှိခဲ့သော်လည်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှစတင်ကာ မြန်မာနိုင်ငံအလယ်ပိုင်းအပူပိုင်းမိုးနည်းဒေသများမှထွက်ရှိသည့် ဆေးရွက်ကြီးများကို တာချီလိတ် နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ထိုင်းနိုင်ငံသို့ ပို့ကုန်အမည်သစ်အဖြစ် တင်ပို့ရောင်းချပေးခဲ့ရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆေးရွက်ကြီးတန်ချိန် ၁၃၉ ဒသမ၁၅၄ တန်ထိ တင်ပို့ရောင်းချပေးခဲ့ရသဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၇ သန်းထိရရှိခဲ့ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင်ပြီ၊ မေလများတွင် ဆေးရွက်ကြီးတင်ပို့ရောင်းချပေးမှုမရှိခဲ့ဘဲ ယခုနှစ် ဇွန်လမှ စတင်တင်ပို့ရောင်းချပေးခဲ့ရာ ဇွန်လတွင် ဆေးရွက်ကြီးတန်ချိန် ၃၂ ဒသမ ၈၇၃ တန် တင်ပို့ရောင်းချပေးခဲ့ရသဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၆ သန်းရရှိခဲ့ကြောင်း၊ ယခု ဇူလိုင်လတွင်လည်း ဇူလိုင်လ ဒုတိယပတ်အတွင်း ဆေးရွက်ကြီး ၃၁ ဒသမ ၂ တန် တင်ပို့ရောင်းချပေးခဲ့ပြီး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၅ သန်း စုစုပေါင်း ဆေးရွက်ကြီး ၆၄ ဒသမ ၀၇၃ တန် ရောင်းချပေးခဲ့ရာ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၁ သန်း ရရှိခဲ့ကြောင်း သိရသည်။

ရာသီဥတု၊ မြေအနေအထားနှင့် သွင်းအားစုသုံးစွဲပုံမတူညီသဖြင့် ဆေးရွက်ကြီးတစ်ဧကလျှင် ပိဿာ ၇၀၀ မှ ၉၀၀ ထွက်ရှိခဲ့ပြီး ယခုနှစ်တွင် ရာသီဥတုကောင်းမွန်မှုကြောင့် တစ်ဧကလျှင် ပိဿာ ၁၀၀၀ မှ ၁၅၀၀ ထိ ထွက်ရှိနေပြီး ပြည်တွင်းဈေးကွက်များတွင် ယခင်နှစ်တွင် တစ်ပိဿာလျှင် အရည်အသွေးပေါ်မူတည်ကာ ငွေကျပ် ၇၀၀ မှ ၂၀၀၀ ရှိခဲ့ပြီး ယခုနှစ်တွင် ငွေကျပ် ၉၀၀ မှ ၃၀၀၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။ SKL

**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်**

# အမ်းမြို့နယ် ဒိုင်းကြီးကျေးရွာ၌ စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**အမ်း ဇူလိုင် ၂၅**

ရခိုင်ပြည်နယ် အမ်းခရိုင် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အမ်းမြောက်ကျေးရွာအုပ်စု ဒိုင်းကြီးကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း(Smart Village)၊ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF)မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၂၄ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမ်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်စိုးက အမှာစကားပြောကြားပြီး အမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက စီမံကိန်းအကြောင်းအရာများ၊ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက Smart Village နှင့် RBF စီမံကိန်းကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆောင်ရန်၊ ရှောင်ရန်အချက်များကို ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် အမ်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်စိုး၊ မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းနှင့် ကျေးရွာသူ၊ ကျေးရွာသားများက Smart Village စီမံကိန်းကော်မတီဝင်ခုနစ်ဦးနှင့် RBF စီမံကိန်းကော်မတီဝင်ငါးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ဒိုင်းကြီးကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ပံ့ပိုးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း Smart Village နှင့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း RBF များ ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်သူများ၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် လိုအပ်သော အရင်းအနှီးရရှိစေရန်၊ သက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် ကျေးလက်ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာပြီး မိသားစုဝင်ငွေတိုး ပွားလာစေရန် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းထံမှ သိရသည်။ **ကိုသန်း**

ကုန်ဆုံးသွားသော စွမ်းအားများ

DAGON Malta Fresh

နဲ့ ဖြည့်စွမ်းထား ...






ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

သဘာဝအစစ်မို့ အရသာရေး စိတ်ချ ကြည်နူး ....

(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး



ရွှေဖီဦး




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ရွှေဖီဦး BLACK TEA (နှောင်တရား) ကို
Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။


## သက်ဆိုင်သူများကန့်ကွက်နိုင်ရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြေတိုင်းရပ်ကွက် (၅၉၀/၁)၊ မြေကွက်အမှတ်(၂/က)၊ မြေချိန်ဧရိယာ (၁. ၆၀၈)ဧက စုစုပေါင်းမြေချိန်ဧရိယာ ၅. ၅၃၃ ဧကရှိသည့် ဂရန်မြေပေါ်တွင်ဆောက်လုပ်ထားသည့် Garden City Apartment Complexအတွင်း ဒေါ်သီတာဝင်း (ဘ)ဦးလှိုဗို (၁၃/လရန(နိုင်)၁၈၉၇၈၁) ပိုင်ဆိုင်သော တိုက်(၃)၊အလွှာ(၄)၊ အခန်းအမှတ်(၆)၊ အကျယ်အဝန်း (၉၂၅)စတုရန်းပေရှိ တိုက်ခန်းအား ကျွန်တော် ဦးခင်မောင်ဝင်း (ဘ) ဦးခင်မောင် (၁၂/ရကန(နိုင်)၀၆၃၂၄၈) မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တချို့ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်မောင်ဝင်း (ဘ) ဦးခင်မောင်**
**(၁၂/ရကန(နိုင်)၀၆၃၂၄၈)**

## ဖခင်အမည်မှန်

မန္တလေး၊ အမရပူရမြို့နယ်၊ တလင်းကြီးကျေးရွာ၊ တလင်းကြီးအထက်တန်းကျောင်း(ခွဲ)၊ Grade-10 တွင် ပညာသင်ကြားနေသော မခိုင်သဇင်ဖူး နှင့် အမရပူရမြို့နယ်၊ မိချောင်းတက်ရွာ၊ မူလွန်မိကျောင်းတက်ကျောင်း Grade-5 တွင် ပညာသင်ကြားနေသော မနေခြည်ရှိန်း တို့၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးမိုးဇော် ဖြစ်ပါကြောင်း။

**ဦးမိုးဇော် (၇/သဝတ(နိုင်)၁၁၅၉၀၂)**

**ရန်သူမီးဘေး**
**တားဆီးရေး**
**မနေးဆောင်ရွက်ကြ**

**မူးယစ်ကိုပစ်**
**ပန်းတိုင်သစ်**
**စိတ်သစ်**
**လူသစ်**
**ဘဝသစ်**

**ပလင်ါးတန်**
**ပွံ့ဖြိုးဖို့**
**စာအုပ်**
**စာပေ**
**ဖတ်ကြစို့**

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသီဒ္ဓိလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm။
Website Address - http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ တပ်မတော်၏အဓိကတာဝန်သည် နိုင်ငံတော်လုံခြုံရေးကာကွယ်ရေး၊ နိုင်ငံသူ၊ နိုင်ငံသားတို့၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်ရေးပင်ဖြစ်သည့်အတွက် မိမိတို့တာဝန်များကို မှန်မှန်ကန်ကန်ဖြင့် ကျေပွန်စွာထမ်းဆောင်နိုင်ရမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် မတ် ၆ ရက်တွင် ပြုလုပ်သော ကလောတပ်နယ်မှ အရာရှိ၊စစ်သည်၊မိသားစုများကို တပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်းအခမ်းအနား၊ ကျောက်စာရုံစေတီများ ထီးတော်တင်လှူခြင်းအခမ်းအနား၊ ရေစက်ချမဟာမင်္ဂလာအခမ်းအနားများသို့ တက်ရောက်ပူဇော်နိုင်ရေး အသိပေးနှိုးဆော်ခြင်း** စာမျက်နှာ - ၁၇

**ဆင်ဖြူတော်ရုပ်ပုံပါ နှစ်သောင်းကျပ်တန်ငွေစက္ကူအမျိုးအစားအသစ် ထုတ်ဝေခြင်းနှင့်စပ်လျဉ်း၍ အများပြည်သူသိရှိစေရန် သတင်းမီဒီယာရှင်းလင်းပွဲပြုလုပ်** စာမျက်နှာ - ၁၉

**စာရိတ္တ၊ ပြည်သူ့နီတိနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး**

ဆောင်းပါး စာမျက်နှာ - ၂၀

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုဆိုင်ရာအစီရင်ခံစာနှင့် တံခါးပွင့်ဆွေးနွေးပွဲတို့အပေါ် မြန်မာနိုင်ငံ၏တုံ့ပြန်ချက်

၂၀၂၂ ခုနှစ်အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုဆိုင်ရာ နှစ်စဉ်အစီရင်ခံစာတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၇ နိုင်ငံကို ထည့်သွင်းလျက်ထုတ်ပြန်ခဲ့သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ပဋိပက္ခနှင့်စပ်လျဉ်းသောလိင်အကြမ်းဖက်မှုဆိုင်ရာ နှစ်စဉ်တံခါးဖွင့်ဆွေးနွေးပွဲကို ၁၄-၇-၂၀၂၃ရက်တွင် ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

အစီရင်ခံစာ၏ နောက်ဆက်တွဲတွင် တပ်မတော်ကို ထပ်မံစာရင်းသွင်းခဲ့သည်ကို စိတ်ပျက်ဖွယ်တွေ့ရှိရပြီး ၎င်းလုပ်ရပ်သည် နိုင်ငံရေးသွတ်သွင်းမှုသက်သက်သာဖြစ်ကြောင်း မြန်မာနိုင်ငံက ရှုမြင်သည်။ ကုလသမဂ္ဂ၏ လွတ်လပ်သောကျွမ်းကျင်သူများသည် သက်ဆိုင်ရာအစိုးရက ပေးပို့သောအချက်အလက်များကို ထည့်သွင်းစဉ်းစားရန်နှင့် အချက်အလက်အားလုံးကို အပြန်အလှန်စစ်ဆေးရန်လိုအပ်သော်လည်း အစီရင်ခံစာတွင် အစိုးရဘက်က ပံ့ပိုးထားသည့်အချက်အလက်များကို တမင်ချန်လှပ်ထားရုံသာမက စွပ်စွဲချက်များကို သက်ဆိုင်ရာနိုင်ငံနှင့် စိစစ်ရန် ပျက်ကွက်ခဲ့သည်။ စာမျက်နှာ ၁၈ ကော်လံ ၁ ☆

## မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်၏ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကျင်းပ




**နေပြည်တော် ဇူလိုင် ၂၅**

မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်၏ နှစ်(၇၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (အေ)တွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် ဒုတိယဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ စာမျက်နှာ ၁၉ ကော်လံ ၁ ❖

SIN MINN

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP

အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ




ISO 9001 : 2015
CERTIFICATE NO.TH011875

ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com